www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၇၅၇/၂၀၀၃ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၇၁၅/၂၀၀၃ (၆)


ပုံနှိပ်ခြင်း
၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ
ပထမအကြိမ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ိ/-

ပုံနှိပ်သူ
ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊

ထုတ်ဝေသူ
ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
ယာယီမှတ်ပုံတင်အမှတ် ၇၂၂
အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊
ရန်ကုန်မြို့၊

တက္ကသိုလ်ယဉ်ယဉ်လဲ့

# ရွှေပြည့်အိမ်



စိုးမိုး - တာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

"အချစ်ဆိုတာ ဘာကလဲလို့ မေးခဲ့ရင် ရင်ခုန်ခြင်းလား သံယောဇဉ် ငြိတွယ်ခြင်းလားဆိုတာ သေချာခွဲခြား မပြောတတ်နိုင်အောင်ပါပဲ"

"ကျွန်ုပ်ဘဝမှာ အချစ်ကို လေးလေးနက်နက် မခွဲခြားတတ်၊ မခံယူတတ်ခဲ့လို့ ချစ်တယ်ထင်ပြီး ထားခဲ့တဲ့ ရည်းစားဦးနဲ့ ကွဲခဲ့တာ ဘာများဆန်းလို့လဲနော်"

(ရွှေပြည့်အိမ်)

www.burmeseclassic.com



၁။

"ဟင်း . . အောင်ချမ်းမွန်ပါလား"

လျှပ်တစ်ပြက် ကားပေါ်မှ မြင်လိုက်ရသော မြင်ကွင်းကြောင့် ရွှေပြည့်အိမ်၏ ကိုယ်ကလေး ဆတ်ခနဲထောင်သွားကာ ခေါင်းက နောက်သို့ လျင်မြန်စွာ လှည့်ကြည့်လိုက်၏။

"ဦးလေးကြီး . . . ခဏ၊ ခဏ ရပ်ပါဦး"

ကားမောင်းနေသော ဦးလှရွှေသည် ကားဘရိတ်ကို နင်းလိုက်၏။

"ကျွီ"ဟုမြည်ပြီး ကားက ချက်ချင်းရပ်သွားသည်။

"ဘာလဲ ကလေး"

"ဟို . . . နောက်ကို နည်းနည်းပြန်ဆုတ်ပါဦး၊



အောင်အောင့်ကိုတွေ့လို့ ခေါ်မလို့"

"ဟုတ်လား"

ဦးလှရွှေက ကားကို ဘက်ဂီယာသွင်းပြီး နောက်ပြန်ဆုတ်ပေးသည်။

"ဆုတ်ဦး . . . ဆုတ်ဦး"

"အောင်အောင်က ကားကို မတွေ့ဘူးလား၊ လှမ်းခေါ်လိုက်လေ"

"သူ မတွေ့ဘူးနဲ့တူတယ်၊ ဪ . . . ဟိုမှာ တွေ့သွားပြီ၊ သွားတော့လို့ လက်ပြနေတယ်၊ ခဏနော် ဦးလေးကြီး၊ သမီး သွားခေါ်ဦးမယ်"

ကားတံခါးဖွင့်ပြီး ကားပေါ်မှ ဖျတ်ခနဲ ဆင်းသွားသော ရွှေပြည့်အိမ်အား ဦးလှရွှေ လှည့်မကြည့်။သူ့ဘာသာသူပင် အေးအေးဆေးဆေး ကွမ်းထုပ်ကိုယူ၍ ဝါးနေသည်။

"အောင်အောင် . . . လာလေ၊ အိမ်ပြန်မယ် မဟုတ်လား"

အောင်ချမ်းမွန်၏ ဘေးမှာရပ်နေသော ကောင်မလေးအား တစ်ချက်စိုက်ကြည့်ပြီး ရွှေပြည့်အိမ်က ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ပြည့် . . . ပြန်နှင့်လေ၊ ငါ ဒီမှာ ထူးလင်းအောင်ရဲ့အိမ်ကို လိုက်သွားမလို့"

"ထူးလင်းအောင်ရဲ့အိမ်၊ ဘာလုပ်ဖို့လဲ"

"ထူးလင်းအောင် မနေ့က ခြေခေါက်ပြီး လဲကျလို့တဲ့၊ သူ့ညီမနဲ့ လိုက်သွားမလို့"

အောင်ချမ်းမွန်၏ ဘေးမှ ကောင်မလေးမှာ ထူးလင်းအောင်၏ညီမ ဆိုပါလား။

"နောက်မှသွားပါဟာ၊ ငါလည်း ငွေစင်ထွန်းဗိုက်အောင့်နေတယ်ဆိုလို့ သွားမေးမလို့၊ ငါနဲ့လိုက်ခဲ့ပါ၊ ထူးလင်းအောင်က နောက်မှမေးပါ၊ ငါလည်း လိုက်ခဲ့ပါ့မယ်နော်"

ထူးလင်းအောင်၏ညီမကို တောင်းပန်သလို ပြုံးကြည့်ပြီး ပြောလိုက်၏။

အောင်ချမ်းမွန်က အားတုံ့အားနာ အမူအယာဖြင့် ထူးလင်းအောင်၏ညီမ ဒေးကြည်စမ်းအား ကြည့်လိုက်သည်နှင့် . . .

"ရပါတယ်၊ ကိုအောင်လိုက်သွားလေ၊ ကိုထူး



က အရေးမကြီးပါဘူး၊ စမ်းပြောလိုက်မယ်လေ ကိုထူးကို"

"အခု၊ စမ်းတစ်ယောက်တည်း ပြန်ရမှာပေါ့"

"ရပါတယ်၊ စမ်းပြန်နေကျပါ၊ ရတယ်၊ လိုက်သွား၊ ဘာမှာဦးမလဲ ကိုထူးကို"

"မနက်ဖြန်မှ လာမယ်လို့ ပြောလိုက်နော်"

"ဟုတ် . . . ဟုတ်"

"ကဲ . . . လာ"

အောင်ချမ်းမွန်၏ လက်မောင်းအား ရွှေပြည့်အိမ် အတင်းဆွဲခေါ်၍ ထွက်လာခဲ့၏။

"စမ်းကို အားနာလိုက်တာ"

ကားပေါ်ရောက်မှ အောင်ချမ်းမွန် ပြောခြင်းဖြစ်သည်။

"အမလေး ဖြစ်ပျက်နေလိုက်တာနော်၊ ထူးလင်းအောင်ကို ကြည့်ချင်တာမှဟုတ်ရဲ့လား"

မဲ့မဲ့ရွဲ့ရွဲ့ အမူအယာနှင့် ရွှေပြည့်အိမ် ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ၊ ထူးလင်းအောင် ဒီနေ့ကျောင်း

www.burmeseclassic.com



မတက်နိုင်ဘူး''

''သူ့ညီမကရော ဘယ်တုန်းက သိတာလဲ၊ ကြာပြီလား''

''အင်းလေ၊ ငါတို့ တစ်ကျောင်းတည်းနေခဲ့ကြတာပဲဟာ''

''သူ့နာမည်က ဘာလဲ''

''အေးကြည်စမ်းတဲ့''

''ဒါနဲ့များ စမ်း . . . စမ်းနဲ့ နေတာပဲ၊ သူငယ်ချင်းရဲ့ညီမမို့ပဲ''

''ဟာ . . . ဘာစကားလဲ ပြည့်ရယ်''

''ဘာစကားလဲ၊ ဟုတ်လား။ သေလိုက်ပါလား။ ငါဘာပြောလဲဆိုတာ နင်သိသားပဲ''

''မသိဘူး''

''ဘာမသိဘူးလဲ၊ နင့်အကြောင်း နင်အသိဆုံးပေါ့ အောင်အောင်ရယ်၊ ထူးလင်းအောင်ကို သွားမေးချင်တာကနည်းနည်းရယ်၊ အဲဒီစမ်းနဲ့ လိုက်သွားမှလား။ ကိုယ့်ဘာသာသွားပေါ့''

''လမ်းကြုံတာကိုး၊ စမ်းနဲ့ငါ ဘာမှမဖြစ်ပါဘူး။



ထူးလင်းအောင်တို့မိသားစုနဲ့ ငါခင်နေတာပဲဟာ၊ စမ်းဟာ ငါ့ညီမလေးလိုပါပဲ''

''နင့်မှာ ညီမရှိလို့လား''

''မရှိလို့ပေါ့၊ ရှိရင် ငါ့ညီမလည်း စမ်းနဲ့ရွယ်တူပဲ''

''ဟွန်း . . . ပြောလိုက်ချင်ဘူး''

''မပြောနဲ့''

ကားမောင်းနေရင်းက ဦးလှရွှေ ပြုံးသည်။

သည်ကလေးနှစ်ယောက်ဟာ သည်လိုပါပဲ။

တွေ့လိုက်ရင် စကားများကြပြီ။

ပြီးတော့ တစ်ယောက်နှင့်တစ်ယောက် မခွဲဘဲလည်း မနေနိုင်။

အတန်ကြာ ငြိမ်နေကြပြီးမှ အောင်ချမ်းမွန်က မေးသည်။

''ငွေစင်ထွန်းက ဘာဖြစ်တာလဲ''

''ဘာမှမဖြစ်ဘူး''

''စောစောကပြောတော့ မိုက်အောင့်လို့ဆို''

''တမင်ပြောတာ၊ နင့် စမ်းဆိုတဲ့ ကောင်မ

www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ သိပ်တွဲသွားချင်နေတယ် မဟုတ်လား ဒါကြောင့်''

''ဟာ ... နင်တော်တော်ဆိုးပါလား ပြည့် ရယ်''

''အေး ... ဆိုးတယ်၊ ဆိုးတယ်၊ အဲဒါ နင့်အတွက်''

''ငါ့အတွက်၊ ငါက ဘာဖြစ်နေလို့လဲ''

''ခုမှ ဒုတိယနှစ်ရှိသေးတယ်၊ ရည်းစားထားချင်နေလို့''

''ဘယ်မှာထားချင်လို့လဲ''

''ထားချင်လို့ စမ်းနောက်လိုက်တာပေါ့၊ သူငယ်ချင်းအိမ်သွားတာပဲ ကိုယ့်ဘာသာကိုယ် နောက်မှသွားပေါ့၊ သူညီမနဲ့ လိုက်သွားတယ်ဆိုတော့ ထူးလင်းအောင်က ဘယ်လိုထင်မလဲ''

''ဘယ်လိုမှမထင်ဘူး၊ စမ်းနဲ့ငါက ရိုးရိုးခင်တာ''

''နင်လား ရိုးရိုးခင်မှာ''

''ငါက ငါ့ရည်မှန်းချက် မပြည့်သေးသရွေ့ ရည်းစားမထားဘူး၊ အနည်းဆုံး ဘွဲ့တစ်ခုရအောင် ငါကြိုးစားမယ်''

အောင်ချမ်းမွန်က ထက်ထက်သန်သန် ပြော



လိုက်၏။

''အေး ... နင့်စကားအတိုင်း ဖြစ်ပါစေ''

ကားက နတ်မောက်လမ်းသွယ်ထဲသို့ ချိုးကွေ့ဝင်လာ၏။

''ငွေစင်ထွန်း တကယ် ဘာမှမဖြစ်ဘူးနော်''

အောင်ချမ်းမွန်က မေးလိုက်သည်။

''ဘာမှမဖြစ်ပါဘူးဆိုမှ''

''အေး ... နင့်အကြောင်း တိုင်ရဦးမယ်၊ တာမှမဖြစ်ဘဲနဲ့ ဗိုက်အောင့်လို့ ဆေးရုံတင်ရမယ်ပြောတယ်လို့''

''ခစ် ... ခစ် ... ခစ် ... ခစ်''

ရွှေပြည့်အိမ် ရယ်သည်။

နတ်မောက်လမ်းသွယ်မှ လမ်းချိုးတစ်ခုသို့ ကားက ချိုးဝင်သည်။ ကိုယ်ပိုင်လမ်းကလေး အဆုံး တွင် ရွှေပြည့်အိမ်၏ခြံဝင်းသို့ ရောက်၏။

ထိုခြံဝင်းထဲမှာပင် ရွှေပြည့်အိမ် နေထိုင်ရာ အိမ်ကြီးဘေးတွင် တိုက်တန်းလျားလေးရှိသည်။

အောက်ထပ်တွင် ကားများထားပြီး အပေါ်ထပ်

www.burmeseclassic.com

www.burmeseclassic.com



တွင် အောင်ချမ်းမွန်တို့ မိသားစု နေထိုင်သည်။

အောင်ချမ်းမွန်၏ ဖခင်ဖြစ်သူ ဦးချမ်းမွန်မှာ ရွှေပြည့်အိမ်၏ ဖခင်ဖြစ်သူ ဦးကျော်ဝင်း၏ စာပုံနှိပ်စက်နှင့် စက္ကူ၊ စာရေးကိရိယာရောင်းဝယ်ရေးတွင် မန်နေဂျာလုပ်နေသူဖြစ်၏။

ဦးကျော်ဝင်းနှင့် ဦးချမ်းမွန်မှာ ငယ်သူငယ်ချင်းများဖြစ်ပြီး ဦးကျော်ဝင်းက ဝန်ထမ်းလုပ်နေသဖြင့် မိဘလက်ငုတ်လုပ်ငန်းဖြစ်သည့် စာပုံနှိပ်စက်လုပ်ငန်းကို ဦးချမ်းမွန်က ဦးစီးလုပ်ကိုင်ပေးခဲ့ခြင်းဖြစ်သည်။

ဦးကျော်ဝင်းက မကြာခဏ ခရီးထွက်ရသဖြင့် ဦးချမ်းမွန်တို့အား သူ၏ခြံဝင်းတွင်ပင် နေစေခဲ့ခြင်းဖြစ်သည်။

အောင်ချမ်းမွန်တို့မှာလည်း သားအမိသားအဖ သုံးယောက်သာရှိပြီး ရွှေပြည့်အိမ်တို့မှာလည်း ဖခင်ဖြစ်သူ ဦးကျော်ဝင်း၊ မိခင်ဖြစ်သူ ဒေါ်ကြည်ကြည်ဆွေနှင့် အစ်မဖြစ်သူ မြတ်သန္တာရယ်ဆိုလျှင် သားအမိသားအဖ လေးယောက်ပဲရှိတာ ဖြစ်သည်။

"ဪ ... သားပါတစ်ခါတည်း ပြန်လာတာ



ကို၊ အတော်ပဲ မေမေ ထမင်းမစားရသေးဘူး၊ သားနဲ့အတူတူစားရမယ်"

အောင်ချမ်းမွန်၏ မိခင်ဖြစ်သူက အဝတ်လှမ်းနေရင်းက ပြောလိုက်၏။

"အလကား၊ သူ့ဘာသာသူဆိုရင် စောစောပြန်ရောက်မှာ မဟုတ်ဘူး၊ သမီး ခေါ်လာခဲ့လို့ပါနော်၊ ဒီနေ့ မေမေထားတို့အိမ် ဘာချက်လဲဟင်"

ရွှေပြည့်အိမ် စပ်စုသည်။

"ခရမ်းချဉ်သီးငပိချက်လေ သမီးရယ်၊ သရက်ကင်းလေးနဲ့ တို့စားရအောင်၊ သမီးတို့အိမ်ကိုပါ ပို့ထားတယ်"

"ဟာ ... ဟုတ်လား၊ ကောင်းတယ်၊ ခုတောင် သမီး ထမင်းဆာလာပြီ၊ အောင်အောင်ရေ သရက်သီးစိမ်းတွေ ခူးပေးဦး"

"ခူးပြီးသား၊ မေထား သမီးအတွက် ပေးခဲ့ပြီ"

ဒေါ်ထားအေးက ပြောလိုက်၏။

"မေထားက သိပ်လိမ္မာတာပဲ၊ ဒါကြောင့် သမီးကချစ်တာ၊ မေထားချက်တဲ့ဟင်းဆို ငပိချက်ပဲ ဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ငပိရည်ဖျော်ပဲဖြစ်ဖြစ် သမီးအရမ်းကြိုက်တာ၊ အိမ်က ထက်စာရင် စားကောင်းတာချည်းပဲ''

ဒေါ်ထားအေး၏ ပါးနှစ်ဖက်ကို ဆွဲလိမ်ရင်း ရွှေပြည့်အိမ်က ပြောလိုက်သည်။

''ဟင်း ... စားချင်ရင်တော့ ညာပြီ''

အောင်ချမ်းမွန်က ပြောလိုက်ခြင်းဖြစ်သည်။

''အမယ် ... တကယ်ပြောတာပါနော်''

''ဒါဆို ... မေမေ့ဆီမှာ ဟင်းချက်သင်ထား ပါလား။ ကိုယ်တိုင်ချက်တတ်အောင်''

''ကိုယ်တိုင်ချက်တတ်တော့ ပင်ပန်းတာပေါ့ဟဲ့၊ သူများချက်ပြီးသားစားရတာ ကောင်းတယ်''

''ကြည့် ... ဘယ်လောက် အသက်သာနို လည်းဆိုတာ''

''သွားမယ်နော် မေထား၊ ဗိုက်ဆာနေပြီ''

''အေး ... သမီး၊ နောက်ဘာစားချင်လည်း ပြော၊ မေထားချက်ပေးဦးမယ်''

ရွှေပြည့်အိမ်က တခစ်ခစ်ရယ်ရင်း အိမ်ထဲသို့ ဝင်လာခဲ့၏။



ထုံးစံအတိုင်း အိမ်မှာ တိတ်ဆိတ်ငြိမ်သက်နေ သည်။

အိမ်ဖော်မလေး မိစံ ဖွင့်ပေးသောတံခါးမှနေ၍ အိမ်ထဲဝင်ခဲ့သည်။

''မေမေကြီးရှိတယ် မငယ်''

မိစံက တိုးတိုးပြောသည်။

''ဟုတ်လား။ မေမေ ဆိုင်မသွားဘူးလား''

''မနက်က ခဏပဲသွားတယ်၊ စောစောကပဲ ပြန်လာတာ၊ ထမင်းပြင်ထားတယ်၊ တစ်ခါတည်း ဝင်စား နော်''

''အေး ... အေး''

ရွှေပြည့်အိမ် အပေါ်သို့ ပြေးတက်သွား၏။

အပေါ်ထပ်ရှိ မိမိအခန်းကို သော့ဖြင့်ဖွင့်၍ ဝင် လိုက်၏။

အဝတ်အစား ကပျာကသီလဲလိုက်၏။

ပြီးတော့ အခန်းထဲမှပြန်ထွက်ကာ အောက် ထပ်ရှိ ထမင်းစားခန်းသို့ လာခဲ့၏။

''ဟင်း ... ဝုန်းဒိုင်းနဲ့ ခြေနင်းကလည်း ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ၊ မိန်းကလေး မဟုတ်တဲ့အတိုင်းပဲ''

ထမင်းစားခန်းထဲရောက်နေသော ဒေါ်ကြည်ကြည်ဆွေက ပြောလိုက်သည်။

''မေကြီး ပြန်ရောက်နေတယ်ဆိုလို့ပါ၊ ဘာလို့ စောစောပြန်လာတာလဲ မေမေ''

''နေသိပ်မကောင်းလို့ပါ၊ ဆိုင်မှာလည်း အရောင်းအဝယ်နည်းနည်းပါးတယ်''

ဒေါ်ကြည်ကြည်ဆွေက ရွှေဘုံသာလမ်းတွင် ရွှေဆိုင်ရှိသေးသည်။

ညီမဝမ်းကွဲတစ်ယောက်ကို အပေါ်လုပ်၍ ရွှေအရောင်းအဝယ် ပြုသည်။

''ဒီနေ့ ဧည့်သည်တွေလာမယ်တဲ့''

''ဧည့်သည်၊ ဘယ်ကဧည့်သည်လဲ''

''သမီးကြီးရဲ့ ဧည့်သည်တွေပါ''

''မမရဲ့ဧည့်သည်လာတာ ဘာလုပ်ရမှာလဲ''

''ဩော် ... သူတို့က နိုင်ငံခြားကတောင် လာကြတာ''

''ဟင် ... မမကြီးနဲ့ စေ့စပ်ပေးမယ့်လူလား''



''အင်းပေါ့''

မိစံက ဟင်းချိုကိုနွေးပြီး ထမင်းစားပွဲအလယ်မှာ ချပေး၏။

''အိမ်က ဘာဟင်းတွေချက်လဲ''

''ငါးဖယ်ငါးဆုပ်ဟင်းကို အချဉ်ချက်ထားတယ်၊ ဒါက ဟင်းချို၊ ဒါက ပဲပြားနဲ့ ပဲပင်ပေါက်ကြော်''

''မေထားတို့အိမ်က ပေးတာရော''

ရွှေပြည့်အိမ်က မေးလိုက်သည်။

''ဒီမှာလေ၊ ငပိချက်နှင့် သရက်ကင်းတို့စရာ အစုံပဲ၊ ဒါက ဟင်းကလာချဉ်၊ ဒါက ခရမ်းသီးပြုတ်တို့''

''သရက်ကင်းလေးနဲ့ ပဲငပိချက်ကို စားပါမယ်၊ ဖွန်းခက်ရင်းနဲ့ မစားတော့ဘူး၊ လက်ဆေးရေပဲပေး''

ဖွန်းခက်ရင်းကိုချပြီး လက်ဆေးရေ တောင်းလိုက်၏။

''ငပိချက်က ဘယ်လိုချက်ထားမှန်းမသိဘူး၊ အရမ်းကိုစားကောင်းတာပဲ၊ မေမေ စားကြည့်လေ''

''အင်း ... သွေးတက်မှာစိုးလို့ ငပိချက်ကို နည်းနည်းလေးမှ တို့မကြည့်ရဲဘူး''

www.burmeseclassic.com

www.burmeseclassic.com



"စားလို့အရမ်းကောင်းတာပဲ၊ မေထားဆီမှာ ထမင်းဟင်းချက်သင်ရမလား"

ဒေါ်ကြည်ကြည်ဆွေက သမီးဖြစ်သူအား ကြည့်၍ ပြုံးသည်။

"မိန်းမဆိုတာ ထမင်းဟင်းချက်တာရော၊ အိမ်တွင်းမှုကိစ္စတွေရော အကုန်တတ်ထားတာ ကောင်းတာပေါ့။ မလုပ်ချင်ရင်နေရော၊ လုပ်တတ်တော့ သူများအလိမ်လည်း မခံရဘူး။ ကိုယ်က အိမ်မှာ စီမံခန့်ခွဲနိုင်တာပေါ့ သမီးရဲ့ မေမေတို့ ငယ်ငယ်ကလည်း ချက်ခဲ့ရတာပဲ၊ သမီးတို့ခေတ်ကျမှ ကျောင်းကတစ်ဖက်၊ ကျူရှင်ကတစ်ဖက်၊ သည်ကြားထဲ ဘာသင်တန်း ညာသင်တန်းနဲ့ သင်တန်းတွေအမျိုးမျိုး တက်နေတာနဲ့ပဲ အချိန်ကုန်နေတာ၊ သမီးကြီးဆိုရင်ကြည့်၊ ယောက်ျားသာယူတော့မယ်၊ ဘာမှလည်း မချက်တတ်မပြုတ်တတ်ဘူး"

"ဟုတ်တယ်နော်၊ မမကြီးက လက်ထပ်ပြီး ဟိုကို လိုက်သွားရမှာပေါ့နော်"

"အင်းပေါ့၊ မေမေက မခွဲချင်ဘူး၊ သမီးနှစ်ယောက်တည်းရှိတာ၊ ဒါပေမယ့် သူတို့ကောင်းစား



ရေးအတွက်ပဲလေ၊ မောင်ဇော်မင်းဦးက ဟိုမှာ အခြေတကျဖြစ်နေပြီ"

ဒေါ်ကြည်ကြည်ဆွေတို့တွင် သမီးကြီး မြတ်သန္တာနှင့် သမီးငယ် ရွှေပြည့်အိမ်သာ ရှိ၏။

ယခု သမီးကြီးက အိမ်ထောင်ပြုတော့မည်ဆို၍ စိတ်မကောင်းသလို ဖြစ်နေ၏။

"မမကြီးကတော့ ပျော်နေမှာပဲနော်"

"အင်းပေါ့လေ၊ ကိုယ့်ချစ်တဲ့သူနဲ့ လက်ထပ်ရတော့မယ်ဆိုတော့ ပျော်မှာပေါ့၊ မေမေကလည်း ဝမ်းသာပါတယ်၊ သမီးကြီးနဲ့ခွဲရမှာ စိတ်မကောင်းဖြစ်တာ တစ်ခုပါပဲ"

"ဟင် ... မေမေကလည်း တစ်သက်လုံး ခွဲရတာမှ မဟုတ်ဘဲ"

"ဒါပေမယ့် နိုင်ငံခြားမှာဆိုတော့ ခဏခဏ တွေ့ဖို့ မလွယ်ဘူးလေ"

"ဟုတ်တယ်နော်"

ဒေါ်ကြည်ကြည်ဆွေ ပြောရင်းမှ ထမင်းပင် စားလို့ မဝင်တော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲပြည့်နေ၏။

"တော်ပြီလား မေမေ"

"အင်း . . . စားလို့မရတော့ဘူး ခေါင်းထဲလည်း အုံနေလို့ ကော်ဖီနဲ့ဆေးသောက်ပြီး တရေးလောက်အိပ်ဦးမယ်၊ မိစံ ကော်ဖီမစ်တစ်ခွက်လုပ်ပေး"

"ညှော်သည်တွေက ညနေပိုင်းလာမှာလား"

"ဟုတ်တယ်၊ မောင်ဖော်မင်းဦးက ခွင့်နဲ့ပြန်လာတာ၊ မနက်ဖြန် သန်ဘက်ခါလောက်တော့ အိမ်မှာ ထမင်းဖိတ်ကျွေးရဦးမယ်၊ မြန်မာထမင်းဟင်းနဲ့ ညှော်ခံဖို့ဆိုရင် မထားအေးကိုပဲ ကူချက်ခိုင်းရမှာ၊ သူလည်း ဟိုဟာ ခေါ်ခိုင်း၊ ဒီဟာခေါ်ခိုင်းနဲ့ အားနာတယ်"

"ရပါတယ်၊ မေထားက သဘောကောင်းပါတယ်၊ မေမေကြီး အလှူလုပ်တိုင်းလည်း မေထားပဲ လာချက်ပေးနေတာ"

"ခဏခဏ ခေါ်ခိုင်းရတော့ အားနာတာပေါ့ သမီးရယ်၊ မထားအေးလည်း အသက်ကြီးလာပြီဆိုတော့ ငယ်ငယ်ကလို ဘယ်လုပ်နိုင်ပါတော့မလဲ"

"ဒါပေမယ့် ဘယ်လိုချက်ပြုတ်ဖို့ဆိုပြီး စီမံပေး



လို့ရတာပေါ့၊ ဒီက မိစံတို့ မိဂျူးတို့ ဝိုင်းလုပ်ပေးလို့ ရတာပေါ့"

"အင်းပေါ့၊ ညကျမှ မထားအေးကိုခေါ်ပြီး ပြောဦးမယ်"

မိစံက ကော်ဖီမစ်တစ်ခွက် ဖျော်ယူလာ၍ ခေါ်ကြည်ကြည်ဆွေ ဆေးနှင့်သောက်ပြီး တရေးတမော အိပ်၍ အနားယူရန် အိပ်ခန်းထဲဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂

"ဟင် ...နင်ကလည်း ဆိုးလိုက်တာ၊ ငါလည်း ဘာမှမဖြစ်ဘဲနဲ့ မပြောကောင်းမဆိုကောင်း"

မနေ့ကအကြောင်း သူငယ်ချင်းတွေကို ပြန်ပြောပြ၍ ငွေစင်ထွန်းက သူ့ဗိုက်ကို သူနှိပ်ပြီး ရယ်၏။

"ဗိုက်အောင့်လို့ ဆေးရုံတက်ရမယ်တဲ့၊ ကြံဖန်ဟယ်၊ မကောင်းတာချည်းကို ငါ့နာမည်တတ်ပြောရတယ်လို့"

"မတတ်နိုင်ဘူးလေ၊ ငါလည်း ကြံရာမရလို့ ပြောလိုက်တာ၊ နို့မဟုတ်ရင် သူက စမ်းဆိုတဲ့နောက် ပါသွားမှာ"

"ထူးလင်းအောင်ရဲ့ ညီမပဲဟာ၊ ဟိုက နေမကောင်းလို့ လိုက်မေးတာကို နင်က ကြံဖန်ပြီး သဝန်



တိုနေတာ"

"အေးလေ၊ နင်နဲ့လည်း ဘာမှမဆိုင်ဘဲနဲ့ နင်က အောင်ချမ်းမွန်နဲ့ ပတ်သက်ရင် ဘာဖြစ်လို့ သဝန်တိုရတာလဲ၊ ပြောတော့ဖြင့် သူငယ်ချင်းပါဆိုပြီး"

အေးမိမိထွန်းကလည်း ပြောသည်။

"အောင်ချမ်းမွန်ကို နင့်စိတ်က မရိုးဘူး၊ သိရဲ့လား"

သီတာချို၏အပြောကို သူမခံချင်စွာဖြင့် ခေါင်းခါရမ်းသည်။

"သူငယ်ချင်းလိုပဲ ခင်တာပါ၊ ဒါပေမယ့် သူ့ကို ရည်းစားမထားစေချင်သေးလို့"

"အံမယ် နင်နဲ့ဘာဆိုင်လို့လဲ"

"အောင်ချမ်းမွန်နဲ့ ငါက မောင်နှမတွေလိုပါပဲ၊ သူ့ကို စောင့်ရှောက်ရမယ့်တာဝန် ငါ့မှာရှိတယ်လေ၊ သူ့အမေက မှာထားတယ်၊ အောင်ချမ်းမွန် ဘာလုပ်လုပ် သူ့ကိုတိုင်ရမယ်၊ အပေါင်းအသင်းမှားရင်ပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် အဲဒီလို မိန်းကလေးတွေနဲ့ရောယှက်သွားလာရင်ပဲဖြစ်ဖြစ်ပေါ့"

www.burmeseclassic.com

"ထူးလင်းအောင်ညှိမနဲ့က ဘာမှဖြစ်မှာ မဟုတ်သေးပါဘူးဟာ"

"မဖြစ်ခင် တားဆီးရတာပေါ့၊ မေထားက အောင်ချမ်းမွန်ကို ငါ့လက်ထဲအပ်ထားတာ"

"ဟွန် . . . ဟွန့်၊ သနားတယ်"

"ဘာရယ်"

"အောင်ချမ်းမွန်ကို သနားတယ်"

ခင်ကြည်ကြည်ကျော်က ပြောလိုက်သည်။

"ဒီနေ့ အိမ်ကိုစောစောပြန်မယ်၊ မနက်ဖြန်ညှို့သည်တွေ ထမင်းစားဖိတ်ထားလို့လေ၊ ညနေကျမေထားနဲ့အတူ ဈေးသွားမယ်၊ အောင်ချမ်းမွန် လိုက်ပို့မယ်"

"အကြိုက်တွေ့သွားပြီ မဟုတ်လား။ ရှင်က အောင်ချမ်းမွန်နဲ့ သွားချင်လို့ ကြံဖန်အကြောင်းကို ရှာတယ်"

"မဟုတ်ပါဘူး။ နင်တို့ကလည်းနော်၊ ငါ့ကို နင်တို့စိတ်လို မှတ်လို့လား။ ငါက အောင်ချမ်းမွန်အပေါ် တကယ့်ကို မောင်နှမလို သူငယ်ချင်းလို စိတ်ထားတာ"



"သေလိုက်၊ သေလိုက်၊ တောမှာသွားပြော၊ အားကြီးယုံမယ် သိလား"

"မယုံလည်းနေပေါ့၊ ငါတော့ ရှင်းမပြတတ်တော့ဘူး"

"အောင်ချမ်းမွန်ကတော့ နင့်ကို စိတ်ဝင်စားပါတယ်နော်"

အေးမိမိထွန်းက ပြောလိုက်၏။

"သူကလည်း ငါ့ကို သူငယ်ချင်းလိုပါပဲ"

"နင် တကယ် အောင်ချမ်းမွန်အပေါ်မှာ ဘာမှမဖြစ်ဘူးလား"

"မဖြစ်ပါဘူး။ ဘာလို့ဖြစ်ရမှာလဲ၊ ငါနဲ့အောင်ချမ်းမွန် ငယ်ငယ်ကလေးကလည်း အတူတူကစား၊ ကျောင်းသွားလည်း အတူတူ၊ ဆိုတော့ပင် ကောင်းတိုင်ပင် တစ်ယောက်ကိုတစ်ယောက် ကူညီစောင့်ရှောက်၊ အများအားဖြင့်တော့ သူက ငါ့ကိုကူညီတာ များတာပါပဲ၊ ငါက သူ့အပေါ်အနိုင်ကျင့်လည်း သူသည်းခံရတာပဲ၊ နှစ်ယောက်အတူနေလို့ နီးစပ်လို့ မရိုးသားကြဘူးလို့ နင်တို့ထင်နေတာ ငါလက်တွေ့ပြမယ်၊ ငါလေ . . . ငါ့ဘဝ၊ ငါ့ထက်အများ

www.burmeseclassic.com



ကြီး ချမ်းသာတဲ့၊ ငါ့ထက် ပညာအများကြီးတော်တဲ့၊ ငါ့ကို အရူးအမူး စွဲလန်းစွာချစ်နေပါတယ်ဆိုတဲ့ ယောက်ျား ကိုပဲ ယူပြမယ်''

"အမယ်''

"ဟုတ်တယ်၊ အဲဒါ မိန်းမတိုင်းရဲ့ ရင်ထဲမှာ ရှိနေရမယ့် ရည်မှန်းချက်ပဲ၊ အောင်ချမ်းမွန်က တို့ အဖေရဲ့ အလုပ်သမားတစ်ယောက်ရဲ့ သားလေ၊ အဲလိုပြောရတာ စိတ်မကောင်းဘူး။ သူ့ကို နှိမ်သလို ဖြစ်နေပြီ၊ နင်တို့ ရင်ထဲရှင်းသွားအောင်ပြောတာ''

ရွှေပြည့်အိမ် ပြောရင်းမှ အောင်ချမ်းမွန်၏ တည်ကြည်သောမျက်နှာထားကို မြင်ယောင်ရင်း စိတ် မကောင်းဖြစ်သွား၏။

အောင့်အပေါ်မှာ အထင်သေးလိုစိတ်၊ ခွဲခြား ဆက်ဆံလိုစိတ် တကယ်မရှိခဲ့တာကို အောင် သိမှာပါ နော်။

"အောင်ချမ်းမွန်ကို ကျွန်မတော့ စိတ်ဝင်စား တယ်၊ သူ့ဒီဇိုင်းက ရိုးရှင်းပြီး ယောက်ျားပီသတယ်၊ အောင်ချမ်းမွန်လို ရုပ်ချောပြီး သဘောကောင်းတဲ့လူမျိုးကို



ရည်းစားတော်လိုက်ရရင်ပဲ စိတ်ချမ်းသာဖို့ ကောင်းနေ ပါပြီ''

ခင်ကြည်ကြည်ကျော်က ပြောလိုက်၏။

"မိကျော်နော်၊ ရှင် တကယ်ပြောတာလား၊ ဒါဆို ကျုပ် အောင်သွယ်ပေးမယ်''

"အောင်သွယ်ပေးလေ၊ ကျေးဇူးတင်လိုက်မယ်၊ ဆင်းရဲတာ ချမ်းသာတာအကြောင်းမဟုတ်ဘူး၊ ရိုးသား တဲ့ဂုဏ်က အဓိကကျတယ်''

ခင်ကြည်ကြည်ကျော် ရွဲ့ပြောလိုက်တာကို သိလျက်သားနဲ့တောင် ရွှေပြည့်အိမ် ဂရုမြွေမဆည်နိုင် ဘဲ မျက်စိမျက်နှာပျက်နေလေသည်။

"ဟဲ့ . . . ဟိုမှာ မောင်မင်းကြီးသား အသက် ရှည်ဦးမယ်၊ ရောက်လာပြီ''

အေးမိမိထွန်း လက်ညှိုးညွှန်ပြ၍ ပြောတာကို နောက်နေသည်ဟု ထင်လျက်ကပင် နောက်သို့ လှမ်း ကြည့်ဖြစ်အောင် လှည့်ကြည့်လိုက်သည်။

တကယ်ပင် အောင်ချမ်းမွန် ရောက်နေလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



"အောင်အောင်၊ နင်တို့ ကလပ်(စ်)ပြီးပြီလား"

"ပြီးပြီ၊ နင်ရော"

"တစ်ချိန်ကျန်သေးတယ်၊ ဒါပေမယ့် မတက်ချင်တော့ဘူး။ ပြန်မယ်လေ၊ ကားရောက်ပြီလား"

"ရောက်ပြီ၊ ဒါဆိုသွားမယ်"

အောင်ချမ်းမွန်က ခင်ကြည်ကြည်ကျော်တို့အား ပြုံး၍ နှုတ်ဆက်ပြီးမှ ချာခနဲလှည့်ထွက်သွား၏။

"အမယ် … ဒွေးအိုက်တင်နဲ့၊ ဟွန့် သူများကို နှုတ်တောင်ဆက်မသွားဘူး"

ခင်ကြည်ကြည်ကျော်က မကျေမနပ်သလို အမူအယာလုပ်ရင်း စူစူနဲ့နဲ့လေး ပြောလိုက်သည်။

"ငါပြောလိုက်မယ်နော်၊ မိကျော်က ရှင့်ကို ဒွေးနဲ့ တူတယ်လို့ ပြောတယ်လို့"

"အေး … ပြောလိုက်၊ ပြောလိုက်"

ရွှေပြည့်အိမ်က စလင်းဘက်ကလေးလွယ်၊ စာအုပ်ကလေးပိုက်ပြီး အပြေးကလေးလိုက်သွား၏။

ကားက နေရိပ်မှာရပ်ထားပြီး ဦးလှရွှေက အပြင်ကနေရိပ်မှာ ထိုင်ရင်း ဆေးလိပ်သောက်နေ၏။



"ဈေးက အခုတစ်ခါတည်းသွားမှာလား"

ဦးလှရွှေက မေးလိုက်သည်။

"ဟင့်အင်း မသွားပါဘူး။ ညနေကျမှ သွားမှာ၊ ဒါပေမယ့် ခုလောလောဆယ်တော့ ဒူးရင်းယိုနဲ့ ဟာလဝါ သွားဝယ်ထားနှင့်မယ်၊ သိမ်ကြီးဈေးသွားပါလား"

ဒူးရင်းယိုနှင့် ဟာလဝါ၊ လက်ဖက်အကြော်စုံကို သိမ်ကြီးဈေးမှာ ဝင်ဝယ်ခဲ့ကြ၏။

"ထူးလင်းအောင်အတွက် ကော်ဖီမစ်နဲ့ ကိတ်မုန့်ဝယ်ပြီး ခဏသွားမေးကြရအောင်"

"ဩော် … အေး၊ မေးလေ၊ ဘာကိတ်မုန့် ဝယ်မလဲ"

"ရွှေပုစွန်ကိတ်ပဲ ဝယ်မယ်"

"ဒါဆိုပြီးရော၊ ငါလည်း အိမ်အတွက်ဝယ် သွားဦးမယ်"

သူပါလိုက်ရမည်ဆို၍ ရွှေပြည့်အိမ် မနေ့ကလို ဂျစ်ကန်ကန်လုပ်မနေ။

"ထူးလင်းအောင်က ဘာဖြစ်တာလဲ"

"ခြေခေါက်ပြီး လဲသွားတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒဏ်ကြေဆေးလိမ်းပေါ့၊ ဘိုင်အိုစစ် ကောင်းတယ်"

ရွှေပြည့်အိမ်ကိုယ်တိုင် ဆေးဝယ်နေလိုက်သေး၏။

ထူးလင်းအောင်က အောင်ချမ်းမွန်နှင့် အလယ်တန်း ကျောင်းသားဘဝကတည်းက ခင်လာခဲ့သော သူငယ်ချင်းဖြစ်သည်။

ရိုးသားအေးဆေးတာချင်းလည်း တူတူ၊ စာပေဝါသနာပါတာချင်းလည်းတူနှင့် ကွန်ပျူတာတက္ကသိုလ် ရောက်သည်အထိ တွဲဘက်ညီစွာ ခင်မင်လာသော သူငယ်ချင်းဖြစ်သည်။

အောင်ချမ်းမွန်တို့ ရောက်သွားတော့ ထူးလင်းအောင်က အိမ်ရှေ့ဧည့်ခန်းတွင် ဒရင်းဘက်ပေါ်ထိုင်၍ ဘောလုံးပွဲအခွေ ကြည့်နေသည်။

"ဘယ်နှယ်လဲ သက်သာရဲ့လား"

"အေး ... လမ်းမလျှောက်နိုင်ပေမယ့် ကိုက်တော့မကိုက်ဘူး။ မနေ့ကဆို တစ်နေ့လုံးနာပြီး ကိုက်နေတာ၊ ရွှေပြည့်အိမ်လည်း ပါတယ်ဟုတ်လား။ အားနာစရာကြီးကွာ"



"ဘာကိုအားနာတာလဲဟဲ့၊ ခြေထောက်က ဘာဆေးလိမ်းလဲ၊ ဒီမှာ ငါဆေးဝယ်လာတယ်၊ အဲဒါလိမ်းကြည့် အရမ်းကောင်းတယ်၊ ခြေထောက်နာလို့ ဘယ်မှမသွားနိုင်တော့ အနားရတာပေါ့နော်"

အေးကြည်စန်းက ဧည့်ခန်းသို့ ရောက်လာပြီး သူတို့နှစ်ယောက်အား ပြုံး၍နှုတ်ဆက်သည်။

"စန်း ... ဒီနေ့ကျောင်းမတက်ဘူးလား။ အစောကြီး အိမ်ပြန်ရောက်နေလား"

အောင်ချမ်းမွန်က မေးသည်။

"စန်းလည်း နေမကောင်းချင်သလိုဖြစ်လို့"

"အေး ... ဒီမှာစန်း၊ ကော်ဖီမစ်၊ နင်က စူပါမှကြိုက်တယ်မဟုတ်လား"

"ဟင်... လူမမာက ထူးလင်းအောင်လေ၊ ထူးလင်းအောင်အကြိုက် နင်ကဝယ်တာမဟုတ်ဘူးလား"

ရွှေပြည့်အိမ်က မျက်မှောင်လေးကြုံ့၍ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးလင်းအောင်က ရယ်သည်။

"ဟား . . . ဟား အဲဒါ ဒီကောင်က စန်း အကြောင်းသိနေလို့လေ၊ ငါ့အတွက်ဆိုလည်း စန်းက နေမှာမဟုတ်ဘူး။ သူ့ပါသောဇာ်မှာကို။ မင်းကလည်း ငါ့အတွက် ဘာမှဝယ်မလာပါနဲ့၊ ရပါတယ်ကွာ"

"တစ်ခါတလေပဲကွာ၊ မင်းကော်ဖီကြိုက်တာ သိတယ်လေ၊ ရွှေပုဇွန်ကိတ်မုန့်ရယ် သိလား"

အေးကြည်စန်း ကိုယ်တိုင်ပင် ကော်ဖီဖျော်လိုက်သည်။

ခဏစကားပြောပြီး အိမ်သို့ ပြန့်လာခဲ့ကြ၏။

"ထူးလင်းအောင်တို့အိမ်က နေချင်စရာလေး နော်၊ ပန်းပင်တွေ အများကြီး၊ ခြံသေးသေးလေးကို စိုက်လည်း စိုက်တတ်တယ်"

"အဲဒါ စန်းရဲ့လက်ရာတွေလေ၊ စန်းက လက် ဆိပ်ရှိတယ်၊ မိန်းမလည်း ပီသတယ်၊ ကြမ်းတွေဆို စန်း ကိုယ်တိုင်တိုက်လိုက်တာ"

"ဟင် . . . မှားပါတယ်၊ ပြောမိတာ၊ နင် စန်း ကို သိပ်အထင်ကြီးနေတယ်ပေါ့လေ၊ ကြီဖန်ပြီး ချီးမွမ်း



နေလိုက်တာ"

"ကြီဖန်ပြီး ချီးမွမ်းတာ မဟုတ်ဘူး၊ တကယ် တော်လို့တော်တဲ့အကြောင်း ပြောတာ၊ စန်းကိုယ်တိုင် ကော်ဖီဖျော်တိုက်တာ တွေ့တယ်မဟုတ်လား"

"ကော်ဖီမစ်(စ်)ကို ရေနွေးနဲ့ရောလိုက်တာကို များ ရေးကြီးခွင်ကျယ်လုပ်လို့ဟယ်"

"အင်း . . . အဲဒါခက်တာပဲ၊ ကော်ဖီမစ်ကို ရေနွေးနဲ့ရောတာတောင် အတိုင်းအဆလိုသေးတယ်၊ စန်း ဖျော်တာက ပိုသောက်လို့ကောင်းတယ်"

"ငအောင်နော်၊ နင့်ကိုငါ အမြင်ကတ်သသထက် ကတ်လာပြီ၊ နားမူ။ ကော်ဖီမစ်ဟာ ကော်ဖီမစ်ပဲ၊ စန်း ဖျော်တာမှ ပိုသောက်လို့ကောင်းရတယ်လို့ စန်းက ရေနွေး ချည်းဖျော်ပေးလည်း နင် ကောင်းတယ်လို့ပြောမှာ၊ ဟွန်း . . . ဒါကြောင့် သူ ထူးလင်းအောင်ဆီ ခဏခဏသွားနေ တာ"

"ဟဲ . . ဟဲ . . . ဟဲ"

အောင်ချမ်းမွန် ရယ်တာကိုပင် သဘောမကျ မကျေနပ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ရယ်နေလိုက်တာ၊ ငါပြောတာ မှန်သွားလို့ မဟုတ်လား။ စန်းကို နင် စိတ်ဝင်စားနေပြီပေါ့"

"မဟုတ်ပါဘူးဟာ၊ စန်းတော်တာ လိမ္မာတာကိုတော့ အသိအမှတ်ပြုတာပါ"

"ကဲ ... အိမ်ရောက်ရင် ထမင်းမြန်မြန်စားနော်၊ ပြီးရင် ဈေးကို ပြန်ထွက်မယ်သိလား"

"အေးပါ၊ အစောကြီးရှိပါသေးတယ်ဟာ၊ တစ်ရေးလောက် အိပ်လိုက်ဦးမယ်"

"ဩဝိလည်း အိပ်ပုတ်ကြီးမနေနဲ့၊ နင်ဟာ အိပ်သလောက်၊ စားသလောက် အသားမဖြစ်ဘူး၊ လူကလည်း ပိန်ညှောင်နေတာပဲ"

"အမယ် ... နင်ကပဲပြောရတယ်ရှိသေး၊ နင်ကရော ဘယ်လောက်များဝလို့လဲ"

အချင်းချင်းကြည့်ပြီး ရယ်မိကြ၏။

ဟုတ်တယ်လေ။

အောင်ချမ်းမွန်က ဘယ်တော့မှ မဝလာခဲ့။

မနက် ထမင်းကြော်၊ နေ့လယ် ထမင်းနှစ်ပန်းကန်၊ ညကို နှစ်ပန်းကန် အနည်းဆုံးစားသော သူ



ကိုယ်လုံးသည် မိုးထိုးနေသည့်အရပ်နှင့် မလိုက်ဖက်အောင် ပိန်နေလေသည်။

ရွှေပြည့်အိမ်ကိုလည်း ကြည့်ဦး။

တစ်နေ့ ကော်ဖီလေးခွက်လောက် သောက်ပြီး တစ်နေကုန် အစားနှင့်ပါးစပ် ပြတ်သည်ဟူ၍ မရှိပါ။

ရွှေပြည့်အိမ်၏ ကိုယ်လုံးလေးက လုံးကျစ်ကျစ်နှင့် ပါးပါးလျလျလေး။

အဲဒီလို ပိန်နေတာလေးကိုပဲ ရွှေပြည့်အိမ်က ကြိုက်ပါသည်။

အိမ်ကိုရောက်၍ ထမင်းစားပြီး ခဏတဖြုတ် နားပြီးသည်နှင့် ဦးလှရွှေအား ထားခဲ့ကာ ရွှေပြည့်အိမ်သည် မိစံနှင့် မိကျီးကိုခေါ်ကာ အောင်ချမ်းမွန်အား ဈေးသို့ လိုက်ပို့နိုင်းစေခဲ့သည်။

www.burmeseclassic.com

"ငါးသလောက်ပေါင်းက အရိုးကိုနူးအိနေတာပဲ၊ ဒါဆိုပြီးရောလား"

ရွှေပြည့်အိမ်က မေးလိုက်သည်။

"ရှုပြီလေ၊ အပေါ်အငန်ပြည့်ပြီး ဟင်းအိုးချလိုက်တော့မယ်"

ဒေါ်ထားအေးက ပြောသည်။

မနေ့ညနေကလည်း ဈေးဝယ်ထားပြီး လုပ်စရာရှိတာ လုပ်ထားတာမို့ ဒီနေ့မနက် အလုပ်က စောစောပြီးသွားသည်။

လူ (၁၀) ယောက်စာလောက် ထမင်းဖိတ်ကျွေးရတာပေမယ့် အလုပ်တော့ရှုပ်သား။

နိုင်ငံခြားမှာ သွားနေသည့် မြန်မာမိသားစုကို ထမင်းဖိတ်ကျွေးရတာမို့ ဒေါ်ကြည်ကြည်ဆွေက တတ်နိုင်



သလောက် မြန်မာဆန်စေချင်သည်။

ထို့ကြောင့် အစက ဟိုတယ်မှာကျွေးမည် စိတ်ကူးပြီးမှ အိမ်မှာပင် မြန်မာထမင်းဟင်းကို ကျွေးဖို့ စီစဉ်ခြင်းဖြစ်သည်။

ငါးသလောက်ကို မနေ့ညကတည်းက ဒေါ်ထားအေး ထပေါင်းထားသည်။ ဝက်သားနှင့် ပုန်းရည်ကြီးချက်ထားသည်။ ကြက်သားကို မဆလာနိုင်နိုင်အုပ်၍ ဆီပြန်ချက်ထား၏။ ပဲဟင်းနှင့် ကြာဆန်ဟင်းချို၊ မရမ်းသီးသုပ်၊ ငါးခူငပိကော်င်နှင့် ငရုပ်သီးကြော် စသည်တို့စီစဉ်ချက်ပြုတ်ထား၏။

"ထမင်းဟင်းချက်ရတာ ပင်ပန်းမယ်လို့ ထင်ထားတာ၊ ပျော်စရာတော့ကောင်းသား"

ရွှေပြည့်အိမ်က ပြောလိုက်သည်။

"ဒါပေမယ့် နေ့တိုင်းနေ့တိုင်းကြီး ချက်ရမယ်ဆိုရင် ပြည့်ချက်ချင်တော့မှာ မဟုတ်ပါဘူး"

မိစံက ပြောသည်။

"အေးလေ၊ ဟုတ်တယ်နော်၊ တခြားအလုပ်တွေက ရှိသေးတာကိုး၊ တကယ်လို့သာ ဘာမှအလုပ်မှ

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးဆိုရင်လည်းကောင်းသား''

''နေ့တိုင်း ထမင်းစားရင် နေ့တိုင်းချက်ရမှာပေါ့ ပြည့်ရဲ့၊ သူများထမင်းဖိတ်ကျွေးသလို အများကြီး ချက်ရတာမှ မဟုတ်တာ၊ ကိုယ့်မိသားစုအတွက် ချက်ရတာကတော့ တစ်မျိုးနှစ်မျိုးဆို ပြီးတာပဲ''

ဒေါ်ထားအေးက ပြောရင်းမှ မရမ်းသီးသုပ်ရန်အတွက် မရမ်းသီးများကို ပါးပါးလှီးနေသည်။

''ဟုတ်တယ်၊ မိစံအတွက်ဆိုရင် မရမ်းသီးသုပ်တစ်ခွက်နဲ့လည်း ထမင်းစားလို့ရတာပဲ''

မိစံက ပြောသည်။

''မရမ်းသီးသုပ်ပေမယ့် လက်ဝင်သား၊ ကြက်သွန်အနီအဖြူလည်း ဆီသတ်ရတယ်၊ ပုစွန်ခြောက်လည်း ထောင်းရတယ်၊ ငပိလည်း မီးကင်ရတယ်၊ ဂေါ်ဖီလည်း ပါးပါးလှီးရတယ်''

''ကြက်သွန်နဲ့သုပ်လည်း ရတယ်၊ ဂေါ်ဖီပါထည့်တော့ ပိုကောင်းတာပေါ့''

''ကဲ... အားလုံးပြီးသလောက်ပဲ၊ ပြည့် ဘာလုပ်စရာရှိလဲ၊ ရေချိုးချင်ချိုးတော့၊ ဧည့်သည်တွေလာ



တော့ လှလှပပလေး ဖြစ်နေအောင်လေ''

ဒေါ်ထားအေးက ပြောသည်။

''ဒါဆို သမီး ရေချိုးတော့မယ်၊ ဧည့်သည်လာရင် ပြည့်က လှဖို့မလိုပါဘူး၊ မမသာ လှဖို့လိုတာ၊ ခုပဲ ကြည့်လေ မမက မီးဖိုထဲဝင်လို့တောင် ဝင်မလာဘူး''

''ဟော့ ... ဟော့၊ နေ့ပြောနောက်ကြည့်တဲ့၊ အတင်းပြောမနေနဲ့ ဧည့်ခန်းကိုရှင်းပြီး လှပအောင် ပြင်နေရတာသိလား''

မြတ်သန္တာ အနားသို့ရောက်လာ၍ ပြော၏။

''ဟုတ်သားပဲ၊ သူ့ခမျာ ကြမ်းတွေလည်း တိုက်နေတာမြင်သား''

''ဒါတော့ သူ့ကိစ္စပဲ၊ သူ့ကိုယ်တိုင် လုပ်မှာပေါ့၊ သမီးတို့သာ ကြားကပင်ပန်းနေတာ''

''ပြည့်နော်၊ နင့်အလှည့်ကျမှ သိမယ်၊ မေထား ကျေးဇူးတင်ပါတယ်နော်၊ ပြီးကုန်ပြီလား''

ဒေါ်ထားအေးက ပြုံး၍ ခေါင်းညိတ်ပြသည်။

''သမီး ဘာလုပ်ပေးရဦးမလဲ''

www.burmeseclassic.com

www.burmeseclassic.com



"အားလုံးပြီးကုန်ပါပြီကွယ်၊ သမီးညွှန့်သည်တွေ ညွှန့်ခံဖို့သာလုပ်ပါ၊ မီးဖိုချောင်ထဲက ကိစ္စအားလုံး စိတ်ချ ထား"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် မေထား၊ မေထားလက်ရာကို ညွှန့်သည်တွေ ဆွေမျိုးမေ့လောက် တယ်"

"အင်း. . . မေထားကိုချည်း အားမကိုးနဲ့၊ ကိုယ် တိုင်လည်း ချက်ပြုတ်တတ်အောင် ကြိုးစားလေ၊ ယောကျ်ားယူပြီးရင် အချက်အပြုတ်တတ်မှ ယောကျ်ား က ပိုချစ်မှာပေါ့"

အနားသို့ ရောက်လာသော ဒေါ်ကြည်ကြည် ဆွေက ပြောသည်။

"ကဲ. . . မထားအေး ကလေးတွေနဲ့ ထားခဲ့ပြီး ရေချိုးချေလေ၊ ဩော် . . . သမီးရေ မထားအေးကို ဘာမှမကျွေးဘူးလား။ ကော်ဖီနဲ့မုန့်ကျွေးဦး။ မေမေ့ကို ရော ဖျော်ပေး။ ရွှေပုစွန်ကိတ်လေး လှီးလိုက်"

"ဟင်. . . နေပါစေ၊ ကော်ဖီမသောက်တော့ဘူး၊ စောစောကလေးတင် လက်ဖက်ရည်နဲ့ ဘယာကြော် စား



ထားတယ်၊ လက်ဖက်ရည်ရှိသေးတယ်၊ သောက်ဦးမလား ကြည်ကြည်၊ ကလေးတွေ သောက်ချင်တယ်ဆိုလို့ လက်ဖက်ခြောက်ကို နှပ်ပေးထားတာ"

"ဟုတ်လား၊ ဒါဆိုသောက်ဦးမယ်၊ မထား အေးကိုယ်တိုင်နှပ်တဲ့ လက်ဖက်ရည်ဆိုရင် ကောင်းမှာ"

"ရှိသေးတယ်၊ ထပ်နွေးထားလို့ ပူပူလေးရှိ သေးတယ်"

"ဒါဆို မမကိုလည်း တစ်ခွက်ပေး။ ရသေး လား"

မြတ်သန္တာက ပြောလိုက်သည်။

"ဘယာကြော်တော့ မရှိတော့ဘူး မေကြီး။ ကိတ်မုန့်ပဲ လှီးစားနော်"

ရွှေပြည့်ငိုက ရွှေပုစွန်ကိတ်မုန့်ကို လှီးပေးရင်း ပြောသည်။

"တော်ပြီ၊ မုန့်တော့ မစားသေးဘူး။ ကိတ်မုန့်တို့ ပေါင်မုန့်တို့ စားရတာရိုးပြီ၊ မြန်မာမုန့်ကောင်းကောင်း လေးပဲ စားချင်တာ၊ ကျွန်မတို့ ငယ်ငယ်က စားခဲ့သလို မုန့်စိမ်းပေါင်းတို့ အာပုံတို့ မရှိတော့ဘူး နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟီ . . . ဟီ . . ဟီး၊ အာပုံပေါ့"

မိစံ ရယ်နေ၏။

"အခု ဗိုလ်ချုပ်ဈေးမှာ မုန့်စိမ်းပေါင်းတို့ ထန်းသီးမုန့်တို့ ရောင်းနေသားပဲ ကြည်ကြည်ရဲ့"

"ဒါပေမယ့် အရင်လို အရသာမရှိသလိုပဲ၊ ကျွန်မက မုန့်စိမ်းပေါင်းဆိုလည်း ခုလို သီးစုံတွေဘာတွေထည့်တာ မကြိုက်ဘူး။ ရိုးရိုးလေးပဲ ကြိုက်တာ"

"ဟုတ်တယ်နော်၊ အခုရောင်းနေတဲ့ ရေမုန့်တို့ မုန့်ဆီကြော်တို့ဆိုတာလည်း အရင် ကျွန်မတို့စားရသလို အရသာမျိုး ဘယ်မီပါ့မလဲ"

"ညှော်သည်တွေ မပြန်ခင် ဆီထမင်းနဲ့ကြက်သားကြော်လေး လုပ်ကျွေးဦးမယ်၊ မထားအေးကိုပဲ နိုင်းရမှာ"

"ဟုတ်ကဲ့၊ လုပ်ပေးပါ့မယ်"

"မေမေနော် . . . သူတို့မလုပ်ဘဲနဲ့ မေထားကို ချည်း ညာညာခိုင်းနေတာ"

"ရပါတယ်ကွယ်၊ ဂါ သမီးတို့ရဲ့ချိုး အလှပြင်ကြလေ"



"မထားလည်း နားချေဦးလေ၊ ညှော်သည်တွေက ဆယ်နာရီလောက်မှ လာကြမှာ၊ ဆယ့်တစ်နာရီ ဆိုထမင်းကျွေးရင် အတော်ပဲ၊ ထမင်းကျွေးကာနီးမှ မထားအေးလာခဲ့လေ"

"ဟုတ်ကဲ့၊ အားလုံးလည်း ပြီးသလောက်ဖြစ်နေပါပြီရှင်"

ဒေါ်ထားအေးက ရိုကျိုးစွာပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

၃။

တိုယိုတာမတ်တူးတစ်စီး၊ ပါဂျဲရိုးတစ်စီး၊ ပရာဒိုကားတစ်စီး၊ ပေါင်း ကားသုံးစီးဖြင့် ဧည့်သည်တွေရောက်လာ၏။

ဒေါ်ကြည်ကြည်ဆွေက သမီးနှစ်ယောက်နှင့် အပြိုင် အချောဆုံး အလှဆုံးဖြစ်အောင် ပြင်ဆင်ပြီး ဧည့်သည်တွေကို ဆီးကြိုဧည့်ခံလေသည်။

ဒေါ်ကြည်ကြည်ဆွေက ခမည်းခမက်တော်ရမည့်သူများအား အထင်ကြီးစေလိုသဖြင့် တစ်ကိုယ်လုံးစိန်တွေ လက်လက်ထအောင် ဝတ်ထားလေသည်။

မြတ်သန္တာနှင့် စေ့စပ်ပေးမည့်သူမှာ ဒေါ်ကြည်ကြည်ဆွေနှင့် သူငယ်ချင်းလည်းဖြစ်၊ ဆွေမျိုးနီးစပ်တော်သော ဦးကိုကို၏သား ဇော်ကိုကိုဦး ဖြစ်သည်။



လူငယ်ချင်းလည်း ယခင်ကတည်းက ရင်းနှီးကြသည်။

ဦးကိုကိုနှင့် ဒေါ်စန်းစန်းနုတို့က ဩစတြေးလျတွင် အလုပ်သွားလုပ်ရာ သားဖြစ်သူပါ ဩစတြေးလျတွင် ပညာဆက်လက်သင်ပြီး အလုပ်ရရှိသွားသည်။

ဦးကိုကိုတို့က သားဖြစ်သူအား အိမ်ထောင်ပြုရန် အချိန်တန်ပြီဟု ယူဆသောအခါ မြန်မာပြည်မှ မြန်မာမိန်းကလေးကိုပင် ချွေးမတော်ချင်ကြသဖြင့် ယခုကဲ့သို့ မြတ်သန္တာနှင့် နေရာချပေးရန် လူကြီးချင်း စကားပြောဆိုကြခြင်းဖြစ်၏။

ဦးကိုကိုတို့ ဇနီးမောင်နှံ၊ သားဖြစ်သူ ဇော်ကိုကိုဦး၊ သမီးဖြစ်သူ ကလျာမိမိငယ်၊ မြန်မာပြည်မှာရှိနေသော ဦးကိုကို၏အဖေ ဦးသီဟ၊ ဦးကိုကို၏ဇနီး ဒေါ်စန်းစန်းနု၏ အစ်မအပျိုကြီးများဖြစ်သော ဒေါ်သန်းသန်းနု၊ ဒေါ်အေးအေးနု၊ ဒေါ်စန်းစန်းနု၏မိတ်ဆွေနှစ်ယောက် စသည်ဖြင့် ဧည့်သည်ဆယ့်တစ်ယောက်ပါလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် ပြောဆိုနှုတ်ဆက်၊ အလ္လာပသလ္လာပ ပြောနေချိန်တွင် ဒေါ်ထားအေးက မိစံ မိကျိုးတို့နှစ်ယောက်နှင့် ထမင်းပွဲကို ပြင်ဆင်ထားပေးလေသည်။

''ကဲ ... စကားလည်းပြောကြရင်း ဗိုက်လည်းဆာကြမှာမို့ ထမင်းလက်ဆုံစားရအောင် ထမင်းစားခန်းကို ကြွကြပါရှင်၊ မြန်မာထမင်းဟင်းတွေပဲ စီစဉ်ထားပါတယ်၊ နိုင်ငံခြားရောက် ကျွန်မဆွေမျိုးတွေ အတွက် မြန်မာထမင်းဟင်း မြိန်ယှက်စွာ စားသုံးဖို့ပါနော်''

ဒေါ်ကြည်ကြည်ဆွေက ထမင်းစားခန်းသို့ ကြွရန် ပြောလိုက်၏။

''ကြည်ကြည် အပြောကောင်းတာနဲ့ ဗိုက်တောင်ပိုဆာလာပြီ''

ထမင်းစားခန်းထဲတွင် ပြင်ဆင်ထားပုံမှာလည်း စားချင်စဖွယ်ပင်။

စားပွဲခုံနှစ်ခု အရှည်ကြီးနှစ်ခု ဆက်၍ လူနှစ်ဆယ့်ငါးယောက်စာ ထမင်းပွဲကြီး ပြင်ပေးထားသည်။



ပဲကြာဆန်ဟင်းချိုနှင့် မရမ်းသီးသုပ်ကို တစ်ယောက်စီအတွက် ပန်းကန်အသေးလေးများဖြင့် ပြင်ပေးထား၏။

''ဒါ သမီးတွေကိုယ်တိုင် ချက်တာတော့ မဟုတ်ပါဘူးနော်၊ ကျွန်မလည်း အဲသည်လောက် မချက်တတ်ဘူး''

''ကြည်ကြည့်ကလည်း ကြွားနေပြန်ပြီ''

''ကျွန်မ ညီမ ဟောဒီက မထားအေးချက်တာ သုံးဆောင်ကြပါရှင်၊ လိုတာလည်း ပြောပါ''

''ကြည်ကြည်တို့ပါ တစ်ခါတည်း ဝင်စားလိုက်လေ''

ညှော်သည်တွေ ထမင်းစားနေစဉ် ဒေါ်ထားအေးက လက်ဖက်ရည်ကြမ်း၊ လက်ဖက်သုပ်နှင့် အချိုပွဲ ပြင်ဆင်ပေးထား၏။

''ထမင်းလိုက်ပွဲတွေလုပ်ပါ သမီးတို့ရေ၊ သမီးငယ် ဒီဘက်ကို ထမင်းထည့်ပါဦး''

''ဟုတ်ကဲ့၊ ထည့်နေပါပြီ''

www.burmeseclassic.com

www.burmeseclassic.com



ထမင်းအုပ် သုံးအုပ်နှင့် လိုက်ပွဲတွေလုပ်ထား တာ ဧည့်သည်တွေ ထမင်းစားကောင်းတာမို့ ရွှေပြည့် အိမ်တို့ ညီအစ်မ လက်မလည်အောင် ထမင်းတွေ ထပ် ထည့်ပေးနေရသည်။

"ကောင်းလိုက်တာဟယ်၊ ဒီလို ဟင်းမျိုးတွေ မစားရတာကြာပြီ၊ သမီးကိုလည်း ဒီလိုချက်တတ်အောင် သင်ထားပေးဦးနော်၊ ကြည်ကြည်"

ဒေါ်စန်းစန်းနုက ပြောလိုက်သည်။

"မချက်တတ်ဘဲ နေမလားရှင့်၊ မြန်မာမလေး တွေပဲဟာ၊ မြန်မာထမင်းဟင်း ကောင်းကောင်းချက်တတ် တယ်"

ဒေါ်ကြည်ကြည် အားကျမခံ ပြောလိုက်သည်။

လူကြီးတွေ တစ်ယောက်ပြီးတစ်ယောက် စားပြီး သွားသော်လည်း ထမင်းပွဲမှ မထနိုင်သေးသည့် လူငယ် တွေ ရှိနေ၏။

ဇော်ကိုကိုဦးနှင့် သူငယ်ချင်းဖြစ်သူ မိုးဝေယံ၊ ကျော်ဇေယျတို့ဖြစ်၏။



ဇော်ကိုကိုဦး၏ညီမ ကလျာမိမိငယ်နှင့် သူငယ် ချင်း မြသဇင်တို့လည်း ထမင်းစားလို့ကောင်းနေဆဲ ဖြစ်သည်။

"မရမ်းသီးသုပ်ကလေး စားကောင်းလွန်းလို့ ဟိုတောင်ယူသွားချင်ပြီ"

ကလျာ မိမိငယ်က ပြော၏။

"ရှင်ကလည်း ယောင်းမတစ်ယောက်လုံး ရနေမှ ပဲ၊ ဟိုကျလည်း ရှင့်ကို မရမ်းသီးသုပ်တို့၊ ဒီလိုကောင်းတဲ့ ဟင်းတွေ ချက်ကျွေးမှာပေါ့လို့"

မြသဇင်က ပြောလိုက်သည်။

ဇော်ကိုကိုဦးက ရယ်ကျဲကျဲလုပ်၍ မြတ်သန္တာ အား ကြည့်သည်။

မြတ်သန္တာက ရှက်ဝဲဝဲလေးပြုံးရင်း ...

"ထမင်းယူဦးမလား"

"တော်ပြီ၊ ဝပြီ"

"တကယ်ဝရဲ့လား၊ အိုက်တင်ခံမနေနဲ့နော်၊ တော်ကြာ အစားပုတ်ကြီးဆိုပြီး ယူမယ့်မိန်းမ မရှိမှာစိုး

www.burmeseclassic.com

www.burmeseclassic.com



လို့လား''

မြသဇင် ဟာသလုပ်နေပြန်၏။

''ကိုယ်တို့တော့ ယူဦးမယ်''

မြတ်သန္တာ၏ ထမင်းအုပ်ထဲမှ ထမင်းများကုန်သွားသဖြင့် ရွှေပြည့်အိမ်အား ကြည့်လိုက်သည်။

''ပြည့် . . . ရေ''

''ဟုတ်ကဲ့ . . . ဒီမှာရှိတယ်၊ ထည့်ပေးလိုက်မယ်''

ရွှေပြည့်အိမ်က ထမင်းစားကောင်းနေသော ဇော်ကိုကိုဦး၏ သူငယ်ချင်း မိုးဝေယံ၏ပန်းကန်ထဲသို့ ထမင်းထည့်ပေးလိုက်၏။

''တော်ပြီ၊ နည်းနည်းပဲ''

''မင်းဟာက တော်ပြီတော်ပြီနဲ့ ခဏခဏ ထပ်တောင်းနေတာပဲ၊ ယူချင်တစ်ခါတည်း များများယူလေ''

ကျော်ဇေယျက ပြောလိုက်သည်။

မိုးဝေယံ တဟဲဟဲနှင့်ရယ်ပြီး . . .

''ဒါမှ သူ ကိုယ့်အနား ခဏခဏလာမှာပေါ့ကွ''



''ကြည့်စမ်း . . . လူလည်ကြီးပါလား၊ ကြားလား မမြတ်သန္တာ၊ မိုးဝေယံပြောတာ၊ ထမင်းထည့်ချင်တာထက် ထမင်းထည့်ပေးတဲ့လူကို သူ့အနား လာစေချင်လို့တဲ့ဗျ''

ကျော်ဇေယျ အော်ကျယ်အော်ကျယ် ပြောသဖြင့် မြတ်သန္တာရော၊ ရွှေပြည့်အိမ်ပါ လှည့်ကြည့်၏။

''ဪ . . . ဟုတ်သားပဲ၊ မိတ်ဆက်ပေးရဦးမယ်၊ လာလေ သန္တာ၊ ဒါ ကိုယ့်သူငယ်ချင်း မိုးဝေယံ၊ သူက ကျော်ဇေယျ၊ သန္တာရယ်၊ ပြီးတော့ သန္တာ့ညီမ ရွှေပြည့်အိမ်''

''ရွှေပြည့်အိမ်တဲ့၊ ဟုတ်လား၊ နာမည်က အပျံစားပဲကွာ''

ကျော်ဇေယျက ပြောသည်။

ရွှေပြည့်အိမ်က ပြုံး၍ ခေါင်းဆတ်ပြသည်။

''နာမည်နဲ့လူ လိုက်တယ်၊ နာမည်ကလည်း လှ၊ လူကလည်းလှ''

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာက ဘာစကားလဲ"

"မြန်မာစကားလေ၊ မင်းနားမလည်တော့ဘူးလား။ ဟဲ ... ဟဲ လှလို့လှတယ် ပြောတာပဲကွာ"

မိုးဝေယံ၏ အကြည့်စူးစူးကြောင့် ရွှေပြည့်အိမ် ရှက်ထွေးထွေးလေးဖြစ်ကာ မျက်လွှာချလိုက်မိ၏။

"ဟော့ ... တော်တော့၊ မင်းပြောတာနဲ့ ရှက်နေပြီ"

ဖော်ကိုကိုဦးက ပြောလိုက်သည်။

ရွှေပြည့်အိမ်က မျက်လွှာကို ပြန်မပင့်ကာ ဘာမှ မဖြစ်သလို အမူအယာဖြင့် တစ်ဘက်သို့ လှည့်ထွက်လာခဲ့၏။

"မိုးဝေယံနော် ... မိုးဝေယံ၊ ဘာလဲ ရင်ခုန်နေပြီလား"

နောက်ဖက်မှ အသံတွေကို ရွှေပြည့်အိမ် မကြားယောင်ပြုနေရသည်။

၄။

"ကလင် ... ကလင် ... ကလင်"

တယ်လီဖုန်းမြည်နေသည့်အချိန် အိမ်တွင် ရွှေပြည့်အိမ်တစ်ယောက်တည်း ရှိသည်။

စာကြည့်နေရာမှ တယ်လီဖုန်းကို နားထောင်လိုက်သည်။

"ဟဲလို"

"ရွှေပြည့်အိမ် မဟုတ်လား"

"ရှင်၊ ဘယ်သူလဲ"

သူမဆီ ဖုန်းဆက်သည့်အသံကို ချက်ချင်း ဘယ်သူဆိုတာ မမှတ်မိ၍ အံ့သြတွေဝေစွာ ပြန်မေးလိုက်သည်။

"ကိုယ်လေ၊ မိုးဝေယံပါ"

www.burmeseclassic.com

www.burmeseclassic.com



"မိုးဝေယံ . . ဟုတ်လား"

"မမှတ်မိချင်ယောင် ဆောင်နေတာလား။ ကိုယ်ကတော့ ပြည့်ကို အချိန်တိုင်း သတိရနေတယ်လေ"

ခုမှ မိုးဝေယံဆိုတာကို မှတ်မိသွား၏။

"ဟုတ်ကဲ့၊ သိပါပြီ၊ ဟိုနေ့က ထမင်းစားလာတဲ့သူ မဟုတ်လား"

"အခု ဘာလုပ်နေလဲ"

"စာကျက်နေတယ်"

"ဟဲ . . . ဟဲ၊ စာကြိုးစားတယ်ပေါ့၊ အပြင်လေးဘာလေးများ မထွက်ဘူးလား"

"ဘာလို့ထွက်ရမှာလဲ၊ အချိန်လည်း ကြည့်ဦး ည ရှစ်နာရီ"

"ဩော် . . . ဟုတ်သားပဲ၊ ဒီနေ့ပြောတာ မဟုတ်ပါဘူး။ နောက်နေ့ကို ပြောတာ၊ မနက်ဖြန် ကျောင်းတက်မယ်မဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒီကို ကိုယ်လာစောင့်နေမယ်"

"ရှင်က ကျွန်မ ဘယ်မှာရှိမယ်ဆိုတာ သိလို့



လား"

"သိတယ်လေ၊ မသန္တာကို မေးထားပြီးပြီ၊ မနက်ဖြန် စာကြည့်တိုက်ရှေ့မှာ ကိုယ်စောင့်နေမယ်၊ မနက်ကိုးနာရီလောက်"

"ဘာလုပ်ဖို့လဲ"

"ပြည့်နဲ့ စကားပြောချင်လို့"

"ကျွန်မ အားမှာမဟုတ်ဘူး"

"ဘာဖြစ်လို့ မအားရမှာလဲ၊ ခဏလေးပါပြည့်ရယ်၊ နော်"

ရွှေပြည့်အိမ် ဘာပြောရမှန်းမသိ တွေဝေနေဆဲ . . .

"နော် . . . ပြည့်၊ ဘာမှစဉ်းစားမနေပါနဲ့တော့ မနက်ဖြန်ကိုသာ စောင့်နေ၊ ဒါပဲနော် ပြည့်"

ရွှေပြည့်အိမ် ဘာမှမပြောခင် မိုးဝေယံ တယ်လီဖုန်းချသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"ပြည့်ရေ … ခေါက်ဆွဲကြော်ပါတယ်၊ စားဦးမလား"

အခန်းတံခါးကို လက်နှင့်အသာခေါက်၍ ပြောလိုက်သော မြတ်သန္တာ၏အသံ။

ရွှေပြည့်အိမ် စာကြည့်နေရာက ချက်ချင်းထ၍ ဖွင့်ပေးလိုက်သည်။

"မအိပ်သေးဘူးဆိုတာသိတယ်၊ ခေါက်ဆွဲကြော် ပါလာတယ်၊ လာစားချေ"

"အောက်ကို ဆင်းစားရမှာ ပျင်းလိုက်တာ အပေါ်ကို ပို့နိုင်းပေးပါလား၊ ကော်ဖီခါးခါးတစ်ခွက်လည်း သောက်ချင်တယ်၊ စာကျက်နေလို့မမရဲ့"

"အေးပါ … အေးပါ၊ ဒါဆိုလည်း ပြီးရော"

"ကြော် … မမ"



အောက်သို့ မဆင်းတော့ပါဘူးဟုဆိုပြီးမှ တစ်စုံတစ်ခုကို သတိရကာ မြတ်သန္တာအား ခေါ်လိုက်သည်။

"မမ … အခု ဘယ်ကပြန်လာတာလဲ"

"ကိုဇော်နဲ့ သွားတာလေ၊ ရှမ်းကန်က ညစာစားပြီး ပြန်လာတာ၊ အိမ်အတွက်ဆိုပြီး ခေါက်ဆွဲကြော် ဝယ်ပေးလိုက်တာ၊ ဖေဖေတို့နဲ့ မေမေလည်း စားနေတယ်"

"သမီးအကြောင်း တစ်ယောက်ယောက်ကို ပြောလိုက်သေးလား"

"ဟင် … ဘာကိုလဲ၊ ကြော် … ဟင်း … ဟင်း။ ပြည့်ကို စိတ်ဝင်စားနေတဲ့သူရှိတယ် သိလား"

"မိုးဝေယံဆိုတဲ့လူ မဟုတ်လား၊ စောစောကပဲ သူ သမီးကို ဖုန်းဆက်တယ်၊ ဘာမှန်းလည်းမသိဘူး"

"မိုးဝေယံက လူကောင်းပါ၊ သဘောကျလိုက်နေတာလေ၊ အခု ဒီမှာ သင်တန်းပြန်တက်ဖို့လုပ်နေတာ ပြည့်တော့ စွံတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"မမကလည်း သူ့ဘာမှန်း မသိသေးဘဲနဲ့"

"အေးလေ ... လေ့လာကြည့်ဦးပေါ့၊ ဟင်း ဟင်း၊ ခေါက်ဆွဲပို့ခိုင်းလိုက်မယ်နော်"

"နေပလေ့စေတော့၊ သမီး အောက်ဆင်းစား လိုက်မယ်"

ရွှေပြည့်အိမ် အောက်သို့ ဆင်းလာခဲ့၏။

မြတ်သန္တာက အဝတ်အစားလဲရန် သူ့အခန်းထဲ ဝင်သွားသည်။

ရွှေပြည့်အိမ်တို့ အိမ်လေးက တစ်ထပ်ခွဲဖြစ်ပြီး အပေါ်တွင် ဘုရားခန်းနှင့် ညီမနှစ်ယောက်အတွက် အိပ်ခန်းတစ်ခန်းစီ လုပ်ပေးထားသည်။

လူကြီးတွေက လှေကားအတက်အဆင်း မလုပ်နိုင်တော့ဘဲ အောက်ထပ်တွင်ပင် နေကြသည်။

ရွှေပြည့်အိမ် အောက်သို့ဆင်းလာတော့ ထမင်းစားခန်းထဲတွင် ခေါက်ဆွဲစားနေသော ဦးကျော်ဝင်းနှင့် ဒေါ်ကြည်ကြည်ဆွေအား တွေ့ရ၏။

"လာ ... သမီး၊ စာကျက်နေတယ်ဆိုလို့



မေမေက လက်ဖက်ရည်တောင် ဖျော်ခိုင်းထားတယ်"

"ဟုတ်တယ် မေကြီး၊ စာကျက်ရင်း အိပ်ငိုက် လာလို့ အချဉ်တွေစားနေတာ"

"အချဉ်တွေချည်း မစားနဲ့လေ၊ ဗိုက်တွေဘာ တွေ နာနေမယ်၊ လာ သမီး၊ မောင်ဇော်က ရှမ်းကန် က ခေါက်ဆွဲကြော် ဝယ်ပေးလိုက်တယ်တဲ့၊ စားလိုက် ဦး"

ခေါက်ဆွဲကြော် နှစ်ထုပ်ဆိုလျှင် ရွှေပြည့်အိမ်တို့ မိသားစု စားလို့မကုန်။

"သမီးကြီးအတွက်တော့ စိတ်အေးသွားရပါပြီ၊ လူငယ်ချင်းလည်း ကျေနပ်၊ လူကြီးတွေလည်း သဘော ကျဆိုတော့ ကောင်းတာပေါ့၊ ဒါပေမယ့် သမီးကို ဟိုကို ထည့်လိုက်ရမှာဆိုတော့ နည်းနည်းတော့ စိတ်မကောင်း ဖြစ်မိတယ်"

ဒေါ်ကြည်ကြည်ဆွေက ပြောသည်။

"အေးလေ၊ ငါ အစကတည်းက ပြောသားပဲ၊ တို့မှာ သမီးနှစ်ယောက်တည်းရှိတာလို့၊ တစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာနေတယ်ဆိုရင် အငယ်မကျရင်တော့ မြန်မာပြည်မှာနေတဲ့လူကိုပဲ ပေးစားပေါ့"

လူကြီးနှစ်ယောက် ပြောနေတာကိုကြည့်ပြီး ရွှေပြည့်အိမ် ပခုံးတွန့်ပြုံးလိုက်သည်။

"ဘာလဲ ... သမီးငယ်၊ ရည်းစားရနေပြီ လား"

"အာ ... မေကြီးကလည်း၊ ရည်းစားထားဖို့ အချိန်ကိုမရှိဘူး၊ သမီးက စာကြိုးစားနေတာများ"

"အေးပါ၊ သမီးတွေက လိမ္မာပါတယ်၊ မမကိုကြည့်၊ ဘယ်လောက်အေးဆေးသလဲ၊ မိဘစိတ်ချမ်းသာဖို့ အမြဲဦးစားပေးတဲ့ မိန်းကလေး၊ ခုလည်း မေမေသဘောတူတယ်ဆိုလို့ သူ ခေါင်းညိတ်တာပါ၊ မမလိုပဲ မေမေ စိတ်ချမ်းသာအောင်နေနော် သမီးငယ်၊ မေမေစိတ်အပူဆုံးက ဒါပဲ၊ သမီးမိန်းကလေးတွေ မွေးထားတော့ အရှက်ကွဲမှာစိုးရိမ်တာ"

"မေမေကလည်း ကလေးတွေက ပညာတတ်တွေပဲ၊ အစဉ်းစားအဆင်ခြင်နည်းပါ့မလား"

ဦးကျော်ဝင်းက ပြောလိုက်သည်။



ရွှေပြည့်အိမ်က ခေါက်ဆွဲကြော်ကို တူနှစ်ချောင်းနှင့်ညှပ်၍ စားနေရင်းက မိုးဝေယံအကြောင်း ခေါင်းထဲရောက်လာသည်။

မနေ့တစ်နေ့ကမှ တွေ့တဲ့လူ။

ရွှေပြည့်အိမ်အား စိတ်ဝင်စားသည်တဲ့။

ဖြစ်နိုင်ပါ့မလားနော်။

www.burmeseclassic.com

www.burmeseclassic.com

၂

"ဟင်"

ရွှေပြည့်အိမ်၏ မျက်လုံးများ ဝိုင်းသွား၏။

စာကြည့်တိုက်ရှေ့မှာ Mark II အဖြူရောင်ကားလေးကို တွေ့လိုက်၏။

ကားဘေးမှာ ရပ်နေသော မိုးဝေယံ။

ဟာဝေယံရှပ်ပုံစံ အင်္ကျီအဖြူနှင့် အနက်ရောင်ကြား ဘောင်းဘီရှည်က အဖြူရောင်ဝတ်ထားသည်။

အသားဖြူ၍ မြင့်မားသောအရပ်နှင့် တောင့်တင်းကျစ်လစ်သော ခန္ဓာကိုယ်ဟန်ထားက ယောက်ျားပီသစွာ ခန့်ထည်ကြည့်ကောင်းနေပြီး အဝေးမှပင် သူ့အသွင်သဏ္ဍာန်က ထင်ရှားစွာမြင်နိုင်သည်။

သူလာစောင့်မည်ဟု ညက ဖုန်းဆက်သော်



လည်း လာချင်မှ လာမှာပါဟု ထင်ထား၏။

ခုတော့ ...

မိုးဝေယံ အသေအချာပင် စောင့်နေလေသည် မဟုတ်လား။

"ဘာလဲ ... ပြည့်"

"ဟိုမှာ စာကြည့်တိုက်ရှေ့ ရေတမာပင်အောက်မှာ မတ်တူးအဖြူရောင်တွေ့လား၊ ကားနားမှာရပ်နေတာ၊ သူပေါ့"

ခင်ကြည်ကြည်ကျော်နှင့် အေးမိမိထွန်းက သေချာပြူးပြဲကြည့်ကြကုန်၏။

"မိုးဝေယံလား၊ ချောတယ်ဟ"

"တိုးတိုး"

"ဒါဆို နင် သွားမှာလား"

"နင်တို့လည်းလိုက်ခဲ့လေ"

"ဟော ... လိုက်ခဲ့ပါဘူး၊ ဟိုက နင့်တစ်ယောက်တည်း တွေ့ချင်မှာပေါ့"

"ကြောင်တယ်ဟာ၊ လာပါ"

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေကိုပါ ခေါ်ပြီး မိုးဝေယံအား သွားတွေ့သည်။

"ကိုမိုးဝေယံ"

"ဩော် . . . ဟုတ်ကဲ့၊ ကိုယ်စောင့်နေတာ ကြာပြီ"

"ရှင်က အသေအချာလာတာပဲနော်"

"တွေ့ချင်တာကိုး ပြည့်ရယ်၊ မသန္တာက ပြည့် ဒီကိုလာမယ်ဆိုတာ သေချာပြောပြထားတာပဲ၊ စောင့် ရမှာပေါ့"

"ဒါ ကျွန်မသူငယ်ချင်းတွေလေ၊ မိတ်ဆက် ပေးရဦးမယ်၊ ဒါက ခင်ကြည်ကြည်ကျော်၊ နောက် အေးမီ မီထွန်း၊ ငွေစင်ထွန်း၊ သီတာချို"

"တွေ့ရတာဝမ်းသာပါတယ်"

"ဒီက ကိုမိုးဝေယံတဲ့"

"ကျွန်မတို့လည်း ဝမ်းသာပါတယ်"

"ကျွန်မတို့ စာကြည့်တိုက်မှာ စာအုပ်ငှားမလို့၊ ပြီးရင် မုန့်သွားစားမယ်၊ စာကူးမယ်ဆိုတဲ့ အစီအစဉ်



တွေရှိတယ်၊ ကိုမိုးဝေယံက ဘာပြောမှာလဲဟင်"

"ဟာ . . . စာအုပ်ငှားရင် ငှားလေ၊ ပြီးရင် မုန့်စားဖို့ ကိုယ်ပဲကျွေးပါ့မယ်၊ မိတ်ဆွေဖြစ်တဲ့ အထိမ်း အမှတ်ပေါ့"

ခင်ကြည်ကြည်ကျော်တို့က ပြုံးစိစိလုပ်ရင်း ရွှေပြည့်အိမ်အား ကြည့်သည်။

"ဒါဆိုရင် ကျွန်မတို့ စာအုပ်ငှားလိုက်ဦးမယ်၊ ခဏစောင့်လေ"

"ကောင်းပြီ"

စာကြည့်တိုက်ထဲသို့ ဝင်သွားကြတာကို မိုးဝေ ယံကကြည့်ရင်း ကားထဲဝင်ထိုင်စောင့်နေ၏။

"သူက မုန့်ကျွေးမယ်တဲ့၊ လိုက်စားလို့ကောင်း ပါ့မလား၊ ငါတို့ အလိုက်မသိရာကျနေမယ်နော်"

အေးမီမီထွန်းက ပြောသည်။

"ဘာဖြစ်လဲ၊ ဒီလောက်တောင် စေတနာရှိ နေမှတော့ ဒါနလေးမြောက်အောင် ဝိုင်းပြီး ဝါးပေး ကြတာပေါ့၊ သူ အကုန်အကျတွေများနေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



''သနားပါတယ်နော်၊ ဈေးကြီးတဲ့ဆိုင်မှာ သွားစားကြရအောင်၊ ခစ် . . . ခစ် . . . ခစ်''

စာကြည့်တိုက်မှာ စာအုပ်ငှားနေတာကိုက တစ်နာရီလောက်ကြာသည်။

မိုးဝေယံ စိတ်ရှည်လက်ရှည်စောင့်သည်။

စာအုပ်များငှားလာပြီးနောက် Feel မှာ မုန့်သွားစားကြသည်။

ပြီးမှ ကျောင်းသို့ ပြန်ပို့ပေးရ၏။

''ညကျ ဖုန်းဆက်မယ်နော်''ဟု မိုးဝေယံမှာသွားသည်။

''သနားပါတယ်ကွာ၊ သူ့ခမြာ ဒီနေ့ ခြောက်ထောင်ကျော်ဖိုးလောက် ကုန်သွားမယ်''

ခင်ကြည်ကြည်ကျော်က ပြောသည်။

''အေးဆေးပါကွာ၊ သူ့ကြည့်ရတာ ဒီလောက်က အသေးအဖွဲ့ပါ၊ ငါတော့ ကြိုက်တယ်''

အေးမိမိထွန်း စကားပြောလျှင် ဤသို့ အားပါးရ တဲ့တိုးကြီးပြောတတ်သည်။



''နင်မကြိုက်တဲ့ ယောက်ျားတော့ ရှားပါတယ်၊ အေးမိရယ်''

''ဘာလဲ၊ ငါက ပြည့်အတွက် ပြောပေးတာ ပါ ငါ သဘောတူတယ်၊ သဘောလည်းကောင်းတယ်၊ ဓိုက်ဆံလည်း ပေါတယ်၊ နင့်ကိုလည်း တော်တော်စွဲလန်းနေပုံရတယ်ပြည့်ရဲ့''

''ဘာကိုလဲပြည့်''

ရွှေပြည့်အိမ်က မျက်မှောင်လေးကြုံ့၍ စဉ်းစားသလိုလုပ်နေပြီးမှ

''နင်တို့ကတော့ Milk Shade နဲ့ ဟန်ဘာဂါ တစ်ခုစီ ကျွေးလိုက်တဲ့မျက်နှာနဲ့ မိုးဝေယံဘက်ကနေ အတင်း ထောက်ခံနေတော့တာပဲကို။ အင်းလေ . . . ငါ စဉ်းစားဦးမယ်၊ သူက အခု ငါ့ကို ပရိုပို့စ်မှ မလုပ်သေးတာ''

''ဒါပေမယ့်၊ သူလုပ်မှာ သေချာပါတယ်၊ လူတော်လူကောင်းတစ်ယောက်ပဲဟာ၊ စဉ်းစားသင့်ပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ဒါပေမယ့် သူနဲ့ပတ်သက်ပြီး ငါ ရင်မခုန်သေးပါဘူးနော်"

"ကဲ . . . အဲဒါတွေ အသာထားဦး။ စာကြည့်တိုက်က စာအုပ်ငှားလာတာ၊ စာကူးမလို့ မဟုတ်လား။ စာကူးကြရအောင်လေ"

သီတာချိုပြောမှ စာကူးဖို့ကိစ္စ သတိရသွားကြသည်။

၆။

"သမီးရေ အောင်အောင်ဖျားနေလို့ အိမ်မှာ ဘာဆေးရှိလဲ"

ဒေါ်ထားအေးက ပြောခြင်းဖြစ်သည်။

"ဟုတ်လား၊ ဘာဖြစ်လို့လဲ၊ ကိုယ်ပူတာလား၊ ကိုယ်တွေလက်တွေ ကိုက်သေးလား"

ရွှေပြည့်အိမ် မေးလိုက်သည်။

"မနက်က မိုးတွေမိလာပြီး ခု ညနေကျ ကိုယ်တွေပူနေတာ၊ အိမ်မှာ ဆေးကလည်း ကုန်နေလို့"

"ပါရာနဲ့ အမော့ဆက်စလင် သောက်ပါလား၊ သမီးလိုက်ကြည့်ဦးမယ်၊ ဆေးတစ်ခါတည်း ယူလာမယ်"

ရွှေပြည့်အိမ် ဆေးတွေထည့်ထားသော သေတ္တာသေးသေးကိုပါ တစ်ခါတည်း ယူလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာက ဆေးတွေအစုံဆောင်ထားသည် မဟုတ်လား။

ကားကိုဒေါင်အပေါ်ထပ်မှာ အောင်ချမ်းမွန်တို့ မိသားစုနေသည်။

ပေသုံးဆယ်ပတ်လည်အခန်းမို့ အောင်ချမ်းမွန်တို့ သားအမိသုံးယောက်အတွက် ကျယ်ကျယ်ဝန်းဝန်း ရှိသည်။

"အောင်အောင့်ကို မနက်က ကျောင်းမှာလည်း မတွေ့ဘူး၊ မိုးရွာရင် သမီးတို့ကားနဲ့ ပြန်လိုက်ခဲ့တာ မဟုတ်ဘူး"

"မေထားက မြောက်ဥက္ကလာက သူ့အဒေါ်ဆီ လွှတ်လိုက်သေးတာကိုး၊ အပြန်ကျ မိုးတွေမိလာတာ၊ အဲဒါ အဝတ်ရေစိုကြီးနဲ့ ခြံထဲမှာ ကားပြင်နေလိုက်သေး တယ်"

ညဉ့်ခန်းထဲမှာပင် ပက်လက်ကုလားထိုင်တစ်လုံး ဖြင့် အောင်ချမ်းမွန် အိပ်နေသည်။

"ဟင်း . . . ဖြစ်နေလိုက်တာ၊ အောင်အောင်



ဟာ ထီးဆောင်းဖို့လည်းပျင်း၊ သူများကားနဲ့ လိုက်ဖို့ လည်း မာနကြီး၊ မိုးမိတာတောင် နည်းသေး"

ရွှေပြည့်အိမ်၏အသံ ကြားသဖြင့် အောင်ချမ်း မွန် မျက်စိဖွင့်ကြည့်၏။

"ဟာ . . . နင့်ကားနဲ့ မလိုက်ချင်လို့ မဟုတ် ပါဘူး။ မေမေခိုင်းထားတာ သွားရသေးတယ်ဟ"

"ခုတော့ ဖျားပြီမဟုတ်လား၊ ငါစမ်းကြည့်ဦး မယ်၊ ဘာမှမပူနဲ့ ဒေါက်တာရမ်းကုလာပြီ"

အောင်ချမ်းမွန်၏ နဖူးပေါ် ရွှေပြည့်အိမ်က သူ့ လက်ဖဝါးကို တင်လိုက်သည်။

"ဟုတ်တယ်၊ ကိုယ်တော်တော်ပူနေတယ်၊ ကိုယ်တွေလက်တွေရော ကိုက်လား"

"ခေါင်းပဲ . . . အရမ်းကိုက်နေတယ်"

"ဒါဆို ပါရာနဲ့အမော့ဆက်ရယ်၊ ဘာမီတွန်ရယ် သောက်လေ၊ ခုတလော တုတ်ကွေးကလည်း အဖြစ် များတယ်၊ ဖြစ်ရင်လည်း သုံးလေးရက်နဲ့ မပျောက်ဘူး တဲ့၊ ကော်ဖီပူပူလေးနဲ့ သောက်ပါလား၊ ရေနွေးရှိလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်သမီး၊ မေထား ဖျော်ခဲ့မယ်"

ဒေါ်ထားအေးက ဓါတ်ဗူးထဲမှ ရေနွေးဖြင့် ကော်ဖီမစ်ကို နို့ဆီဖြင့် ဖျော်လိုက်၏။

"သမီးရော သောက်ဦးမလား"

"မသောက်တော့ဘူး မေထား၊ ထမင်းစားတော့မှာလေ"

"ရေကျက်အေးရှိတယ် သား၊ အဲဒါနဲ့ ဆေးကို အရင်သောက်၊ ပြီးမှ ကော်ဖီသောက်လေသား။ မုန့်စားဦးမလား"

"မစားချင်ဘူး မေမေ၊ ကော်ဖီပဲသောက်မယ်"

"အေး . . . ဖျားရင်တော့ ထမင်းမစားတာကောင်းပါတယ်၊ သမီးတို့အိမ်မှာတော့ ဘီစကွပ်လည်းရှိတယ်၊ ကွပ်ကီးစ်လည်းရှိတယ်၊ ပေါင်မုန့်နဲ့ ထောပတ်လည်းရှိတယ်၊ ညကျဆာနေမယ်၊ တစ်ခုခုယူထားပါလား"

"ရတယ်၊ အိမ်မှာလည်း မုန့်တွေရှိတယ်သမီး"

ဒေါ်ထားအေးက ပြောရင်းမှ အောင်ချမ်းမွန်



အား ဆေးသောက်စေလေသည်။

"ခေါင်းကိုက်ရင် ပရုပ်ဆီလေးလိမ်းထားမလားသား၊ မေမေ လိမ်းပေးမယ်လေ"

"လိမ်းမယ်မေမေ"

ဒေါ်ထားအေးက ကျားဘမ်းပရုပ်ဆီကို သားဖြစ်သူ၏ နဖူးနှင့် ဖက်မှာ လိမ်းပေးနေသည်။

"ဟင်း . . . ကလေးလေးကျနေတာပဲဟယ်၊ အမေက သူ့ကို ပြုစုနေလိုက်တာ၊ သမီးတို့တော့ အဲလို အပြုစုမခံရပါဘူး၊ မေမေက သူ့အလုပ်နဲ့သူ ရှုပ်နေတော့ အိမ်မှာနေမကောင်းလည်း ကိုယ့်ဘာသာ ဆေးသောက်နေရတာ"

"အောင်အောင်ကတော့ တစ်သက်လုံး အမေက အရိပ်တကြည့်ကြည့်နဲ့ ပြုစုလာရတော့ နေထိုင်မကောင်းဖြစ်ရင် ပိုတောင်ဆိုးသေး၊ သူ့ဘာသာ ဆေးဘယ်တော့မှမသောက်ဘူး၊ ကလေးလိုပဲ"

အောင်ချမ်းမွန်က ဘာမှဝင်မပြောရှာပေ။

သူကြည့်ရတာ သက်သာပုံမရပေ။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများမှိတ်ရင်း မှိန်းနေလေသည်။

"သမီး၊ ဘာဟင်းချက်လဲ၊ အိမ်မှာ ငါးရှဉ့်ဝိကောင်ကို ရေပ်သီးနဲ့ ကြော်ထားတယ်"

"ကောင်းတယ် သမီးယူသွားမယ်၊ အိမ်မှာ ပဲဟင်းချက်တာနဲ့ အတော်ပဲ၊ဒါဆို သမီးပြန်မယ်နော် မေထား၊ ငါ ပြန်မယ် အောင်အောင်၊ နင့်ကြည့်ရတာ ခုမှ အဖျားတက်ကောင်းတုန်းထင်တယ်၊ ဒီမှာထိုင်မနေနဲ့၊ အိပ်ရာထဲသွားအိပ်နေလေ"

အောင်ချမ်းမွန် ခေါင်းသာညိတ်ပြနိုင်သည်။

ရွှေပြည့်အိမ်က သူမအိမ်ဘက်ဆီ ပြန်လာခဲ့သည်။

"ပြည့်ရေ၊ စောစောက ဖုန်းလာတယ်"

မိစံက ဟင်းနွှေးရင်းမှ ပြော၏။

"ဟုတ်လား၊ ဘယ်သူလဲ"

"ယောက်ျားသံပဲ၊ အစက ခေါ်ပေးဦးမလို့၊ နောက်တော့ ဟိုအိမ်သွားတယ်ဆိုတော့ သူပြီးမှ ပြန်ဆက်မယ်ဖြေ"



မိုးဝေယံများလားဟု တွေးမိသည်။

"ဒါဆိုလည်း ပြီးရောပေါ့၊ ထမင်းပြင်လေ၊ စားတော့မယ်"

အိမ်ကလူတွေ အလုပ်ဘယ်လောက်များများ မနက်ဘက်သာ သူ့အစီအစဉ်နှင့်သူ စားကြတာ၊ ညဘက်ကိုတော့ လူစုံမှ ထမင်းစားတတ်ကြသည်။

"ဂျိုးရေ ... ထမင်းပြင်တော့၊ သမီးစားတော့မယ်"

မဂျိုးသည် ရေခဲသေတ္တာထဲသို့ ရေသန့်ပုလင်းများ ထည့်နေရာက လှည့်ကြည့်၏။

"ဦးနဲ့မေကြီးတို့ မစားသေးဘူး၊ ပြည့် စားတော့မလား"

"အင်း ... စောစောစားပြီးလည်း အေးရော၊ စာကြည့်ရဦးမယ်"

"စားလို့ရပြီ ပြည့်ရေ"

မိစံက ရွှေပြည့်အိမ်အတွက် ထမင်းပြင်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပဲဟင်း၊ ကြက်သားဆီပြန်၊ ရှောက်သီးသုပ် အပြင် အောင်ချမ်းမွန်တို့အိမ်မှ ယူလာသော ငါးခူငပိ ကောင်နှင့် ငရုပ်သီးကြော်ကိုပါ စားရသည့်အတွက် ရွှေပြည့်အိမ် ထမင်းနှစ်ပန်းကန်ကို အသာလေးကုန် သွားချေ၏။

ထမင်းစားပြီး လက်ဆေးနေစဉ်ပင် တယ်လီ ဖုန်းမြည်လာ၍ ပြေး၍ကိုင်လိုက်သည်။

"ဟဲလို"

"ပြည့်၊ ကိုယ်ပါ"

"ဪ . . . ကိုမိုးဝေယံလား"

"အသံမမှတ်မိဘူးလား၊ အစက ညကျမှ ဖုန်း ဆက်မလို့၊ ညအထိမနေနိုင်တော့ဘူး၊ ပြည့်ကို အရမ်း သတိရနေလို့ ဆက်လိုက်တာ၊ ပြည့် စောစောက ဘယ် သွားနေလဲ"

"သူငယ်ချင်းနေမကောင်းလို့ သွားမေးနေတာ ပါ၊ ပြီးတော့ ဆေးလည်းသွားပေးနေတာ"

"ဟုတ်လား၊ ကိုယ်လည်း နေမကောင်းဘူး၊



ကိုယ့်လည်း ဆေးမေးပါဦး"

"မနက်က အကောင်းချည်းပဲဟာ"

"အဲဒီတုန်းကလည်း အတွင်းဖျားဖျားနေတာ"

"ကိုမိုးဝေယံက အခု ဘာရောဂါရနေတာလဲ"

"အချစ်ရောဂါလေ၊ အချစ်ဖျား ဖျားနေတာ၊ အဲဒါ အချစ်ဆေးလေးကျွေးပါဦး"

"ဟင် . . . မဟုတ်တာ၊ အဲဒီရောဂါ ကျွန်မ မကုတတ်ဘူး"

"ပြည့်ကုမှ ဖြစ်မှာပါ၊ ကိုယ် တကယ်ချစ်နေ အဲ . . . ကိုယ်တကယ်ဖြစ်နေတာပြည့်"

"ကိုမိုးဝေယံ အဲဒီရောဂါအကြောင်းဆိုရင် ဆက်မပြောနဲ့တော့၊ ကျွန်မ စာမေးပွဲနီးလို့ စာကျက် နေတာနော်၊ အချိန်မရှိဘူး"

"ဟာ . . . ဟုတ်လား၊ ဒါဆို ပြည့်ကို အနှောင့် အယှက်ပေးသလိုဖြစ်နေပြီပေါ့၊ ပြည့်တို့စာမေးပွဲ ဘယ် တော့လဲ"

"နောက်လဆန်းထဲမှာ၊ ဆယ့်ငါးရက်ပဲ လို

www.burmeseclassic.com

www.burmeseclassic.com



တော့တယ်''

''ဒါဆိုလည်းကျက်လေ၊ ပြည့်စာမေးပွဲပြီးမှပဲ ကိုယ့်ရောဂါအကြောင်း ဆက်ဆွေးနွေးတော့မယ်၊ ဒါပေမယ့် ကိုယ့်ကို ပြစ်မထားပါနဲ့နော်၊ တစ်နေ့တစ်ခါတော့ ဖုန်းဆက်ခွင့်ပေးပါ၊ ကိုယ့်ရောဂါ အခြေအနေလေး မေးပါဦးနော်''

ရွှေပြည့်အိမ် ရယ်သည်။

ဒီလူက ခပ်တည်တည်နဲ့ နောက်ပြောင်တတ်တဲ့သူပဲ။

''ကောင်းပြီလေ၊ ကဲ ... ဖုန်းချလိုက်တော့၊ ကျွန်မ စာကျက်တော့မယ်''

''ကောင်းပါပြီပြည့်၊ ဘိုင့်ဘိုင်''

ရွှေပြည့်အိမ် ဖုန်းချလိုက်သည်။

အိမ်ပေါ်တက်မည်အလုပ် အိမ်ကကား ခြံထဲဝင်လာတာ တွေ့သဖြင့် ရပ်စောင့်နေမိ၏။

မေမေနှင့်အတူ မမမြတ်သန္တာ ဈေးဝယ်လာ၏။

အထုပ်တွေအပိုးတွေ အများကြီးမို့ ရွှေပြည့်အိမ်



ကူသယ်ပေးသည်။

''ဘာတွေဝယ်လာတာလဲ''

''သတို့သား သတို့သမီးဝတ်စုံချုပ်ဖို့ ပြီးတော့ မောင်ဖော်မပြန်ခင် အဝတ်တွေချုပ်ပေးမလို့''

''ဟင် ... သတို့သား သတို့သမီးဝတ်စုံက ခုကတည်းက ချုပ်ရမှာလား၊ မမတို့က ဆောင်တော့မှာလား''

''အေး ... သွားချီလာချိန်နဲ့ စရိတ်လည်းကုန်၊ အချိန်လည်းကုန်၊ မပြန်ခင် မင်္ဂလာဆောင်ပြီး တစ်ခါတည်း ခေါ်သွားချင်ပြီတဲ့၊ ဒါကြောင့် ဘုန်းကြီးကျောင်းမှာပဲ မင်္ဂလာဆွမ်းကျွေးဖို့ စီစဉ်လိုက်ပြီ''

''အဲဒီလို ချက်ချင်းခေါ်သွားလို့ရလား၊ ပတ်စပို့တွေဘာတွေ လုပ်ရဦးမှာပေါ့''

''အေးလေ၊ မင်္ဂလာဆွမ်းကျွေးပြီး ပတ်စ်ပို့လျှောက်ထားနှင့်မယ်၊ ရတာနဲ့ထွက်မှာပေါ့၊ အဲဒီအခါ မောင်ဖော် ပြန်လာခေါ်ဦးမှာ''

မြတ်သန္တာမင်္ဂလာကိစ္စ မြန်မြန်ကြီး အကောင်

www.burmeseclassic.com

www.burmeseclassic.com



အထည်ပေါ်မှာမို့ သူ့ စိတ်မကောင်းသလို ဖြစ်သွား၏

မမနှင့် မြန်မြန်ခွဲရမှာ မဟုတ်လား။

"မမကတော့ ပျော်မှာပေါ့နော်"

မြတ်သန္တာက မပွင့်တပွင့်လေးပြုံး၍ ခေါင်းညိတ်ပြ၏။

"ပျော်သလိုလို မပျော်သလိုလိုပါပဲ ပြည့်ရယ်၊ ဒါပေမယ့် ဒီလိုကိစ္စဟာ တစ်နေ့မဟုတ်တစ်နေ့ မလွဲမသွေဖြစ်လာမှာပဲဟာ၊ မနက်ကမှ သင်္ကြံသုခမှာ ဘွတ်ကင်လုပ်တာ၊ စနေ၊ တနင်္ဂနွေမရဘူး၊ ကြားနေ့ကြီးလုပ်ရမှာ၊ ဒါကြောင့် အဝတ်အစားချုပ်ဖို့ အားချင်းလိုက်ဝယ်ရတာ၊ ဖေဖေနဲ့မေမေအတွက်လည်း တစ်ခါတည်း ဝယ်လာတယ်၊ ပြည့်အတွက်ပဲ မဝယ်ရသေးတာ၊ ပြည့်ဘာသာ စိတ်တိုင်းကျဝယ်ပေါ့"

"မမတို့က ဘာဝတ်မှာလဲ"

"မြန်မာဆန်ဆန်ပဲ ကြိုးကြိုးချိတ်ဝတ်မှာပေါ့၊ ချိတ်က မေမေ့သူငယ်ချင်းဆိုင်က ဝယ်လာခဲ့ပြီး အင်္ကျီကဇာ၊ ဒီမှာကြည့်စမ်း လှလား၊ တစ်ကိုက် ရှစ်ထောင်



ပေးရတယ်"

မြတ်သန္တာ၏ အမူအယာက တက်ကြွနေ သည်။

"သမီးက စာမေးပွဲရှိနေတော့ အဲဒါတွေ စိတ်မဝင်စားနိုင်သေးဘူး"

"ဒါပေမယ့် အင်္ကျီချုပ်တာ ကြာတယ်၊ ဝတ်ချင်တဲ့ပိတ်စ ဝယ်ထား၊ ဇာလား၊ တက်တင်းလား၊ ပိုးလား၊ ဝယ်ပြီးအပ်ထားပေါ့"

"သမီးသူငယ်ချင်း သီတာတို့အစ်မက အဲဒီလို ဝတ်စုံတွေချုပ်တာ ကျွမ်းတယ်၊ ရုပ်ရှင်မင်းသမီးတွေကို သူချုပ်ပေးနေတာပဲ၊ သမီးအတွက်ဆို အမြန်ဆုံးချုပ်ပေးမှာပါ ရပါတယ်"

"ထမင်းစားပြီးပြီဆို သမီး"

ဒေါ်ကြည်ကြည်ဆွေက ရေခဲသေတ္တာထဲမှ ရေယူသောက်ရင်း ပြော၏။

"ဟုတ်တယ်၊ စာကျက်မှာမို့ စောစောပဲစားလိုက်တယ်၊ အပေါ်တက်တော့မယ် မေကြီး"

"အင်း ... အင်း၊ သမီးငယ်အတွက် အချဉ်

www.burmeseclassic.com

www.burmeseclassic.com



ထုပ်တွေဝယ်လာတာ၊ ယူသွားဦး''

မေမေဝယ်လာသော အချဉ်ထုပ်များယူပြီး စာကြည့်ရန် အပေါ်သို့ တက်လာခဲ့၏။

စာအုပ်နှင့် မျက်နှာအပ်မိသော်လည်း စာထဲ စိတ်မရောက်နိုင်သေး။

မိုးဝေယံအကြောင်း ခေါင်းထဲရောက်နေ၏။

ဩော် ... သူ့ကိုယ်သူ အချစ်ရောဂါ ရနေတယ်တဲ့။

၇။

''အောင်အောင်၊ နေကောင်းပြီလား''

အနွေးထည်အကျီလေး ဝတ်၍ ခြံထဲမှာ လမ်းလျှောက်နေသော အောင်ချမ်းမွန်အားတွေ့၍ ရွှေပြည့်အိမ် လှမ်းမေးရင်းမှ အနီးသို့လျှောက်လာခဲ့၏။

''ကောင်းပြီ၊ မေမေဈေးက ပြန်လာကာနီးလို့ ထွက်ကြိုမလို့''

''ဟင်း ... လာမှာပေါ့၊ နင်ကလည်း ကလေးကျနေတာပဲ''

''မေမေက လက်ဆစ်တွေကိုက်နေတယ်ဆိုလို့ ဈေးခြင်းတောင်း ကူဆွဲပေးမလို့၊ နို့မဟုတ်ရင် ငါ ဈေးတောင်လိုက်သွားပေးတယ်၊ မေမေ့ကို သနားတယ်''

''အမယ်လေးဟဲ့၊ ခုမှ သိပ်ပြီးလိမ္မာတဲ့သား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်နေပြီ၊ အေးလေ ဟုတ်ပါတယ်၊ နင်က အမြဲ လိမ္မာနေတာပါ၊ အဲဒါက အရေးမကြီးဘူး။ မိုးအေးတယ်၊ ပြန်ဖျားနေဦးမယ်"

"ရပါတယ်၊ ညကတည်းက အဖျားကျနေတာ"

"ကျောင်းတက်ဦးမလား"

"ရတယ်၊ အိမ်မှာပဲ စာကျက်တော့မယ်၊ ထူးလင်းအောင်လည်း မှာထားတယ်"

"ငါတို့လည်း စာကျက်ဖို့ အေးမိတို့နဲ့ ချိန်းထား တယ်၊ စာကူးစရာရှိရင်ပြော ငါ ကူးပေးမယ်နော် အောင် အောင်"

"အေးပါ၊ ဟိုမှာ . . . မေမေပြန်လာပြီ"

ဒေါ်ထားအေး ဆိုက်ကားဖြင့် ဈေးမှပြန်လာတာ တွေ့၍ အောင်ချမ်းမွန် ခြံဝသို့ပြေး၍ ဈေးခြင်းတောင်း ကူဆွဲသည်။

"သား . . . ဘာဖြစ်လို့ အပြင်ထွက်နေတာလဲ၊ အအေးမိပါဦးမယ်"

ဒေါ်ထားအေးက ပြောသည်။

"အဲဒါပေါ့ မေထားရဲ့ အောင်ကတော့ တကယ်



လိမ္မာတဲ့သားပဲ၊ အမေကိုသိတတ်ပုံများတော့ မေထားမှာ သားတစ်ယောက်ဆိုတစ်ယောက် မွေးရကျိုး နပ်ပါတယ် နော်"

"ဟုတ်တယ် သမီးရေ၊ သားက လိမ္မာတယ်၊ မုန့်ဟင်းခါးဝယ်လာတယ် သမီးရေ၊ လာ . . . သမီးပါ စားရအောင်"

"မစားတော့ဘူး မေထား၊ သမီးလည်း မနက် က မုန့်ဟင်းခါးပဲစားတာ"

အောင်ချမ်းမွန်လက်ထဲက ပစ္စည်းတချို့ကို ကူဆွဲ၍ ရွှေပြည့်အိမ် အပေါ်သို့တက်ခဲ့၏။

"ဘာတွေဝယ်လာတာလဲ မေထား"

"ကြက်သားကြော်မယ်လေ၊ သားက ထမင်း ကိုဆီဆမ်း ဆားဖြူးပြီး ကြက်သားကြော်နဲ့ပဲ စားမယ် ဆဲ့၊ ကြက်ရိုးနဲ့ ငွေးတောက်ရွက်ဟင်းချိုလုပ်မယ်"

"ဒါက ဘာတွေလဲ၊ မုန့်လုံးရေပေါ်လား"

"ဟုတ်တယ်သမီး၊ ယတြာချေဖို့ မုန့်လုံးရေ ပေါ်နဲ့ ဆွမ်းတော်ကပ်မလို့ သမီးရဲ့၊ မုန့်လုံးရေပေါ်က လည်း ဈေးထဲမှာ ရှားရှားပါးပါး တစ်ယောက်ပဲရှိတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့အတွက် ယတြာချေမှာလဲ၊ အောင်အောင့်အတွက်လား။ သမီးကိုလည်း တွက်ပေးဦးလေ မေထား"

ဒေါ်ထားအေးက ဗေဒင်ပညာ လေ့လာထား၍ အနည်းငယ် တွက်ချက်တတ်သည်။

"သမီးက စနေသိုက်ဖွားနော်၊ ဒီနှစ် သောကြာ သက်ရောက်တယ်၊ စာမေးပွဲအောင်မယ်၊ ပညာထူးရမယ်၊ ဘုရားဖူးခရီးထွက်ရမယ်၊ ကံကောင်းရင် ဒီနှစ်ထဲမှာ လင်ကောင်းသားကောင်းရမယ်"

ဒေါ်ထားအေးက အောင်ချမ်းမွန်အတွက် မုန့်ဟင်းခါးထည့်ပေးရင်းက ပြောသည်။

"ဟင် ... လင်ကောင်းသားကောင်းဆိုတာတော့ စိတ်မဝင်စားပေါင်၊ စာမေးပွဲအောင်မယ်ဆိုတာကိုပဲ ဝမ်းသာတယ်၊ သမီး ဘာယတြာလုပ်ရမလဲ"

"မွေးနေ့ အိပ်ရာပြောင်းအိပ်၊ ဘုရားကို စမူဆာငါးခုလှူ"

"ဟာ ... ယတြာက လွယ်လွယ်လေး"

"သမီး ဈေးကဝယ်လာတဲ့ မုန့်ဟင်းခါးလေ၊



စားပါဦး။ ဟင်းရည်တွေ အများကြီးပဲ၊ နှစ်ပွဲဝယ်လာတာ"

"ဟင့်အင်း ... မေထားအတွက် မဟုတ်လား။ မေထားပဲစားပါ၊ အောင် နေကောင်းလားဆိုတာ သိချင်တာ၊ စာမေးပွဲနီးမှ ဖြစ်နေလို့စိုးရိမ်တာ၊ အဖျားမကျသေးရင် ဆရာဝန်ပြလို့ပြောမလို့"

"အဖျားတော့ မရှိတော့ဘူး။ ခံတွင်းပျက်နေတာပေါ့၊ သမီးတို့အိမ်ရော ဘာချက်လဲ၊ ဈေးဝယ်ပြီးပြီလား"

"ဈေးကတော့ တစ်ပတ်စာ ဝယ်ထားတာမဟုတ်လား။ ဒီနေ့ ဘာချက်မလဲ မသိပါဘူး။ မိစံတို့က ကောင်းကောင်းမချက်တတ်ပါဘူး။ မေမေကလည်း အလုပ်များတော့ မီးဖိုထဲ ဝင်မပါနိုင်ဘူး၊ မေမေက ဘာချက်၊ ဘာချက်လို့သာပြောနိုင်တာ၊ မမကတော့ အခုနည်းနည်းပါးပါး ဝင်ချက်နေပြီ၊ ယောက်ျားယူတော့မှာမဟုတ်လား၊ ဟိုကျမှ ဘာမှမချက်တတ်ဖြစ်နေမှာ၊ သမီးလည်း စာမေးပွဲပြီးရင် မေထားဆီမှာ ဟင်းချက်သင်မယ်နော်"

"ဘာလဲ၊ နင်လည်း ယောက်ျားယူတော့မှာ

www.burmeseclassic.com

www.burmeseclassic.com



လား ပြည့်ရဲ့"

မုန့်ဟင်းခါးစားရင်းမှ အောင်ချမ်းမွန်က ပြောလိုက်သည်။

"ယောကျ်ားယူဖို့ စိတ်မကူးဘူး။ မိန်းကလေးပဲ ဟင်းချက်တတ်ရမှာပေါ့"

"သိဘူးလေ၊ စောစောက မေမေက လင်ကောင်းသားကောင်းရမယ်ဆိုလို့ ဟင်းချက်သင်ချင်လားလို့"

"သေလိုက်ပါလား ငအောင်ရဲ့၊ ဘာမှန်းလည်း မသိဘူး။ ငါလား ယောကျ်ားယူဖို့မပြောနဲ့ ရည်းစားထားဖို့တောင် စိတ်မကူးသေးဘူးနော်"

"အဲဒါ ကြိုက်တဲ့သူ မတွေ့သေးလို့ ဖြစ်မှာပေါ့ဟာ၊ နင်လား ..."

"ဘာဖြစ်လဲ၊ ငါ၊ ဟင်း ...ငါနော်၊ မပြောလိုက်ချင်ဘူး။ နင်သာ ရည်းစားထားဖို့စိတ်ကူးပြီး မိန်းမလိုက်ငမ်းနေတာ"

"ကဲပါ..တော်ကြပါတော့၊ ဒီသူငယ်ချင်းနှစ်ယောက် တွေ့လိုက်ရင် ရန်ဖြစ်ဖို့ပဲ၊ အောင်ကလည်း



ပြည့်မခံချင်အောင် စမနေပါနဲ့၊ သမီးတို့ သားတို့ အရွယ်ဟာ အသက်နှစ်ဆယ်ကျော်ရုံပဲ ရှိသေးတယ်၊ ငယ်ပါသေးတယ်၊ ပညာပဲ ကြိုးစားကြဦး၊ တခြားဟာတွေက နောက်မှ၊ မေမေ ဟင်းချက်လိုက်ဦးမယ်နော်သမီး"

ရွှေပြည့်အိမ်က အောင်ချမ်းမွန်အား မျက်စောင်းထိုးကြည့်ပြီး လက်သီးဆုပ်ပြလိုက်၏။

အောင်ချမ်းမွန် မုန့်ဟင်းခါး စားပြီးသွား၏။

အဆင်သင့်ဖျော်ပေးထားသော ကော်ဖီနှင့်ဆေးကို သောက်သည်။

ရွှေပြည့်အိမ် မျက်နှာကို ရှုပုတ်ပုတ်လုပ်ထားဆဲ။

"နင် ကော်ဖီသောက်ဦးမလား"

"သွားပါ၊ မသောက်ပါဘူး။ ငါ့ကို မဟုတ်တာတွေ လာပြောပြီးတော့"

"ဟဲ ... ဟုတ်၊ စတာပါ၊ ဒီလောက်မှအပြောမခံဘူးလား။ ဟုတ်တာပြောတာပဲဟာ"

"အောင်နော် ... ပြောပြန်ပြီလား။ နင် ခုမှကောင်းဘူးဆိုလို့ ငါကြည့်နေတာ၊ နို့မဟုတ်ရင် သေဖို့

www.burmeseclassic.com

www.burmeseclassic.com



ပြင်''

အောင်ချမ်းမွန် ပြုံးစိစိလုပ်နေ၏။

''စာတွေကျက်ပြီးပြီလား''

''ကျက်တုန်းပဲလေ၊ ဒီနေ့တောင် အေးမိတို့ စာလာကျက်မယ်၊ ဆယ်နာရီလောက်မှ လာမှာပါ။ သီတာချိုတို့အဘိုးရဲ့မွေးနေ့ ဘုန်းကြီးကျောင်းမှာ နန်းကြီးသုပ်ကျွေးတယ်၊ သီတာချိုက နန်းကြီးသုပ် ယူလာခဲ့မယ်တဲ့၊ နင်ကော စားဦးမလား၊ သူတို့ယူလာရင် နင့်အတွက် လာပေးမယ်လေ''

''မစားချင်ပါဘူး၊ ခုတောင် မုန့်ဟင်းခါးကို မနည်းကုန်အောင်စားရတာ''

''ဘာလဲ၊ ပါးစပ်က ခံတွင်းမတွေ့တာလား''

''အင်း ...ပါးစပ်ထဲမှာလည်း ခါးနေတယ်၊ ရင်လည်းပြည့်နေသလိုပဲ''

''နင် တကယ်နေကောင်းရဲ့လား၊ ဆရာဝန်ပြလိုက်ပါလား၊ ညနေကျ ငါ ဆေးတိုက်လိုက်ပို့ပေးမယ်လေ''

''ကောင်းပါတယ်၊ ခုတော့ ခေါင်းတွေမကြည်



သေးဘူး၊ စာလည်း မကျက်ချင်သေးဘူး၊ ခဏအိပ်လိုက်ရင် ကောင်းမလားဘဲ''

''ဒါဆိုအိပ်လေ၊ ဒီနေ့ စာမကျက်နဲ့ဦး။နင်က စာတော်ပြီးသားပဲဟာ၊ အိပ်လိုက်၊ ငါလည်း ပြန်တော့မယ်၊ ညနေကျမှ လာကြည့်ဦးမယ်၊ နေကောင်းအောင်နေနော်၊ မကောင်းရင်တော့ ဆေးခန်းသွားရမှာပဲ''

''အင်းပါ ဆရာမရယ်၊ နင် ငါ့အပေါ်ဆို ဆရာသိပ်လုပ်ချင်တယ်''

''ဟင်း ...ဟင်း ...ဟင်း။ ငါက အိမ်မှာ အငယ်ဆုံးဆိုတော့ ဘယ်သူ့ကိုမှ ဆရာလုပ်လို့မရဘူး။ နင့်ကိုပဲ ဩဇာမာလကာပေးရတာ''

''အေးပေါ့လေ၊ နိုင်တဲ့လူကို ဗိုနိုင်ပေါ့၊ ဝဋ်ရှိ သမျှခံရဦးမှာပဲ''

''အဲဒီဝဋ်က နင်ဘယ်တော့မှ မလွတ်စေရဘူး သိလား''

အမြင်ကတ်ကတ်နှင့် တမင်ရွဲ့ပြောပြီး အိမ်သို့ ပြန်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

၇။

သူငယ်ချင်းတွေမလာခင်ပင် ရွှေပြည့်အိမ် ရေချိုး အဝတ်အစားလဲထား၏။

မျက်နှာကို သနပ်ခါးရေကျဲပွတ်ပြီး ခါးအထိ ရှည်လျားသော ဆံပင်များကို ကျားပါးစပ် ပလပ်စတစ် ကလစ်ကြီးဖြင့် အပေါ်သို့ ပင့်တင်ထားသည်။

စပန့်သားနှင့်ချုပ်ထားသော ဂါဝန်ပွပွကြီးကို ဝတ် ထား၏။

သူငယ်ချင်းတွေအလာ မျှော်နေရင်းမှ ဗိုက် ဆာလာသလိုရှိ၍ ထမင်းစားဖို့ ပြင်နိုင်းသည်။

"ဟိုမှာ လာနေကြပြီ၊ ထမင်းစားဦးမလား"

"စားမယ်လေ၊ သူတို့က နန်းကြီးသုပ် ပါလာ မယ်ပြောတာ၊ နေ့လယ်မှ အဆာပြေစားရမှာ"



မိဂျိုးက ထမင်းပြင်ပေးသည်။

"နင် စားနေပြီလားဟဲ့၊ နန်းကြီးသုပ်စားပါ လား"

သီတာချိုက ပြောသည်။

"နင်တို့ မလာသေးလို့စားတာ"

"နန်းကြီးသုပ်က ဘယ်လိုယူလာတာလဲ၊ နယ် ပြီးသားလား"

"ဟင့်အင်း။ ကြက်သားဟင်းသပ်သပ်၊ ဒီကျ မှနယ်မယ်လေ၊ အချဉ်သပ်သပ်၊ ပဲမှုန့်လည်း ကော်ဖူးနဲ့ ထည့်လာတယ်တွေ့လား။ ကဲ ... အားလုံးအတွက် လုပ် ပေးမယ်၊ ပန်းကန်တွေ၊ ဇွန်းတွေသာပေး"

သီတာချိုက သူယူလာသော နန်းကြီးသုပ်များ ကို အဆင်သင့်စားရန် ပြင်ပေးသည်။

"ဘဲဥတွေလည်း ပါတယ်၊ ပြုတ်ပြီးသားအခွံ မနွှာရသေးဘူး။ အေးမိ အခွံနွှာဟယ်၊ ပြီးတော့ အကွင်း လေးတွေလှီးပေး"

"ငါးဖယ်ကြော်တွေကရော"

"သူက လှီးပြီးသား၊ ဒီအတိုင်း ထည့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သီတာချို၊ အေးမိမိထွန်း၊ ငွေစင်ထွန်း၊ ခင်ကြည်ကြည်ကျော်နှင့် ရွှေပြည့်အိမ်တို့ ငါးယောက်အပြင် မိစံနှင့် မိဂျူးတို့အတွက်ပါ တစ်ခါတည်းသုပ်ပေး၏။

"လိုက်ပွဲပါ အဆင်သင့်လုပ်ထားပေးနော်" ငွေစင်ထွန်းက ပြောသည်။

"သိပါတယ်၊ အစားပုပ်မရဲ့၊ နင်ဟာ ဗူဖကောသေလို့ ဝင်စားတာလို့ထင်လောက်တယ်၊ အစားကတော့ ဘာစားသလဲမမေးနဲ့၊ စားသလောက် ပိန်တယ်"

"အသုပ်တွေက အများကြီး၊အောင်ချမ်းမွန်တို့ အတွက်ပါ ခွဲထည့်ပေးလိုက်ပါဟယ်၊ မိစံ မေထားဆီ သွားပေးလိုက်နော်"

"ဟင်း ... လုပ်ပြီ၊ နင်ကတော့ ဘာစားစား မြိုမဖြောင့်ဘူးပေါ့၊ ဟုတ်လား၊ကဲ ... ပေးလိုက်ပါဟယ်၊ ပြည့် ကျေနပ်အောင်"

"အောင်က နေမကောင်းဘူး၊ ခံတွင်းပျက်နေတာ၊ အသုပ်ကလေးစားလိုက်ရင် ခံတွင်းကောင်းလာမလားလို့"

ရွှေပြည့်အိမ် ကိုယ်တိုင်ပင် နန်းကြီးသုပ်နှင့်



ဟင်းချိုကို စတီးချိုင့်နှင့် သေသပ်စွာထည့်ပြီး မိစံအား ပို့ခိုင်းလိုက်သည်။

ထိုနောက် သူငယ်ချင်းတွေ နန်းကြီးသုပ်ကို အားပါးတရစားမိကြ၏။

"ဝယ်စားရင်တောင် ဒီလောက်မကောင်းဘူး၊ နင်သုပ်တာ အဆင်ပြေလိုက်တာ၊ စားလို့အရမ်းကောင်းတာပဲ"

"နင်မကောင်းတာ ဘာရှိလဲမိကျော်ရယ်"

"အဆင်ပြေတာ ငါ့ကြောင့် မဟုတ်ပါဘူး၊ အကောင်းတွေချည်း ထည့်ထားတာကိုး၊ ကြက်သားကလည်း နိုင်းချင်း၊ ငါးဖယ်နဲ့ ဘဲဥကလည်း ပါသေးတာကိုး၊ ပဲမှုန့်ကလည်း ရှယ်ပဲ၊ နန်းကြီးသုပ်က အဓိက ပဲမှုန့်ပဲ၊ ပဲမှုန့်စိုးစိုးကလေးနဲ့ဆိုမှ စားလို့ကောင်းတာ"

"ဟင်းချိုကလည်း ကြက်ရိုးတွေနဲ့ဆိုတော့ ချိုနေတာပေါ့ဟယ်"

"ဘုန်းကြီးအချိုပွဲထဲက နနွင်းမကောင်းနဲ့ ကျောက်ကျောတွေပါ ယူခဲ့သေးတယ်"

"အဲဒါ နေ့လယ်မှာ လက်ဖက်ရည်နဲ့ စားကြ

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့''

စားသောက်ပြီး စာကျက်ကြရသည်။ တစ်ဦးချင်း ကျက်သည်ထက် စုပေါင်း၍ကျက်တာက ပိုပြီး အရလွယ်သည်။ မှတ်မိသည်။

တစ်ယောက်မသိတာ တစ်ယောက် ရှင်းပြ၊ တစ်ခါတလေ သူမှန်သည် ကိုယ်မှန်သည်ဖြင့် ငြင်းခုန်ကြရင်းမှ စာတွေကို ပို၍မှတ်မိသွားသည် မဟုတ်လား။

''သမီးတို့ စာတွေကျက်နေကြတာလား၊ စကားတွေပြောနေကြတာလား''

နေ့လယ်ဖက်တွင် စာကျက်တာ ခဏနား၍ ကော်ဖီသောက်ဖို့ ပြင်နေကြစဉ် ဒေါ်ထားအေး ရောက်လာ၍ မေးသည်။

''စာလည်းကျက်၊ စကားသည်းပြော၊ အခု ကော်ဖီသောက်မလို့၊ နန်းကြီးသုပ်တွေစားထားတာ ချဉ်သလိုလိုဖြစ်လို့''

''ဒါဆို အတော်ပဲ၊ မေထား လက်ဖက်သုပ်လာပို့တာ၊ ချဉ်ချဉ်စပ်စပ်လေး အိပ်ချင်လည်းပြေ၊ နံ့တွင်းလည်းရှင်း''

''ကျေးဇူးပဲမေထား၊ ကဲ ... အမိတို့စားရတာ ကြုံလို့စားရတာ၊ မေထား လက်ဖက်သုပ်က အရမ်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာ၊ တွေ့လား၊ လက်ဖက်သုပ်ထဲမှာ ပြောင်းဖူး ပါ ထည့်သုပ်ထားတာ၊ ကောင်းရောပေါ့''

လက်ဖက်ကို ဆားနှင့်နယ်၍ အရည်များညှစ်ပြီးမှ ကြက်သွန်ဖြူနှင့် ရောထောင်းကာ၊ ဆီရွှဲရွှဲစိမ်ကာ နှပ်ထားသည်မို့ လက်ဖက်သားက မွှေးပြီးအိနေ၏။ သုပ်ကာနီးမှ နှမ်း၊ ကြက်သွန်ကြော်၊ မြေပဲ၊ ပဲကြမ်းကြော်၊ ပုစွန်ခြောက် စသည်တို့အပြင် ပြောင်းဖူးပြုတ်ကို တစ်စေ့ချင်းခြွေ၍ ထည့်သုပ်၏။ ခရမ်းချဉ်သီးအစိမ်းလေးများကိုလည်း ပါးပါးလှီး၍ထည့်စားကာ သံပုရာရည် ရွှဲရွှဲလေး ညှစ်ထားလေသည်။

''ကျောက်ကျောနဲ့ နနွင်းမကင်း ယူသွားပါလား မေထား''

''နေပါစေတော့၊ မနက်က နန်းကြီးသုပ်တွေ စားပြီး ထမင်းတောင်မစားနိုင်တော့ဘူး၊ အောင်အောင် လည်း စာကျက်နေတယ်''

''နေကောင်းရဲ့လား''

''ကောင်းပါပြီ၊ ရေနွေးနဲ့ ရေချိုးတယ်လေ၊ မချိုး ပါနဲ့ဆိုတာ မရဘူး၊ မေထား သွားမယ်နော် သမီးတို့''



ဒေါ်ထားအေး၏ လက်ဖက်သုပ်ကို အေးမီမီတွန်းက အရင်စ၍ ဖွန်းနှင့်ခပ်စားသည်။

''ကောင်းတယ်ဟာ၊ ဒါကြောင့် မိပြည့်က မေ့ထား၊ မေထားနဲ့နေတာ၊ မေထားလို အမေမျိုးလို ချင်လိုက်တာ၊ အရမ်းသဘောကောင်းတဲ့ပုံပဲ''

''ဒါဆို ယောက္ခမတော်လိုက်''

သီတာချိုက ပြောသည်။

''အမယ်၊ အမယ်၊ အေးမီနော်၊ ငါ အရင် ယောက္ခမတော်ထားပြီးသား၊ ပြည့်ကိုမေးကြည့်''

ခင်ကြည်ကြည်ကျော်က ပြောသည်။

''မိန်းမတွေ တော်တော်နန့်တယ်၊ ရှင်တို့ ဒီဗိုင်း မျိုးနဲ့တော့ အောင်အောင်က ကြိုက်ပါလိမ့်မယ် အားကြီး ကြီး''

''ဘာလဲ၊ ရှင့်ဒီဗိုင်းမျိုးမှ အောင်အောင်က ကြိုက် တာလား''

ရွှေပြည့်အိမ် နှုတ်ခမ်းလေး စူထားလိုက်၏။

''ရှင်ကလေ၊ အောင်ချမ်းမွန်နဲ့ပတ်သက်ရင် ဆတ်ဆတ်ထိမခံဘူး၊ ဘာဖြစ်နေရတာလဲ၊ အောင်ချမ်း

www.burmeseclassic.com



မွန်ကို ကျုပ်တို့သူငယ်ချင်းတွေထဲက တစ်ယောက်ယောက်နဲ့ သဘောတူလိုက်၊ ဒါမှ ဖိတ်ချင်းဖိတ် ကိုယ့်အိုးထဲ ဖိတ်လိုက်ပေါ့"

ခင်ကြည်ကြည်ကျော်က ပြောရင်းဖြင့် မျက်စိတစ်ဖက် မှိတ်ပြသည်။

အမှန်တော့ သူတို့က ရွှေပြည့်အိမ်ကို စနေကြခြင်းပင်ဖြစ်သည်။

"အောင်အောင်နဲ့ ကျုပ်က ငယ်ငယ်ကတည်းက အတူဆော့၊ အတူစားပြီး ကြီးလာကြတာ၊ မောင်နှမဆိုလည်းဟုတ်၊ သူငယ်ချင်းဆိုလည်း ဟုတ်တယ်၊ ဒါကြောင့် အောင်အောင်နဲ့ပတ်သက်ရင် ဘာဖြစ်ဖြစ် ကျုပ်အလေးထားတယ်၊ ရှင်တို့ ဒီလောက်ကြိုက် နေရင်လည်း ကျုပ် သဘောတူတယ်၊ အောင်အောင်က ကြိုက်ရင်ပေါ့လေ၊ အောင်အောင်ကြိုက်တာထက် မေထားကြိုက်ဖို့ အရေးကြီးတာ၊ ဘာဖြစ်လို့လဲဆိုရင် အောင်အောင်က သူ့အမေစကား အရမ်းနားထောင်တာ"

"ဒါဆို မေထားက ဘယ်လိုဒီဇိုင်းမျိုးမှ ကြိုက်မှာလဲ၊ မေထားကြည့်ရတာ အေးချမ်းတယ်၊ ဘယ်လို



ဖြစ်ဖြစ် သူကြိုက်မှာပါ"

"မေထားက ကိုယ်တိုင်လည်း မိန်းမပီသတယ်၊ မြန်မာဆန်တယ်၊ ဘုရားတရားလည်း အရမ်းလုပ်တာ၊ ဒီတော့ ရှင်တို့ကို မေထားက ချွေးမတော်ဖို့ ရွေးချယ်စေချင်ရင် မိန်းမပီသရတယ်၊ မိန်းမပီသတယ်ဆိုတာ ချက်တတ်ပြုတ်တတ်ရမယ်၊ မိန်းမအလုပ်ကို ကျွမ်းရမယ်"

"သိပါတယ်၊ မိန်းမဖြစ်ပြီး မိန်းမအလုပ် မလုပ်တတ်တာရှိမလား"

"ကလင် ... ကလင် ... ကလင်"

စကားပြောကောင်းနေဆဲ တယ်လီဖုန်းသံက မြည်လာ၍ ရွှေပြည့်အိမ် တယ်လီဖုန်းရှိရာသို့ပြေးလာခဲ့၏။

"ဟဲလို"

"ပြည့်လား"

"ဟင်"

"ပြည့် စာကျက်နေလား"

"ဟုတ်ကဲ့"

"ကိုယ် မေးစရာတစ်ခုရှိလို့"

"ဘာမေးမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မမြတ်သန္တာတို့ မင်္ဂလာဧည့်ခံပွဲအတွက် ပြည့် အဝတ်အစား ဝယ်ပြီးပြီလား"

"ဟင့်အင်း"

"ပြည့် ဘာဝတ်မှာလဲ"

"မသိဘူး၊ မစဉ်းစားရသေးဘူး"

အဲဒါ သူနဲ့ဘာဆိုင်လဲလို့ ပြည့် စဉ်းစားရင်းက ဖြေသည်။

"ပြည့် အဝတ်အစားအတွက် မစီစဉ်ရသေးဘူး၊ မဝယ်ရသေးဘူးဆိုရင် ကိုယ့်အစ်မဝမ်းကွဲ တစ်ယောက် ဆီမှာချုပ်ဖို့ ပြောမလို့၊ မေတ္တာနဲ့ချုပ်ပေးမှာ၊အစ်မက ဂျမန်က အင်္ဂျီနီယိုင်းပညာ ဒီပလိုမာယူလာတာ၊ ဆိုင်ဖွင့်ဖို့လည်း စီစဉ်ထားတယ်"

"ဩော် ... အင်း၊ ဒါပေမယ့် ခု ဘာမှ မစဉ်းစားရသေးဘူး၊ ကျွန်မက သတို့သမီးမှ မဟုတ်တာ၊ သိပ်ပြီး အရေးမကြီးပါဘူး"

"ဟာ ... သတို့သမီးရဲ့ ညီမတစ်ယောက်လုံး ပဲဟာ၊ ဒါဆို မနက်ဖြန် ကိုယ်နဲ့ခဏလေးလိုက်ခဲ့၊ အဲဒီ အစ်မဆီ ခေါ်သွားပြီး ကိုယ်တိုင်းမယ်၊ အဝတ်အစားကိစ္စ



မစဉ်းစားနဲ့တော့၊ ကိုယ် စီစဉ်ပေးမယ်"

"ဟင် ... ရှင် တော်တော်သဘောကောင်း နေပါလား၊ ဒါပေမယ့် အားနာပါတယ်"

"ဟာဗျာ အစ်မကလည်း မိတ်ဖြစ်ဆွေဖြစ် ချုပ်ပေးချင်လို့"

"ရပါတယ်၊ တခြားတစ်ယောက်ယောက်ကို ချုပ် ပေးပါ၊ ကျွန်မကိုတော့ မစဉ်းစားနဲ့၊ ဒါပဲနော်၊ သူငယ်ချင်း တွေက စာကျက်ဖို့ စောင့်နေကြတယ်"

တယ်လီဖုန်းကို ပြန်ချပြီး သူငယ်ချင်းများဆီ လျှောက်လာရင်းက ရင်ဘတ်ကို လက်နှင့်ဖိထားလိုက် သည်။

"တော်သေးရဲ့၊ မြန်မြန်ဖုန်းချပစ်လိုက်လို့"

"ဘာဖြစ်လို့လဲ၊ ဘယ်သူ့ဆီကလဲ"

သီတာချို မေး၏။

အားလုံးကလည်း သိချင်စွာနှင့် ကြည့်နေကြ ၏။

"ကိုမိုးဝေယံလေ၊ မမဧည့်ခံပွဲအတွက် အဝတ် အစား မချုပ်ရသေးဘူးဆိုရင် တို့အတွက် သူ စီစဉ်ပေး

www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့''

''ခစ် . . . ခစ်၊ ကောင်းသားပဲဟဲ့၊ သူ ဒီလောက် စေတနာကောင်းနေရင်လည်း သူချုပ်ပေးတာ ဝတ်လိုက်ပေါ့''

''ဟင် . . . ဘာလုပ်ရမှာလဲ၊ အဲဒါ သိက္ခာကျတာပေါ့၊ သူ့အစ်မက ဂျပန်ကနေ အင်္ကျီဒီဇိုင်နာ ဒီပလိုမာဘွဲ့ ရလာတာ၊ ချုပ်ပေးချင်လို့တဲ့၊ ငါများ ဘာအောက်မေ့လို့လဲ မသိဘူး။ ဒီလောက်ကြီးတော့ တို့ မပေါသေးပါဘူးကွာ၊ တော်ကြာ အထင်သေးခံရဦးမယ်''

''ဟုတ်တာပေါ့၊ သူပေးတိုင်း လက်ခံရမှာလား။ အဝတ်အစားတစ်စုံအတွက်နဲ့ ကိုယ့်ကိုယ်ကို ဈေးအကျမခံနဲ့''

''ကဲ . . . အာဂတံ ဘာဂတံတွေထား၊ စာဆက်ကျက်ရအောင်ကွာ''

မိုးဝေယံနှင့် ပတ်သက်တာတွေ မေ့ထားပြီး စာကျက်ကြသည်။



၉။

''ကလင် . . . ကလင့် . . . ကလင်''

နာရီနိုးစက်သံလေး မြည်လာသည်နှင့် အိပ်မောကျနေသော ရွှေပြည့်အိမ်၏ အသိစိတ်သည် ဆတ်ခနဲ တုန်ခါကာ နိုးလာ၏။

မျက်လုံးများလည်း ပွင့်လာကာ လက်က ခေါင်းအုံးဘေးမှာရှိသည့် နာရီနိုးစက်ခလုတ်အား ပိတ်လိုက်သည်။

ဒီနေ့ စာမေးပွဲ စဖြေရမည့်နေ့လေ။

နံနက်စောစော စာကြည့်ရန်အတွက် နိုးစက်ကလေးအား သံပတ်ပေးထားခြင်းဖြစ်သည်။

ခြင်ထောင်ကို မထောင်၊ စောင်ကိုခေါက်၊ အိပ်ရာများသိမ်းပြီး၊ သွားတိုက် မျက်နှာသစ်၊ စာကြည့်ရန်

www.burmeseclassic.com



စားပွဲမှာ မထိုင်ခင် ခြံထဲရှိ တစ်ဖက်အိမ်သို့ လှမ်းကြည့်လိုက်သည်။

အောင်ချမ်းမွန်တို့အိမ်မှ မီးလင်းနေတာ တွေ့ရ၏။

သူက ကိုယ့်ထက်တောင် ဝီရိယရှိနေသည်။

မနက်လေးနာရီမှစ၍ စာကြည့်နေစဉ် ငါးနာရီထိုးတွင် မိစံနှင့် မိဂျိုး အိပ်ရာမှနိုးလာပြီး ရွှေပြည့်အိမ်အတွက် ကော်ဖီနှင့်မုန့် လာပို့သည်။

ဒေါ်ကြည်ကြည်ဆွေက အရုဏ်ဆွမ်းကပ်ပြီး ဘုရားဝတ်ပြုနေပြီဖြစ်သည်။

ခြောက်နာရီခွဲသည်နှင့် ရွှေပြည့်အိမ် ရေချိုး အလှပြင် အဝတ်အစားလဲသည်။

စာမေးပွဲသွားဖြေမည်မို့ ဘာမှထူးထူးထွေထွေ အလှပြင်မနေ။

မျက်နှာကို သနပ်ခါးရေကျဲလေးပွတ်ပြီး ကရင်ပတ်ဖ်ရိုက်ထား၏။

ဆံပင်ကို သေချာဖြီးပြီး အပေါ်သို့ မြှင့်တင်၍



စုစည်းထားသည်။

လီနင်ဖဲဖြင့် ချုပ်ထားသည့် ဘလောက်စ် အဖြူလေးကို စကပ်ထဘီနက်ပြာရောင်လေးနှင့် တွဲဝတ်ထားပြီး ဘုရားခန်းထဲမှာ သောက်တော်ရေကပ် ဘုရားရှိခိုးသည်။

သရဏဂုဏ်သုံးပါးနှင့် ဂုဏ်တော်ကိုးပါး ပုတီးစိတ်၊ မေတ္တာပို့ပြီးမှ အောက်သို့ဆင်းခဲ့၏။

ထမင်းကြော်နှင့် ကော်ဖီက အဆင်သင့်ဖြစ်နေပြီ။

ဦးလှရွှေကလည်း ကျောင်းသို့လိုက်ပို့ရန် ကား အဆင်သင့်ဖြစ်နေပြီ။

"သမီး စာမေးပွဲဖြေရမယ်လား။ အေး အေး ဖြေနိုင်ပါစေလို့ မေမေ မေတ္တာပို့ပေးနေမယ်၊ ရော့ မုန့်ဖိုး ယူသွား"

ဒေါ်ကြည်ကြည်ဆွေက မုန့်ဖိုးဆိုပြီး ငွေတစ်ထောင်ထုတ်ပေးသည်။

"စာမေးပွဲဖြေတဲ့နေ့မို့ အထူးပေးတာ၊ သမီး

www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့မင်္ဂလာကိစ္စ လုံးပန်းနေတာနဲ့ သမီးငယ်ကို ဂရုမစိုက်နိုင်ဘူး ဖြစ်နေတယ်၊ မင်္ဂလာဆောင်အတွက် အဝတ်အစားချုပ်ဖို့ မေမေ ငွေနှစ်သောင်းပေးမယ်၊ သမီးဝယ်ချင်တာဝယ်၊ ဖိနပ်လည်း မေမေမှာထားသေး တယ်''

''ရတယ်၊ သမီးမှာရှိတဲ့ ဖိနပ်ပဲ စီးမယ်၊ သွား မယ်မေမေ''

ခြံထဲသို့ ဆင်းလာသည်နှင့် အိမ်ရှေ့နေပူစာ လှုံရင်း အောင်ချမ်းမွန် စာကျက်နေတာ တွေ့ရ၏။

''အောင်အောင်၊ သွားမယ်လေ''

''အေး . . . အေး''

စာမေးပွဲဖြေရမည့်နေ့ အတူတူမို့ အောင်ချမ်း မွန်ပါ အတူလိုက်မည်ဖြစ်သည်။

''စာတွေက အများကြီးပဲ၊ ကျက်လို့ကို မပြီး နိုင်ဘူး။ မေးတော့သာ ဘာမှမဟုတ်တာ၊ နင်ကတော့ ရမှာပါအောင်ရာ''

''ငါ နေမကောင်းဖြစ်လိုက်တော့ စာကျက်



ပျက်သွားတယ်၊ ငါ့ကိုယ်ငါ သိပ်အားမရဘူး''

''နင်လား၊ အားမရဘူး။ မဖြေနိုင်ဘူးဆိုပြီး အောင်စာရင်းထွက်လာတော့ ဂုဏ်ထူးတွေနဲ့''

အောင်ချမ်းမွန် ဘာမှမပြောတော့။

ရွှေပြည့်အိမ်က ဒီလိုပဲ သူ့အား စကားနှင့် နိုင်နေ ကျဆိုတာ သိသည်။

တကယ်ကျတော့ ရွှေပြည့်အိမ်သည် သူ့အပေါ် သူငယ်ချင်းကောင်းပီသစွာ မောင်နှမလို မေတ္တာမျိုးဖြင့် အစစအရာရာ ဂရုစိုက်တတ်သည်။

သူကိုယ်တိုင်ကလည်း ဒီလိုပင်။ ရွှေပြည့်အိမ် နှင့် ပတ်သက်၍ဘာကိုပဲဖြစ်ဖြစ် အနစ်နာခံလုပ်ပေး လိုသည်။

ရွှေပြည့်အိမ်အကျိုးရှိမည့် အရာအားလုံးကို သူ တတ်နိုင်သမျှ စွမ်းဆောင်လုပ်ကိုင်ပေးချင်နေသည်။

ထို့ကြောင့် ရွှေပြည့်အိမ်ပြောဆိုသမျှကိုလည်း နာခံနိုင်သည်။

''ဖြေပြီးရင်၊ ဒီမှာပဲ ပြန်စောင့်နော်''

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ"

"နှင့်မှာ တစ်ရှူးအပိုပါရင် ပေးစမ်းပါ"

"ဟော့ . . . ရော့၊ နောက် ဘာလိုသေးလဲ ပရုပ်ဆီတို့ ရှူဆေးတို့လည်း ငါ့မှာပါတယ်၊ လိုသေးလား"

"မလိုပါဘူး"

ရွှေပြည့်အိမ် သူဖြေရမည့် အခန်းသို့ သွားသည်။

အောင်ချမ်းမွန်က သိပ်ဝေးဝေးမသွားရ။

"ချမ်းရေ . . . အပိုင်ပဲလား"

အနားမှာ ရေမွှေးနံ့လေး သင်းသွားပြီး ချိုသာသော အသံလေးဖြင့် မေးလိုက်သူအား လှည့်ကြည့်လိုက်၏။

သူတို့အတန်းထဲမှ ရတနာဖြစ်သည်။

"မနက်ဖြန် ရတနာ စာလာမေးမယ်သိလား။ ညနေပိုင်းလောက်လာမယ်၊ ရှိတယ်နော်"

"ရှိပါတယ်"

"နေမကောင်းဘူးလား၊ မျက်နှာလေးချောင်



သွားတယ်"

"အင်း . . . ခုနစ်ရက်လောက် ဖျားလိုက်တယ်"

ရတနာနှင့်သူက ခုံနံပါတ်ချင်း အထက်အောက်ဆိုတော့ မကြာခဏတွေ့နေမြင်နေ ဆုံနေရ၏။

ရတနာက သူ့အား 'ချမ်း'ဟူ၍ ခင်မင်ရင်းနှီးစွာ ခေါ်သည်။

သည်နှစ်မှ ရတနာ "မန္တလေး"က ပြောင်းလာတာ ဖြစ်သည်။

စာမေးပွဲဖြေခန်းထဲ ရောက်သည်နှင့် အောင်ချမ်းမွန် သရဏဂုံသုံးပါးကို ရွတ်လိုက်၏။

ပြီးတော့ မေးခွန်းစာရွက်ကို ကြည့်လိုက်သည်။

သူ ကျက်ထားသည့် သူရသည့် သူပိုင်သည့်စာတွေသာ ဖြစ်နေသဖြင့် ဝမ်းသာအားရဖြေလိုက်သည်။

စာမေးပွဲဖြေနေရင်းက "မရဘူး၊ အားမရဘူးဆိုပြီး အောင်စာရင်းထွက်တော့ သူချည်းပဲ ဂုဏ်ထူး တွေနဲ့အောင်နေတာ"ဟု ပြောသော ရွှေပြည့်အိမ်၏ အသံကို ကြားကာ ပြုံးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ချမ်းမွန်က စာကို တလေးတစားကျက် မှတ်ကြိုးစားတတ်သူပေပဲ။

စာမေးပွဲဖြေနိုင်တာ၊ ဂုဏ်ထူးထွက်တာ၊ အဆန်း မဟုတ်ပါ။

စာမေးပွဲဖြေပြီးသည်နှင့် အလောသုံးဆယ်ဖြင့် ကားစောင့်နေမည့်နေရာသို့ လာခဲ့၏။

"ချမ်းရေ ... နေဦး"

ရတနာ ခေါ်ပြန်ပြီ။

သူလှည့်ကြည့်သည်နှင့် ရတနာက သူ့အနား ရောက်လာ၏။

"စာမေးပွဲဖြေပြီးတာနဲ့ တချိုးတည်းလစ်တော့ တာပဲ၊ ဖြေနိုင်လား"

ရတနာက မေးသည်။

"ဖြေနိုင်ပါတယ်"

"မနက်ဖြန်အတွက် ပါနိုင်တဲ့မေးခွန်းလေးတွေ တဲ့၊ ရော့ ... ယူသွား"

"ဩော် ... ဟုတ်လား။ ကျေးဇူးတင်ပါတယ်"

"မနက်ဖြန်ညနေ လာမယ်နော်၊ စာမေးချင်လို့



ညနေလေးနာရီလောက် လာမယ်၊ နားမလည်တာလေး သုံးလေးခု ချမ်းကို ရှင်းပြခိုင်းမလို့"

"လာခဲ့ပါ၊ ရပါတယ်၊ သွားမယ်နော်"

"ရတနာ့ကားလည်း အဲဒီမှာရပ်ထားတယ်၊ လာလေ အတူသွားမယ်"

ရတနာကား သိပ်လှသူမို့ သူ့အား ဝိုင်းကြည့် နေသူတွေက အများသား။

သူပါရောအကြည့်ခံရ၍ အောင်ချမ်းမွန်မျက်နှာ က ရှက်အန်းအန်းဖြစ်နေသည်။

"သွားမယ် ရတနာ"

"ဟုတ်"

ရတနာ့ကားက ရွှေပြည့်အိမ်တို့ကားအနီးမှာပင် ရပ်ထား၏။

"အောင် ... ဖြေနိုင်တယ်မဟုတ်လား"

ရွှေပြည့်အိမ်က ကားအနီးရောက်လာပြီး မေး၏။

"အင်း။ နင်ရော"

"ဒီလိုပါပဲ၊ ရတနာက ဘာတွေပြောနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အိမ် စာလာမေးမယ်ပြောတာ"

"ဟွန်း ... စာမေးစရာ နင်တစ်ယောက်ပဲ ရှိတာလား"

"သူက ငါ့ပဲ မေးချင်တာဖြစ်မှာပေါ့"

"အောင်မာ ... တော်တော်အထင်ကြီးနေ့ သူ့ကိုယ်သူ"

ပြောရင်းမှ ရွှေပြည့်အိမ်က အောင်ချမ်းမွန် လက်ကို ဆွဲဆိတ်၏။

ကားထွက်လာသောအခါ ရတနာက သူ့ကား ပေါ်မှနေ၍ လက်ကလေးဝှေ့ရမ်း နှုတ်ဆက်လိုက်သည်။

အောင်ချမ်းမွန်ကလည်း လက်ကိုမြှောက်၍ တာတာ့လုပ်လိုက်၏။

"အဖြစ်က သည်းနေလိုက်ကြတာ၊ အောင်နော် ငါ မျက်စိနောက်တယ်"

ရွှေပြည့်အိမ်က နှုတ်ခမ်းကို မဲ့ပြပြီး ပြော၏။

"ကောင်မလေးက တော်တော်ချောတာပဲ၊ ဘယ်သူလဲကွ"

ကားမောင်းနေရင်းမှ ဦးလှရွှေက မေး၏။



"သူငယ်ချင်းပါ၊ ရတနာတဲ့"

"ဟုတ်လား၊ ရုပ်ရှင်မင်းသမီးလားလို့ပါ၊ သူ ထွက်လာတော့ လူတွေက ဝိုင်းကြည့်နေကြလို့"

"မင်းသမီးရှုံးအောင် ပြင်ထားတာကိုး၊ ကြည့် ပါလား၊ စာမေးပွဲလာဖြေတာကို မိတ်ကပ်အပြည့်နဲ့ ဝတ်ထားတဲ့ဒီဇိုင်းကိုလည်းကြည့်၊ စတိတ်ရှိုး သီချင်းသွား ဆိုမယ့်အတိုင်း"

"သူ့ဘာသာ အလှပြင်တာပဲဟာ၊ အလှကြိုက် လို့နေမှာပေါ့"

"ဒါကရော ဘာပြောလို့လဲ၊ အလှပြင်တဲ့ အကြောင်းပဲ ပြောနေတာ၊ ဒါပေမယ့် သူနေရာနဲ့သူ မပြင် တော့ လူတွေဝိုင်းကြည့်တာပေါ့၊ နော"

"တချို့ အကြည့်ခံချင်လို့တောင် အကြည့် ခံရဘူး"

အောင်ချမ်းမွန်အား ရွှေပြည့်အိမ် မျက်စောင်း ထိုးလိုက်သည်။

"အေးပါ၊ ပြောပါ၊ နင်က ရတနာတို့ရင်ကို

www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်ဘူး"

"ဟာ ... ငါက အကောင်းပြောတာ၊ တချို့ မိန်းကလေးတွေဆို လူအကြည့်ခံချင်လွန်းလို့ မလှလှ အောင် ပြင်တာကိုပြောတာ"

"ဘယ်သူက ပြင်နေလို့လဲ"

"ပြင်တဲ့လူတွေကိုပြောတာ"

"ငါတို့တော့ မပြင်ပါဘူး၊ လူမကြည့်လည်း နေပါ"

"အေးပါ၊ နှင့်ကို ငါ မပြောပါဘူး"

"ရတနာကို နှင် သိပ်အထင်ကြီးနေလား"

"မကြီးပါဘူး၊ ဟဲ ... ဟဲ၊ ရတနာချောတာ တော့ အမှန်ပဲ"

"နှင်ကြိုက်နေတယ်ပေါ့"

"ဘာဆိုင်လဲ"

"နှင်ကြိုက်လို့ သူ့ကို ချောတယ်လို့ ထင်နေ တာပေါ့"

"ချောတာက ချောတာပဲ၊ ချောတဲ့မိန်းမတိုင်းကို



ကြိုက်ရမယ်ဆိုရင်တော့ ငါကြိုက်ရမယ့်မိန်းမတွေ အများ ကြီး ဟဲ ... ဟဲ ... ဟဲ"

"သေလိုက်၊ သွားသေလိုက်"

"ဒီနှစ်ယောက်ဟာ ရန်မဖြစ်ရရင် မနေနိုင်ဘူး၊ ဘာအကြောင်းမှလည်း မဟုတ်ဘဲနဲ့"

ဦးလှရွှေက ပြောသည်။

"ရန်ဖြစ်တာ မဟုတ်ဘူး ဦးကြီးရဲ့၊ သူက သူ့ အဆက်ထိလို့ မခံချင်ဖြစ်နေတာ၊ အဖြစ်သည်းတာကို အမြင်ကပ်တယ်"

"ငါ့အဆက်မဟုတ်ပါဘူး၊ သူငယ်ချင်းပါ"

"သူငယ်ချင်းမို့ပဲနော်၊ စောစောက ဦးလှရွှေ မတွေ့ဘူးလား၊ သူတို့နှစ်ယောက် ပူးကပ်ပြီး လမ်း လျှောက်နေတာ"

"မပူးကပ်ပါဘူးဟာ၊ တခြားကျောင်းသားတွေ ဝင်တိုးနေတော့ သူနဲ့ငါ ကပ်သွားတာပါ"

"နှင်ကလည်း ကပ်ချင်တာနဲ့ အတော်ပဲပေါ့၊ မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... ဟဲ"

အောင်ချမ်းမွန် ရယ်ဖြဲဖြဲလုပ်နေတာကိုပင် ရွှေပြည့်အိမ် မကျေမနပ်ဖြစ်နေသည်။

❀ - ❀

၁၀။

"တီ ... တီ ... တီ ... တီ"

ဆူပါဆလွန်း အဖြူရောင်ကားလေးကို ကိုယ်တိုင်မောင်းလာသော ရတနာ့ကို ခြံဝမှာ တွေ့လိုက်သည်နှင့် ရွှေပြည့်အိမ်၏ မျက်နှာလေး စူပုပ်သွား၏။

ခြံထဲမှာ ဘယ်သူမှလည်းမရှိ။ မိမိကိုယ်တိုင် တံခါးသွားမဖွင့်ပေးချင်၍ အိမ်ထဲသို့ လှမ်းအော်လိုက်၏။

"မိစံမေ့ ဒိဂျိုးရေ ... ခြံတံခါးဖွင့်ပေးလိုက်ဦး"

သူအော်ရင်းမှ အိမ်ထဲဝင်လာ၏။

ကားမောင်းသူ ဦးလှရွှေ၏သားလေး ဘာဘူက ပြေး၍ ဖွင့်ပေးလိုက်သည်။

ရတနာက ကားတံခါးဖွင့်ပြီး ဆင်းလာသည်။ ဘောင်းဘီတိုပွပွ ကားကားလေးဝတ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီက ပန်းပေါ်ကြိုးတစ်ချောင်းလေးသာ ရှိသည့် ကိုယ်ကျပ်ဒီဇိုင်းမျိုး။

"ဟွန်း ... စာလာမေးတာတဲ့၊ ဝတ်ထားတဲ့ ဒီဇိုင်းကလဲ"

ရွှေပြည့်အိမ် စိတ်ထဲက ကြိတ်၍ ကဲ့ရဲ့လိုက်၏။

"ချမ်း ... ရော"

မိစံအား မေးနေသည်။

"ရှင် ... ဒီမှာ ချမ်းမရှိဘူး"

"အောင်ချမ်းမွန်လေ"

"ဩော် ... ကိုအောင်အောင်လား။ ဟို ကားဂိုဒေါင်အပေါ်က အခန်းမှာနေတာ၊ သွားမေးကြည့်ရှိပါတယ်"

ရတနာက မျက်ခုံးလေးပင့်ပြီး ဟုတ်လားဟု မေးကာ ကားဂိုဒေါင်ဆီကို လျှောက်သွား၏။

ကားဂိုဒေါင်ဆိုသော်လည်း သားနားသည်။

နှစ်ထပ်တိုက် ပုံစံလှလှလေး ဆောက်ထားသဖြင့် ကားဂိုဒေါင်ဟု မထင်ရ၊ သီးသန့်အိမ်တစ်လုံးလို



ဖြစ်နေသည်။

"ချမ်းရေ"

အိမ်ရှေ့မှရပ်ပြီး ရတနာက ခေါ်လိုက်ရုံနှင့် စာကျက်နေသော အောင်ချမ်းမွန် ထွက်ကြည့်သည်။

"ရတနာ၊ လာလေ၊ အဲဒီလှေကားက တက်ခဲ့"

လိုက်ပို့သောမိစံအား ကျေးဇူးတင်ပါတယ်ဟု ရတနာ လှည့်ပြောပြီး လှေကားပေါ်တက်သွားသည်။

မိစံ အိမ်သို့ပြန်လာ၏။

"ပြည့်ရေ ... ကိုအောင်အောင့်ဆီ အစ်မတစ်ယောက် ချောချောလေးလာတယ်"

"သိသားပဲ"

ပြည့်ကပြောရင်း လက်ထဲမှ အချဉ်ထုပ်ကို ဖောက်လိုက်သည်။

"ကိုအောင်အောင်က မဆိုးဘူးပဲနော်၊ သူ့ရည်းစားလားမသိဘူး"

"တွေ့ကရာလျှောက်ပြောနေတယ်၊ သူ့ရည်းစား မဟုတ်ပါဘူး။ သူ့ကို ကြိုက်နေတာ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါကြောင့် အိမ်ကိုလာတာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီယောက်ချောတဲ့ အစ်မနဲ့ဆို ကိုအောင်အောင့်ကို သဘောတူတယ်"

"နင်က အောင့်အမေလား။ သဘောတူနေရအောင်"

"ခစ် ... ခစ် ... ခစ်"

မိစံ ရယ်၏။

သူတစ်ယောက်တည်း ရယ်ရုံနှင့် အားမရ၊ ကြမ်းတိုက်နေသော မိကျမ်းအား သွားပြောပြန်သည်။

ရွှေပြည့်အိမ်က အချည်ထုပ်စားရင်းမှ ညှော်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ စာကြည့်နေသည်။

ပြီးတော့ နာရီကို မော့ကြည့်လိုက်၊ အောင်ချမ်းမွန်တို့အိမ်ဆီ လှမ်းကြည့်လိုက်လုပ်နေ၏။

ရတနာရောက်တာ လေးနာရီ၊ ငါးနာရီရှိနေတာတောင် ရတနာဆိုသည့် မိန်းမ၊ မပြန်သေးပါလား။

စာမေးရေးလှုကလည်း ဒီလောက်ရှုံးသလား။

တစ်ခါမှ မရောက်ဖူးသည့် ယောက်ျားလေးအိမ်ကို သူမှီသွားရဲသည်။



ပြီးတော့ စာမေးနေတာ အကြာကြီး။

မေထားကလည်း ရတနာအား ကော်ဖီတွေဘာတွေ ဖျော်တိုက်နေသလား။ စားစရာတစ်ခုခု စီစဉ်ပေးနေသည်လားမှ မသိတာ။

ငါးနာရီခွဲတော့ ဒေါ်ကြည်ကြည်ဆွေတို့ လင်မယား ပြန်လာကြပြီ။

"သမီး စာကျက်နေမယ်ဆိုတာသိလို့ ကြက်သားသုပ်ဝယ်လာတယ်၊ ထမင်းနဲ့ တစ်ခါတည်းစားချင်စား၊ ဒါမှမဟုတ် ဒီအတိုင်းစားချင်စား"

ထုံးစံအတိုင်း ဒေါ်ကြည်ကြည်ဆွေက ရွှေဆိုင်မှ ပြန်လာလျှင် စားစရာတစ်မျိုးမျိုးတော့ ဝယ်လာတတ်သည်။

"ရော့ ... သမီးတစ်ယောက်တည်း စားရတာမျိုးမဖြောင့်ဘူးဆိုတာသိလို့ အောင့်အတွက်ပါ ကြက်သားသုပ်ဝယ်လာတယ်၊ စာမေးပွဲဖြေတဲ့ရက်မှာ အစားကောင်းကောင်းစား၊ အင်အားအပြည့်နဲ့ စာကျက်နိုင်အောင်"

"ဟင် ... မေကြီးကလည်း သမီးတို့က စာမေး

www.burmeseclassic.com

www.burmeseclassic.com



ပွဲဖြေမှ အစားကောင်းစားရတာကျလို့ နေ့တိုင်းစားနေတာ"

"အေးပါ၊ အထူးစပါယ်ရှယ် စားဖို့ပြောတာ။ အောင်လည်း ဟိုတလောကဖျားပြီး ခံတွင်းပျက်နေတယ် ဆိုလို့ ကြက်သားသုပ်ဝယ်လာတယ်၊ သွားဖို့ရင်း ရန်ဖြစ်ချေဦး"

"ဟင်...မေကလဲ၊ လုပ်ပြန်ပြီ၊ သမီးက ရန်လိုနေတယ်မှတ်လို့"

"မေမေက စတာပါ။ အောင်နဲ့သမီးက ရန်မဖြစ်ရရင် စားမဝင် အိပ်မပျော်ဖြစ်တတ်လို့ ပြီးရင် မခေါ်ဘဲလည်း မနေနိုင်ဘူး။ ခြံထဲက ကားက ဘယ်သူ့ကားလဲ၊ အောင့်ဆီလာတာလား"

"ဟုတ်တယ်၊သူ့ဆီ စာလာမေးတာတဲ့၊ သူ့ အတန်းထဲက ကျောင်းသူတစ်ယောက်ပါ၊ ဒါဆို သမီး အောင့်ဆီခဏသွားမယ်နော်၊ ပြန်လာမှ ကြက်သား သုပ် စားမယ်"

မေမေဝယ်လာသော ကြက်သားသုပ်တစ်ထုပ်



ယူ၍ အောင်ချမ်းမွန်တို့အိမ်ဆီသို့ သူရောက်လာခဲ့၏။

"စာမေးတာပဲလား။ တခြားအာလူးတွေဖုတ် နေတာလား။ သိရမယ်"

သူ လှေကားမှတက်လာစဉ်ပင်၊ ရတနာက အောင်ချမ်းမွန်၏အိမ်မှ ထွက်လာပြီဖြစ်သည်။

လှေကားထိပ်မှနေ၍ ရတနာက ရပ်နေသည်။

"ချမ်းရေ ...ပြန်ပြီနော်၊ မနက်ဖြန်မှ တွေ့မယ်၊ အရမ်းကျေးဇူးတင်တယ်နော်"

အောင်ချမ်းမွန်က အပေါက်ဝအထိ လိုက်ပို့သည်။

"ဪ ...ပြည့်"

ရတနာက ရွှေပြည့်အိမ်အား ပြုံး၍ ခေါင်းဆတ် နှုတ်ဆက်ပြီး အောက်သို့ဆင်းသွား၏။

"လိုက်ပို့လေ၊ သူ့ကားထဲအထိ ပို့ပါလား"

ရွှေပြည့်အိမ် ပြောသည်။

"ရပါတယ်၊ ပြည့် ဘာတွေယူလာသလဲ"

လက်ထဲမှ အထုပ်ကိုကြည့်ရင်း မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"နင့်အတွက် မဟုတ်ဘူး၊ မေထားအတွက်"

"သိတယ်၊ ဒါပေမယ့် မေမေက ငါ့ကိုပဲကျွေးမှာ"

ရွှေပြည့်အိမ် မခံချင်အောင် သူတမင်ပြောနေခြင်း ဖြစ်သည်။

တကယ်လည်း ရွှေပြည့်အိမ်က သူ့ကို မကျွေးချင်တာမဟုတ်။ သူ့ကို စေတနာရှိမှန်း သူသိသည်။

"နင်က ထမင်းမေ့၊ ဟင်းမေ့၊ ဆွေမျိုးမေ့ ဖြစ်နေတာ၊ ကြက်သားသုပ် စားမနေပါနဲ့၊ မေထားတစ်ယောက်တည်း ကုန်မှာမဟုတ်ဘူး၊ ဦးဦးအတွက်ထား"

"ဘာဖြစ်လို့ ငါက ထမင်းမေ့ ဟင်းမေ့ ဖြစ်ရမှာလဲ၊ ခုတောင် ဗိုက်ဆာနေပြီ၊ မေမေ သား ထမင်းစားတော့မယ်"

"ဟိုတစ်ယောက်က နင့်ကို အထင်ကြီးအားကိုးပြီး စာတွေလာမေးနေတာ၊ နင် ဘဝင်လေဟပ်ပြီး ကိုယ့်ကိုယ်ကို ဘာကောင်လဲဆိုတာတောင် မေ့နေတယ်



မဟုတ်လား"

"မမေ့ပါဘူး၊ ငါဘာကောင်လဲဆိုတာလဲ မမေ့ဘူး၊ ငါ့မှာ သိပ်ဆိုးတဲ့သူငယ်ချင်းမလေး တစ်ယောက်ရှိတယ်၊ သူ့နာမည် ရွှေပြည့်အိမ်ဆိုတာလည်း မမေ့ဘူး"

"ဟင်း ... တော်တော်တတ်၊ ငါ့ကို မမေ့သေးဘူးဆိုတဲ့အတွက် ကြက်သားသုပ်တော့ ကျွေးလိုက်ပါဦးမယ်၊ ကဲ ... စား ... စား"

ဒေါ်ထားအေးက ထမင်းပြင်ရင်းမှ ပြုံးသည်။

သူတို့သူငယ်ချင်းနှစ်ယောက် တွေ့လျှင် ဒီလိုပဲ။

တစ်ယောက်ကိုတစ်ယောက် မခံချင်အောင် ပြောတတ်ပြီး တစ်ယောက်နှင့်တစ်ယောက်က မခေါ်ဘဲ မနေနိုင်တာလည်း သိသည်။

"သမီး ... ထမင်းစားသွားပါလား၊ ငါးဖယ်ငါးဆုပ်ဆီပြန်ချက်တယ်"

"မစားတော့ပါဘူး မေထားရယ်၊ သွားမယ်နော်၊

www.burmeseclassic.com

www.burmeseclassic.com



စာကျက်စရာအများကြီးပဲ၊ သူများတွေလို အတွဲလေးနဲ့ လျှောက်သွားနေရင်း အီစီကလီလုပ်ချိန်ရှိတာ မဟုတ်ဘူး''

''နင့်စကားက ဘာစကားလဲ''

''ဘာလို့မေးနေလဲ၊ သိသားနဲ့''

အောင်ချမ်းမွန်က ဘာမှမပြောတော့။

ရွှေပြည့်အိမ်ကလည်း အိပ်ပေါ်မှ ပြေးဆင်းသွားပြီဖြစ်သည်။

၁၁။

''ပြည့် . . . စာမေးပွဲဖြေပြီးပြီလား''

တယ်လီဖုန်းထဲမှ သူ့အသံကြောင့် ရွှေပြည့်အိမ်ရင်ထဲ လှုပ်ရှားသွား၏။

''မနေ့ကပဲ ပြီးသွားပြီ''

''ဒါဆို အခု ပြည့်အားနေတယ်မဟုတ်လား''

''ဟင့်အင်း၊ ရှော့ပင်သွားမလို့ အေးမိတို့နဲ့ ချိန်းထားတယ်''

''ကိုယ်လိုက်ပို့မယ်''

''မပို့ပါနဲ့၊ ကျွန်မတို့ ဈေးဝယ်မှာကြာလိမ့်မယ်၊ မင်္ဂလာဆောင်မှာ ဝတ်ဖို့လေ၊ အားလုံးဝယ်ကြမှာ''

''ဒါဆို မနက်ဖြန်နော် ပြည့်၊ ကိုယ် ပြည့်ကို မုန့်ကျွေးမယ်၊ ပြီးတော့ စကားလည်း အေးအေးဆေး

www.burmeseclassic.com



ဆေး ပြောချင်တယ်"

လက်ခံရမှာလား၊ ငြင်းပယ်ရမှာလားလို့ ရွှေပြည့်အိမ် တွေဝေစွာ စဉ်းစားနေသည်။

"နော် ... ပြည့်၊ ကိုယ် အနူးအညွတ်တောင်းပန်ပါတယ်၊ ပြည့်ကို အရမ်းသတိရနေတာပဲ၊ မနက်ဖြန် ဘယ်အချိန် လာခေါ်ရမလဲ"

"ရှင်က ဖွတ်ချည်းပဲ၊ ကျွန်မ ဘာမှမစားချင်ပါဘူး"

"ဘာဖြစ်လို့လဲပြည့်၊ ကိုယ့်ကို အထင်သေးလို့လား"

"ဒီလိုလည်း မဟုတ်ပါဘူး၊ ဟို ပြည့်၊ အဲ ကျွန်မ တစ်ယောက်တည်းကိုလား"

"အင်းလေ၊ အဖေါ်တွေပါရင် စကားပြောရတာ မလွတ်လပ်ဘူး၊ ပြည့်တစ်ယောက်တည်းနဲ့ပဲ ကိုယ် ဆွေးနွေးချင်တာ"

သူ ဆွေးနွေးချင်တာ ဘာလဲဆိုတာ သိနေတော့လည်း ရွှေပြည့်အိမ်၏ ရင်တွေ ခုန်နေတာ ဖြစ်သည်။

"ပြည့် ... ဘာတွေစဉ်းစားနေတာလဲ"



"ဟုတ်ကဲ့၊ ဒါဆိုလည်း မနက်ဖြန် ဆယ့်နှစ်နာရီလောက်မှ လာခေါ်လေ၊ မနက်ပိုင်းဆို ကျွန်မ သိပ်အချိန်မပေးနိုင်ဘူး"

"ဆယ့်နှစ်နာရီ လာခေါ်မယ်၊ ပြည့်တို့အိမ်ကိုပဲ လာခေါ်မယ်နော်"

"ဟုတ်ကဲ့"

စာမေးပွဲဖြေပြီး အနားယူချင်နေပေမယ့် ဒီနေ့ ရွှေပြည့်အိမ် သူငယ်ချင်းတွေနဲ့ ဈေးသွားဖို့ ချိန်းထားသည်။

မနက်ဖြန်ကိုလည်း ရွှေပြည့်အိမ်က ဒေါ်ထားအေးတို့ သားအမိနှင့် ဘုရားသွားဖို့ ပြောထားပြီး ဖြစ်သည်။

ဘုရားကတော့ ယကြောချေဖို့ သွားမှာမို့ သိပ်ပြီးကြာမှာ မဟုတ်ပါ။

ဈေးဝယ်ထွက်ရင်း မိုးဝေယံ ချိန်းဆိုသည့်အကြောင်း ပြောပြသည်။

"ဒါဆို ရှင့်ကို သူကချစ်တဲ့အကြောင်း ပြောတော့မှာ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး၊ ပြည့်အစား ငါ ရင်တွေခုန်လိုက်တာ၊ ငါ့ကိုလည်း တစ်ယောက်ယောက်က အဲဒီလိုချိန်းပြီး ချစ်စကားပြောတာ ခံချင်လိုက်တာ"

ခင်ကြည်ကြည်ကျော်က ပခုံးလေးတွန့်၍ မျက်လုံးလေးစုံမှိတ်ရင်း ပြောလိုက်သည်။

"အရှုးမ"

"သူလား၊ သူ့ကို ဒီလောက်ရည်းစားစာတွေ အပို့ခံနေရတာကိုများ"

"အဲလိုတော့ စာတွေပို့နေတာ ဖုန်းလည်းဆက်ပြောတယ်၊ ဒါပေမယ့် နှစ်ယောက်တည်း ချိန်းတော့ မချိန်းဖူးသေးဘူး၊ ချိန်းလည်း ငါက မသွားပါဘူး၊ ဘာမှန်းမသိ ညာမှန်းမသိ"

"ဘာလဲ၊ ငါ့ကိုတော့ နင်က အပေါစားလို့ ပြောချင်တာလား"

"မဟုတ်ပါဘူး၊ ကိုမိုးဝေယံလိုလူက ချိန်းတာတော့ မငြင်းပယ်သင့်ပါဘူး၊ အဲလိုလူမျိုး ငါ့ကို မချိန်းလို့ပေါ့"

ခင်ကြည်ကြည်ကျော်က ပြောသည်။



တကယ်တော့ သူတို့သူငယ်ချင်းတစ်စု တတိယနှစ်သာ ရောက်လာသည်။

ရည်းစားမထားခဲ့ကြ။

ရုပ်လည်းချော၊ အရွယ်လည်းငယ်၊ ပစ္စည်းဥစ္စာပေါကြွယ်ဝသော အသိုင်းအဝိုင်းတွေထဲကမို့ သူမတို့အား ချစ်ကြိုက်သော တပ်မက်သော ယောကျ်ားများစွာတို့ ချဉ်းကပ်ခဲ့ဖူးကြသည်ပဲလေ။

သူတို့ကိုယ်သူတို့ ထိန်းကျောင်းရင်း စိတ်ကြိုက်လည်း မတွေ့သေးသည်မို့ ရည်းစားမထားဖြစ်ခဲ့ကြတာဖြစ်သည်။

ခင်ကြည်ကြည်ကျော့်အဖေက အစိုးရဌာနတစ်ခုမှ ညွှန်ကြားရေးမှူးဖြစ်သည်။ အမေက ကျောင်းဆရာမ။

ပါးစပ်က အပျော်အပျက်သာ ပြောနေတာ အဖေ အမေ၏ ဂုဏ်သိက္ခာကို ထိန်း၍ တော်ရုံတန်ရုံယောကျ်ားလေးကိုတော့ စဉ်းစားမည်မဟုတ်။

သီတာချို့အဖေကလည်း ဝန်ထမ်းတစ်ဦး၊ အမေက ကုမ္ပဏီတစ်ခုမှာလုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သီတာချို့အား သူ့အမေက ရည်းစားမထားရ၊ သူသဘောတူသော ယောကျ်ားတစ်ယောက်နှင့် ပေးစားဖို့ လူကြီးချင်းပြောဆိုထားသည်ဟု ဆိုသောအခါ သီတာချို့က ရည်းစားထားဖို့ မစဉ်းစားတော့။

အေးမိမိထွန်းကလည်း ဒီလိုပါပဲ။ သူ့အား ဝိုင်းဝိုင်းလည်နေသော ယောကျ်ားလေးတွေကြားထဲက အမေ အမေ သဘောတူနိုင်သူကို ခေါင်းခေါက်ရွေးချယ်နေတုန်း။

ငွေစင်ထွန်းက သူ့ဘဝကို မြှင့်တင်ပေးနိုင်မည့် ယောကျ်ား မတွေ့မချင်း ရည်းစားမထားပါဘူးတဲ့။

ဒါကြောင့် ရွှေပြည့်အိမ်တို့ သူငယ်ချင်းတစ်စုမှာ ခုထိ အတွဲမရှိကြသေး။

## ၁၂

မနက်စောစော ခြောက်နာရီခွဲ အိမ်မှထွက်ပြီး ခုနစ်နာရီ မိနစ်နှစ်ဆယ်မှစ၍ ကိုးထပ်ကြီးဘုရားတွင် အစီအရှာန်ပုတီးစိပ်နေသည်။

ဒေါ်ထားအေးနှင့်အတူ ရွှေပြည့်အိမ် ပုတီးစိပ်သည်။

အောင်ချမ်းမွန်ကတော့ အဖော်အဖြစ်လိုက်ခဲ့ရုံသာ။

ဘုရားဝတ်ပြုပြီးသည်နှင့် အေးအေးဆေးဆေး တအုပ်ဖတ်ပြီး စောင့်နေလေသည်။

ကားကိုလည်း အောင်ချမ်းမွန်ပဲ မောင်းသည်။ ပုတီးစိပ်၊ မေတ္တာပို့၊ အမျှဝေပြီးသောအခါ

www.burmeseclassic.com



ရှုစ်နာရီခွဲပြီ။

တင်တင်အေး မုန့်ဟင်းခါးဝင်စားပြီး အိမ်သို့ ပြန်ခဲ့ကြ၏။

"အောင်ရေ မမ မင်္ဂလာဧည့်ခံပွဲအတွက် နင် ဘာတွေဝတ်မှာလဲ"

"ရှိတာပဲဝတ်မှာပေါ့၊ ငါက သတို့သားမှ မဟုတ်တာ"

"ဒါဆို ပုဆိုး ငါဝယ်ပေးမယ်"

"ဟာ . . . မဝယ်ပါနဲ့၊ ငါ့မှာရှိပါတယ်"

"ငါ မနေ့က ဈေးဝယ်ရင်း နင်နဲ့လိုက်မယ့် ပုဆိုးတွေ့ထားလို့ နင့်မှာ ရှုပ်အင်္ကျီအဖြူတော့ ရှိမှာပါ၊ ပုဆိုးပဲ လိုမှာ၊ ငါဝယ်လိုက်မယ်"

"မဝယ်ပါနဲ့ဟာ၊ ရှိပါတယ်"

"ဟင့်အင်း . . . ဝယ်မှာပဲ၊ အဲဒီနေ့ကျရင် နင် လည်း ဧည့်ခံရမှာနော်၊ ဖိတ်စာဝေတဲ့နေ့တွေမှာ နင် ကားမောင်းရမှာ"

"အေးပါ၊ နိုင်းချင်တာနိုင်း၊ ရတယ်၊ မင်္ဂလာ



ဧည့်ခံပွဲနေ့မှာ ဧည့်ခံရမှာ တခြားလုပ်စရာတွေလည်း ရှိမှာ ဆိုတော့ သိပ်အဝတ်အစားကောင်းကောင်း မလိုပါဘူး ပြည့်ရယ်"

"ဟင့်အင်း၊ ငါဝယ်ပေးချင်တာ ပေးမှာပဲ၊ နင် ဝတ်ကိုဝတ်ရမယ်၊ နို့မဟုတ်ရင် စိတ်ဆိုးမှာ"

သူပြောချင်တာပြောပြီး ရွှေပြည့်အိမ် ကားပေါ်မှ ဆင်းသွား၏။

ဒေါ်ထားအေးက ရယ်သည်။

"သားကလည်း ဘာလို့ ဒီလောက်ငြင်းနေလဲ၊ ပြည့်အကြောင်း သိသားနဲ့၊ သူပေးရင် ယူလိုက်ပေါ့ သား ရယ်"

"ဟင် . . . သူများပေးတာ ယူရမှာလား၊ ကိုယ့် ဘာသာ ဝယ်မဝတ်နိုင်တာကျလို့ ပြည့်ဟာ တစ်ခါတလေ အဲဒီလိုပဲ၊ ဟိုဟာဝယ်ပေး ဒီဟာဝယ်ပေးနဲ့"

"သူတစ်ခုဝယ်ပေးရင် သားလည်းတစ်ခု ပြန် ဝယ်ပေးလိုက်ပေါ့"

"အဲဒီလိုတော့လည်း မဝယ်ပေးချင်ပါဘူး၊ သူ

www.burmeseclassic.com

www.burmeseclassic.com



ဘာကြိုက်တတ်လဲဆိုတာ သားမှမသိဘဲ''

ကားကို ဂိုဒေါင်ထဲပြန်သွင်းပြီး ကားသော့အား ဦးလှရွှေအား ပေးလိုက်၏။



''ပြည့် ... ထမင်းမစားသေးဘူးလား''

တံခါးခေါက်ရင်း ဝင်လာသော မိစံက မေးလိုက်သည်။

''မစားတော့ဘူး။ ပြည့် အပြင်သွားမလို့''

''ဟင် ... ထမင်းစားပြီးမှသွားတာ မဟုတ်ဘူး''

''မဆာသေးဘူး၊ မေထားတို့နဲ့လည်း မုန့်ဟင်းခါးစားလာတယ်''

''ဒါဆို မိစံတို့စားတော့မယ်၊ မမကလည်း အပြင်မှာစားမှာ''

''အင်း ... အင်း''

ရွှေပြည့်အိမ်က ရေကို စိမ်ပြေနပြေ ချိုးသည်။ မျက်နှာကို မျက်နှာသစ်ကရင်မ်ဖြင့် ပွတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com



ပြီး အမွှေးနုဘာရပ်ချိဖြင့် အသာအယာ ခြစ်ပေးလိုက်၏။

မျက်နှာမှာ လုံးဝဖြူစင်ကာ ချောပြောင်နေသည်။

ရေချိုးပြီးတော့ မျက်နှာကို နေဗီးယားကရင်မ် ပါးပါးလေးပွတ်ပြီး ကရင်ပတ်ရိုက်သည်။

အပြင်သွားမည်မို့ သနပ်ခါး မလိမ်းတော့။

လည်ပင်းနှင့်လက်၊ ခြေထောက် စသည်တို့ကိုလည်း သနပ်ခါး အရည်ကျဲကျဲလေးသာ ပွတ်လိမ်းထား၏။

မျက်ခုံးမွှေးလည်း ဆွဲစရာမလို၊ နဂိုသဘာဝအတိုင်းပင်ထားလည်း လှနေသည်။

အိုင်းလိုင်နာခဲတံဖြင့် မျက်လုံးတစ်ဝိုက်ကို ပုံဖော်၍ ဆွဲပေးထား၏။

ဆံပင်ကို ဘီးကျဲဖြင့် သေချာရှင်း၍ ပြီးသည်။

မနေ့ကမှ Pantene ဖြင့် ခေါင်းလျှော်ထားသဖြင့် ဆံပင်က ဖြောင့်စင်း၍ နက်မှောင်နေသည်။

ခါးထိအောင်ရှည်သော ဆံပင်များကို ထိန်းသိမ်း



ရသည်မှာ လွယ်တော့မလွယ်။

ဆံပင်များကို စုစည်း၍ ရွှေရောင်ကလစ်လှလှကြီးဖြင့် ထိန်းကွပ်ထားလိုက်၏။

ရွှေအိုရောင်တွင် အနက်နှင့်အဖြူရောင် ပန်းပွင့်သေးသေးလေးများပါသော စိန်မိုက်ကာယ်ဝမ်းဆက်ကို ဝတ်လိုက်၏။

အင်္ကျီအရောင်နှင့် လိုက်ဖက်စွာ နှုတ်ခမ်းကို အညိုဖျော့ဖျော့လေး ဆိုးထားသည်။

မှန်ရှေ့တွင်ရပ်၍ ကိုယ့်ပုံရိပ်ကို ကိုယ် သေချာအားရစွာကြည့်ပြီးမှ ပိုက်ဆံအိတ်အညိုရောင်လေးကို ပခုံးမှာလွယ်လိုက်သည်။

အောက်ထပ်သို့ ဆင်းသာခဲ့ပြီး သီတာချို၊ အေးမိမိထွန်းတို့ဆီ ဖုန်းဆက်၍ စကားပြောသည်။

"ပြည့် ညည့်သည်လာနေတယ်"

အေးမိမိထွန်းနှင့် စကားပြောပြီ ငွေစင်ထွန်းဆီ ဖုန်းဆက်ဦးမည်ကြံရွယ်ဆဲ မိုးဝေယံ ရောက်လာ၏။

ငွေစင်ထွန်းဆီ ဖုန်းမဆက်ဖြစ်တော့။

www.burmeseclassic.com

www.burmeseclassic.com



မိုးဝေယံနှင့်အတူ လိုက်လာခဲ့၏။

"ထမင်းစားပြီးခဲ့ပြီလား မသိဘူး"

"ဟင့်အင်း၊ ကျွန်မ မဆာလို့ မစားခဲ့သေးဘူး၊ ကိုမိုးဝေယံရော"

"ကျွန်တော်လည်း မစားခဲ့ရသေးဘူး၊ ဘာစားမလဲ"

"ကိုမိုးဝေယံ ကြိုက်တဲ့ဆီသွားပါ"

"ထမင်းပဲစားမလား"

"သဘောပဲ"

"Feel ကိုပဲသွားမယ်"

"သွားပါ၊ ကျွန်မက အစားအသောက် ဒီလောက်ချေးမများပါဘူး"

Feel ကိုပဲ သွားဖြစ်သည်။

"ဘာမှာမလဲ"

ရွှေပြည့်အိမ်က ချက်ထားသော ဟင်းများကို ကြည့်၏။

"ငါးကင်ရယ်၊ ပြီးတော့ အသီးအရွက်နဲ့ ကြက်



ချိုချဉ်ကြော်လား"

"ဟုတ်ကဲ့"

"နှစ်ယောက်တည်းဆိုတော့ အဲလောက်ဆို ရပြီ၊ ဟင်းချိုကို ပွဲကြီးမဟုတ်ဘဲ နှစ်ယောက်စာရလား"

"ရတယ်"

"ဒါဆို ဟင်းချိုလည်းပေးနော်"

"ဘာဟင်းချိုယူမလဲ"

"ငါးခေါင်းဟင်းချို"

ရွှေပြည့်အိမ် စိတ်တိုင်းကျမှာတာကို မိုးဝေယံ ဘာမှဝင်မပြော၊ ပြုံးနေသည်။

"မမြတ်သန္တာတို့ ညေ့ခံပွဲကလည်း နီးလာပြီ၊ အိမ်ကလူတွေ အလုပ်များနေကြမှာပေါ့၊ ကိုယ် ဘာလုပ်ပေးရမလဲ"

"ကျွန်မက စာမေးပွဲရှိနေတယ်ဆိုပြီး ဘာမှ မခိုင်းကြပါဘူး၊ မမက မင်္ဂလာညေ့ခံပွဲကိစ္စရော၊ ပတ်ပို့စ်ကိစ္စရော ရှုပ်နေတာပဲ"

"အလုပ်ရှုပ်ပေမယ့် သူပျော်နေမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း၊ ပျော်ချင်လည်း ပျော်မှာပေါ့"

"ကိုယ်ဖြင့် အားကျလိုက်တာ"

မိုးဝေယံအား ရွှေပြည့်အိမ်က မျက်မှောင်လေး ကြုံ့၍ ကြည့်မိသည်။

"အားကျရင်လည်း မြန်မြန်ယူတော့"

"ဟဲ ... ဟဲ သတို့သမီးလောင်းရှာရဦးမှာ"

"မတွေ့သေးဘူးလား"

"တွေ့ပြီ"

"ဒါဆိုလည်း ပြီးရောပေါ့"

"ကိုယ့်ဘက်က ဖိတ်စာတစ်ခြမ်းရိုက်ဖို့တော့ သေချာပြီ"

"တော်တော်ကြောင်တာပဲ"

"အင်း ... ခုတလော ကိုယ် တကယ့်ကို ကြောင်နေတာ၊ အဲဒါ အချစ်ကြောင့်ပဲ၊ အချစ်ဆိုတာ တော်တော်ထူးဆန်းတဲ့ အရာတစ်ခုပဲ၊ လူတွေကိုလည်း ပြောင်းလဲစေတယ်နော်"

"ရှင့်ရဲ့ အချစ်ဒဿနလား"



"ကိုယ့်ရဲ့ လက်တွေ့ပဲလေ"

"ကိုမိုးဝေယံ၊ ကျွန်မကိုပြောစရာရှိတယ်ဆို တာကရော"

"အခု ပြောမလို့ပါပဲ၊ ကိုယ်က အချစ်နဲ့ပတ်သက်ပြီး အံ့ဩစရာတွေ တွေ့နေလို့"

ထမင်းနှင့် မှာထားသောဟင်းများ ရောက်လာသည်။

"ထမင်းစားဦး၊ တော်ကြာ ကိုယ်ပြောတာနဲ့ ပြည့် ထမင်းစားပျက်သွားဦးမယ်၊ ဟင်းက လောက်ရဲ့လား၊ ဘာထပ်မှာဦးမလဲ"

"စားကြည့်မယ်လေ၊ လိုမှမှာတာပေါ့"

"ကိုယ် အသက်နှစ်ဆယ့်ငါးနှစ်ပြည့်ပြီး ဒီတစ်ခါ လောက် မိန်းကလေးတစ်ယောက်အတွက် ခံစားရင်ခုန်ရ တာမရှိဘူး"

သူ့အကြည့်စူးစူးတွေကြောင့် ရွှေပြည့်အိမ် ရှက် ထွေးထွေးဖြစ်နေသည်။

"ပြည့်ရော အဲဒီလိုခံစားဖူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"တကယ်ပဲကွာ၊ ပြည့်က"

"ဘာလဲ၊ ဟုတ်တာပြောတာပဲဟာ"

ရွှေပြည့်အိမ် မျက်စောင်းလေးထိုးရင်း ပြောလိုက်သည်။

"ပြည့် ဒီလောက်ချောတာ၊ ပြည့်ကို စွဲလမ်းတဲ့လူတော့ ရှိမှာပဲ"

"ရှိရင်ရှိမှာပေါ့၊ သူစွဲလမ်းတာနဲ့ ကျွန်မရင်ခုန်တာနဲ့ မဆိုင်ပါဘူးနော်"

"ဒါဆို ပြည့်မှာ ရင်ခုန်ရမယ့်သူ မရှိသေးတာ အမှန်တကယ်သေချာသွားပြီပေါ့"

"ကိုမိုးဝေယံ၊ ရှင်တော်တော်လည်တယ်၊ ရှင်ပြောချင်တာ ဒါလား"

မိုးဝေယံ ပြုံးပြီး ခေါင်းညိတ်သည်။

"ကိုယ်က ပြည့်ကို စတွေ့ပြီးကတည်းက ရင်ခုန်တာ"

"စတွေ့ပြီးကတည်းကဆိုတော့ တွေ့တွေ့ချင်းတော့ ရင်မခုန်သေးဘူးလား"



"ဟား . . . ပြည့်ရာ နောက်နေပြန်ပြီ၊ တွေ့တွေ့ချင်းပဲ ရင်ခုန်တာ၊ စွဲလမ်းတာ၊ နှစ်သက်တာ၊ မြတ်နိုးတာ၊ အဲဒါတွေ ပေါင်းလိုက်တော့ ပြည့်ကို ချစ်တာပေါ့"

"နားထောင်လို့တော့ ကောင်းသား။ အဲဒါ ဘယ်သူ့ကို ဒီလိုမျိုးပြောပြီးပြီလဲ၊ ကျွန်မက ဘယ်နှစ်ကြိမ်မြောက်လဲ"

"ပထမဆုံးအကြိမ်ပါ ပြည့်ရာ၊ ကိုယ် မိန်းကလေးတွေအများကြီး တွေ့ဖူးပါတယ်၊ သူငယ်ချင်းတွေထဲမှာလည်း မိန်းကလေးတွေ အများကြီးရှိတယ်၊ ရိုးရိုးခင်တယ်၊ ရင်းနှီးတယ်ပေါ့၊ ကုမ္ပဏီမှာ လုပ်နေတယ်၊ မိန်းကလေးတွေနဲ့ တွဲလုပ်နေတာပဲ၊ ဒါပေမယ့် ဘာမှမဖြစ်ဘူး၊ ပြည့်နဲ့တွေ့မှ"

"အင်း . . . ပြောတာပဲ၊ ကျွန်မကတော့ ဒီလိုစကားမျိုးတွေ ခဏခဏကြားဖူးနေလို့ ရိုးနေပြီ၊ ဘယ်သူ့စကားမှ သိပ်မယုံချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပေါ့လေ၊ ဒါပေမယ့် ကိုယ့်စကားကိုတော့ ယုံလိုက်ပါ၊ ယုံအောင်လည်း ဘယ်လိုသက်သေပြရမလဲ၊ ပြည့် ခိုင်းချင်တာခိုင်း၊ ကိုယ်လုပ်မယ်၊ သေတော့ မသေခိုင်းနဲ့၊ သေပြီးရင် ပြန်ရှင်မှာမဟုတ်တော့၊ ပြည့်နဲ့ ပြန်မဆုံဖြစ်မှာစိုးလို့နော်"

သူ့စကားကြောင့် ရွှေပြည့်အိမ် ရယ်မိ၏။

"ရှင် ... စားနော်၊ စကားပြောကောင်းနေ တာနဲ့ မစားဖြစ်ဘဲနေလိမ့်မယ်၊ ရှင် အခု ကျွန်မကို ရည်းစားစကားပြောနေတာပေါ့နော်၊ ဟုတ်လား"

"အင်းလေ၊ ပြည့်ကို ကိုယ် ပရိုပို့စ်လုပ်နေတာ"

ရွှေပြည့်အိမ် ရယ်ရင်းမှ သူ့ပန်းကန်ထဲ ဟင်းတွေထည့်ပေးလိုက်၏။

"စားလိုက်ပါဦး၊ ဖြည်းဖြည်းပြောပါ၊ ကျွန်မတစ်ယောက်တည်းစားနေရတာ"

"အစားက အရေးမကြီးပါဘူး၊ ကိုယ်က ပြည့်မျက်နှာကြည့်နေတာနဲ့ မဆာတော့ဘူး"

"ဒီလိုဆိုတော့လည်း ကောင်းသား၊ စောစော



က ပြောရောပေါ့၊ ကျွန်မတစ်ယောက်စာပဲ မှာတယ်၊ ရှင်က ကျွန်မကို ထိုင်ကြည့်နေပေါ့"

"ဟဲ ... ဟဲ ... ဟဲ၊ ပြည့်တစ်ယောက်တည်း စားနေလည်း ကြောင်မှာ စိုးလို့ပါ၊ ပြည့် ကိုယ့်ကို အဖြေပေးမယ် မဟုတ်လား"

"ဘာအဖြေလဲ"

"ချစ်တယ်ဆိုတဲ့အဖြေလေ"

"စဉ်းစားရဦးမှာပေါ့"

"ကျေးဇူးတင်ပါတယ်"

"ဒါ ကျေးဇူးတင်စရာလား"

"ကိုယ့်ကို စဉ်းစားမယ်ဆိုလို့လေ၊ ကိုယ် သိပါတယ်၊ ပြည့်က မစိမ်းကားတတ်ပါဘူးဆိုတာ"

"အမယ်၊ လူကို လာမြှောက်မနေနဲ့၊ ကျွန်မက ကလေးမဟုတ်ဘူး၊ ကိုမိုးဝေယံပြောတဲ့စကားတွေဟာ အမှန်အတိုင်းလား၊ ယုံကြည်ရပါ့မလားဆိုတာတွေ စဉ်းစားရဦးမယ်၊ မနေ့တနေ့ကမှ တွေ့ကြတဲ့လူတွေ မဟုတ်လား"

www.burmeseclassic.com



"စုံစမ်းလေ၊ ကိုယ်နေတဲ့အိမ်လိပ်စာ၊ ကိုယ့်မိဘ၊ ကိုယ့်အကြောင်း အကုန်ပြောပြမယ်"

ဘာပဲပြောပြော မိုးဝေယံသည် ခင်မင်စရာကောင်းတာတော့ အမှန်ပင်။

"ကိုမိုးဝေယံက အင်ဂျင်နီယာဘွဲ့ရပြီးတာရယ်၊ သူ့မိဘတွေက ချမ်းသာတာရယ်၊ ပြီးတော့ သူက ရုပ်လည်းချောတယ်ဟ၊ ဒါဆို ဘာများငြင်းစရာရှိလဲ"

သီတာချိုက ပြောသည်။

"သူ့စိတ်သဘောထားနဲ့ အကျင့်စာရိတ္တက အရေးကြီးပါတယ်လေ၊ အဲဒါ ဘယ်လိုရှိတယ်ဆိုတာ နင်စုံစမ်းရဦးမှာနော"

အေးမိမိထွန်း၏ အပြောကို ရွှေပြည့်အိမ် အလေး အနက် ထားရပါသည်။

"အဲဒါ ငါတစ်ယောက်တည်း စုံစမ်းလို့မရဘူး၊ နင်တို့လည်း စုံစမ်းပေးကြလေ"

"အေးပါ၊ ကိုမိုးဝေယံနေတဲ့ အိမ်နားမှာ တို့အစ်ကိုလည်း နေတယ်၊ တစ်လမ်းတည်းနေတယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ သိကြမှာပါ၊ ရွှေတောင်ကြားလမ်းမှာဆိုတော့ သူ့ဌွေးတွေပဲ ကိုမိုးဝေယံရဲ့ အကျင့်စာရိတ္တဆိုတာပဲ သိဖို့လိုတာ''

''မိန်းမရှုပ်မရှုပ် သိချင်တာ''

''နင်ကိုယ်တိုင်လည်း သူ့ကို မေးကြည့်လေ၊ သူမှာ ရည်းစားဘယ်နှစ်ယောက် ရှိခဲ့ဘူးလဲဆိုတာ''

''သူကိုယ်တိုင်ကတော့ ဘယ်ပြောမလဲ''

''သူ့အကြောင်း ပြောတာကထားဦး။ နင်ကိုယ်တိုင်ကရော သူ့အပေါ် ချစ်ရဲ့လား''

ငွေစင်တွန်းက မေးလိုက်သည်။

''ချစ်ရဲ့လား။ ဟုတ်လား။ အဲဒါ သိပ်မသေချာဘူး။ သူ့ကို စိတ်ဝင်စားတယ်၊ ပြီးတော့ သူ့အရည်အချင်းတွေကို ကြိုက်တယ်၊ သူဟာ မိန်းကလေးတစ်ယောက်အတွက် ရွေးချယ်သင့်သောအရာတွေပဲလေ''

ရွှေပြည့်အိမ် တွေးတွေးဆဆလေး ပြောလိုက်သည်။

''ဟုတ်တယ်၊ မိန်းကလေးတစ်ယောက်အတွက်



အိမ်ထောင်ရေးသုခချမ်းသာရဖို့ အရေးကြီးတယ်၊ အိမ်ထောင်ရေးကောင်းအောင် လူတော်လူကောင်းကို ရည်းစားထားရမယ်၊ နင် သိပ်စဉ်းစားမနေနဲ့တော့၊ ကိုမိုးဝေယံကိုပဲ ရည်းစားတော်လိုက်ပါ''

သီတာချိုက ပြောသည်။

''ပြည့်ရေ . . . ကိုအောင် လာနေပြီ''

''ဩော် . . . အေး လာလေ အောင်''

အောင်ချမ်းမွန်က အိမ်ထဲသို့ဝင်လာရင်းမှ လက်ဖက်သုပ်နှင့် ရေနွေးကြမ်းသောက်ကာ စကားပြောနေကြသော မိန်းကလေးတစ်စုကိုကြည့်ပြီး မျိုးတို့ရှုန်းတန့်ဖြစ်သွားသည်။

''အောင်က ဖိတ်စာပေါ်မှာ ကွန်ပျူတာရိုက်ပေးဖို့လာတာ၊ ဖိတ်ရမယ့်လူတွေ စာရင်းလည်း ရေးပြီးသွားပြီ၊ ဖိတ်စာက သုံးရာထဲမှာ၊ ဒီနေ့အပြီးရိုက်မှာလား''

''ပြီးမှာပါ၊ ခဏလေးရယ်''

''ဒီမှာ စာအိတ်တွေ၊ ရော့ . . . ပို့ပြီးမြန်အောင် နာမည်တွေ ခေါ်ပေးရမလား''

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ငါ့ဘာသာရိုက်မယ်"

မင်္ဂလာဆောင်ဖိတ်စာထည့်သည့် စာအိတ်များကို ကွန်ပျူတာဖြင့် အမည်ရိုက်မည်ဖြစ်ရာ အောင်ချမ်းမွန်အား ရိုက်ရန် တာဝန်ပေးထားသည်။

အောင်ချမ်းမွန်က ကွန်ပျူတာကျွမ်းသည် မဟုတ်လား။

ရွှေပြည့်အိမ်တို့အိမ်မှာ ကွန်ပျူတာရှိနေသည် ဆိုတော့ အလွယ်တကူပင် ရိုက်ချင်သည့်အချိန် ရိုက်လို့ရသည်လေ။

အောင်ချမ်းမွန်က နေပလေ့စေဆိုသော်လည်း ရွှေပြည့်အိမ်က မနေနိုင်။

မင်္ဂလာဆည်ခံပွဲ ဖိတ်ရမည့်လူများ စာရင်းကို အနီးမှာထိုင်ပြီး ဖတ်ပြသည်။

"ကဲ ... စမယ်၊ ဦးသာခင်၊ ဒေါ်နုနု"

အောင်ချမ်းမွန်လက်က မြန်သည်။

တဖျောက်ဖျောက်နှင့် ခလုပ်လေးများကို နှိပ်လိုက်သည်။

"ဦးအောင်ပိုင်၊ ဒေါ်သီတာမင်း"



"ဦးဘမော်၊ ဒေါ်ဆွေဆွေမင်း"

"ဦးကိုကိုဇော်၊ ဒေါ်မော်လီ"

ဖိတ်စာအမည်စာရင်း တစ်ရာပြီးတော့ ခဏနားပြီး အောင်ချမ်းမွန်အား ကော်ဖီတိုက်သည်။

ထိုနေ့တစ်နေ့လုံး ဖိတ်စာရိုက်သည်နှင့်ပင် အချိန်ကုန်၍ နောက်တစ်နေ့မှ ဖိတ်စာလိုက်ဝေရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘူး။

"ပြည့်ရေ ... ဟောဒီမှာ ဖိတ်စာတွေနဲ့ လိပ်စာရေးထားတဲ့စာရင်း။ အဲဒါကို ပြည့်သွားပေးနော်၊ မြည့်ကို မိုးဝေယံလိုက်ပို့လိမ့်မယ်"

မနက်စောစော ဘုရားဝတ်ပြုအပြီးတွင် မြတ်သန္တာက လာပြောနေသည်။

"ဒီနေ့ ပြည့်က ကြီးကြီးလေးတို့ဖက် သွားမလို့ အောင့်ကို ကားမောင်းခိုင်းမယ်၊ ပြောထားပြီး ပြီ"

"ကြီးကြီးလေးတို့က အမျိုးတွေ၊ မနက်ဖြန်မှ သွား၊ ညနေဖက်မှသွားရင်လည်း သွားလေ၊ ဒီက ဖေကြီးတို့ မိတ်ဆွေတွေက မနက်ပိုင်း သွားဖိတ်လိုက်၊ ကိုမိုးဝေယံ သူ့ကားနဲ့ ပို့လိမ့်မယ်"

ရွှေပြည့်အိမ် နှုတ်ခမ်းစူပြလိုက်၏။



"အိမ်ကကားနဲ့ပဲ သွားမယ်"

"ကိုမိုးဝေယံက ကူညီချင်လို့ပါဆိုမှ သွားလိုက်ပါ ပြည့်ရယ်၊ အိမ်က ကားတွေလည်း မအားဘူး"

မြတ်သန္တာက ပြုံးတေ့တေ့လုပ်ရင်း ပြောသည်။

"ကိုမိုးဝေယံက တစ်မျိုးထင်နေပါမယ်၊ သူ့ကိုချည်း မမက အကူအညီသွားမတောင်းနဲ့လေ"

"မမက တောင်းတာမဟုတ်ဘူး။ သူက ကူညီချင်တာ၊ ကိုမိုးက လူတော်တစ်ယောက်ပါ"

"မမကပါ သူ့ဘက်က ရှေ့နေလိုက်နေပြန်ပြီနော်"

"ဩော် ... ဘာဖြစ်လဲ၊ တကယ်တော်တကယ်ကောင်းတဲ့လူမို့ ပြောတာ၊ သူက ပြည့်ကို စိတ်ဝင်စားနေတာ၊ ပြည့်အတွက် သင့်တော်တဲ့လူတစ်ယောက်ပါ"

ရွှေပြည့်အိမ်က ဘာမှပြန်မပြောဘဲ တွေတွေလေး လုပ်နေသည်။

"ကဲ ... ရေချိုးထားပါလား။ ကိုမိုးက စောစောလာမယ်ပြောတာ၊ သူ့ စောစောက ဘယ်အချိန်

www.burmeseclassic.com

www.burmeseclassic.com



လည်းမသိဘူး။ ဖုန်းဆက်ကြည့်လိုက်ဦးမယ်''

ပြောပြောဆိုဆို မြတ်သန္တာက တယ်လီဖုန်းကောက်ဆက်နေသည်။

ရွှေပြည့်အိမ်က ရေချိုးအလှပြင်နေသည်။

ရေချိုးပြီးသည်နှင့် နေဗီးယားကရင်မ်ပါးပါးလေးခံပြီး ရေစိုမိတ်ကပ်ကို လိမ်းသည်။

မျက်ခုံးမွေးကို သွားပွတ်တံဖြင့်ခြစ်ကာ အညိုရောင်ခဲတံလေးဖြင့် နဂိုပုံအတိုင်းကို ထပ်၍ဆွဲလိုက်၏။

မျက်တောင်ကို မက်စ်ကာရာဖြင့် ဆွဲယူကော့လိုက်၏။

မျက်တောင်ရှည်များ ပို၍ထူလာသလို ထင်ရပြီး ကော့နေသည်။ မျက်တောင်တု ထပ်ထားသည်ဟု ထင်ရအောင်ပင် လှပနေသည်။

နှုတ်ခမ်းကို လိုင်နာခဲတံဖြင့် အရင်ပုံဖော်ဆွဲသည်။

ပြီးမှ ခရမ်းဖောက်ထားသော အနီရောင်နှုတ်ခမ်းဆိုးဆေးတောင့်ဖြင့် ခပ်ထူထူလေး ဆိုးလိုက်၏။

ဘာကြောင့်မှန်းမသိ ခုတလော သိပ်ပြီးလှချင်



နေမိတာတော့ သူကိုယ်သူ သတိထားမိသည်။

ဆံပင်ကို ဘီးကျဲဖြင့် သေချာစွာရှင်းပြီး ခပ်မြင့်မြင့်လေး စုစည်း၍ ကတ္တီပါကြိုးဖြင့် ချည်ထားလိုက်၏။

လည်ပင်းနှင့် လက်တွေကို ကိုယ်လိမ်းသည့် ဗီတာမင်အီးပါသည့် ကရင်မ်တစ်မျိုးလိမ်းကာ တို့ပတ်ဖြင့် ရိုက်လိုက်၏။

နားတွင် ရွှေဖြူဖြင့် လုပ်ထားသော စိန်နားကပ်ကို ပန်လိုက်၏။

လည်ပင်းမှာလည်း ရွှေဖြူဖြင့် ပြုလုပ်ထားသော ကြိုးမျှင်မျှင်ကလေးကို ဝတ်သည်။

လော့ကက်သီးကလည်း စိန်တစ်ပွင့်တည်းဖြင့် ပြုလုပ်ထား၏။

အင်္ကျီကို ပန်းခရမ်းရောင်မှာ အနက်ရောင်အပွင့်လေးများပါသော ရေခဲရှန် အထက်အောက်ဆင်တူဝတ်ထား၏။

''ပြည့်ရေ၊ ကိုမိုးက အခုထွက်လာနေပြီတဲ့၊ အဆင်သင့်ဖြစ်ပြီလား''

www.burmeseclassic.com

www.burmeseclassic.com



မြတ်သန္တာ လာပြောချိန်တွင် ရွှေပြည့်အိမ်က အကုန်ပြင်ဆင်ပြီးသွားပြီဖြစ်သည်။

"ပြီးပြီမမ"

ဖိတ်စာတွေကို ပလပ်စတစ်အကောင်းစား လက်ဆွဲအိတ်ဖြင့် ထည့်ထားလိုက်သည်။

"အင်း ... တို့ညီမက တစ်နေ့တစ်ခြား ပိုလှလာသလားပဲ"

"ဒါပေါ့၊ လှအောင်ပြင်တော့ လှတာပေါ့၊ မလှချင်တဲ့မိန်းမ ရှိပါ့မလား"

"ဒါကြောင့် ဟိုတစ်ယောက်က အသည်းစွဲဖြစ်နေတာ"

"ဘယ်တစ်ယောက်လဲ"

"ခုပဲ လာနေပြီလေ"

"သြော် ... ကိုမိုးဝေယံလား"

"ကိုမိုးလို့ပဲ ခေါ်ပါ၊ အားလုံးက သူ့ကို ကိုမိုးလို့ ရင်းရင်းနှီးနှီးခေါ်နေတာပဲဟာ"

"မမတို့ကရော၊ ဒီနေ့ ဘာအစီအစဥ်ရှိလဲ"



"ကိုဇော့်အမျိုးအိမ် ဖိတ်စာဝေမယ်"

မိုးဝေယံ ရောက်လာသည်နှင့် စကားပြတ်သွားကြသည်။

"ကိုမိုး၊ ကျွန်မညီမလေးကို ကောင်းကောင်း ခေါ်သွားနော်"

ကားထွက်ခါနီးတွင် မြတ်သန္တာက စကားဖြင့် တလိလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟင် ဖိတ်စာပို့ရမှာကလည်း တစ်ယောက် တစ်နေရာဆီ၊ ပုဇွန်တောင်ဘက်လည်းပါတယ်၊ ကန်တော်လေးလည်း ပါတယ်၊ ပြည်လမ်း ပြီးတော့ ဘောက်ထော်၊ တောင်ဥက္ကလာ"

ဖိတ်စာဝေရမည့်လိပ်စာ၊ စာရင်းကိုကြည့်ပြီး ရွှေပြည့်အိမ်က ရှုံ့မဲ့မဲ့လေးလုပ်ပြီး ပြောသည်။

"ရပါတယ်၊ ပြည့်နဲ့ဆိုရင် တစ်ကမ္ဘာလုံး ကားပတ်မောင်းရမလား၊ ရတယ်"

"အပိုတွေ၊ ဟွန်း ... ဒါဆိုလည်းမောင်း၊ မှု တစ်ကမ္ဘာလုံးပတ်မောင်းနိုင်ပေမယ့် အဲလောက်အကြာကြီး ကျွန်မ ကားလိုက်မစီးနိုင်ဘူး"

သူ့ကားပေါ်မှာ လေအေးစက်ရှိ၍ သက်သောသက်သာတော့ရှိသည်။



ဒါပေမယ့် တစ်အိမ်တက်ဆင်းလုပ်ရတာ ခြေထောက်တွေညောင်းလာသည်။

ဆယ့်နှစ်နာရီထိုးမှ ဖိတ်စာဝေပြီးသည်။

"ပြည့် ... တစ်ခုခုစားရအောင်နော်၊ အိမ်မပြန်ချင်သေးဘူး မဟုတ်လား"

"ထမင်းစားရတော့မှာပဲဟာ၊ မုန့်စားရင် ထမင်းစားနိုင်တော့မှာ မဟုတ်ဘူး"

"ဒါဆိုလည်း ထမင်းပဲစားရအောင်လေ၊ မြန်မာထမင်းဟင်းစားမလား၊ တရုတ်စာစားမလား၊ ကုလားစာစားမလား"

"မြန်မာထမင်းဟင်းပဲ ကောင်းပါတယ်"

သူ့ကိုငြင်း၍ မရမည့်အတူတူမို့ မြန်မာထမင်းဟင်းစားဖို့ သဘောတူလိုက်သည်။

"M.3 မှာ စားရအောင်နော် ပြည့်"

ကြက်သားနှပ်၊ ငါးဖယ်သုပ်တို့ဖြင့် ထမင်းစားဖြစ်ကြသည်။

"ပြည့် အဖြေပေးမယ်ဆိုတာ မြန်မြန်လေးစဉ်းစားထားနော် ပြည့်"

www.burmeseclassic.com

www.burmeseclassic.com



သူ ထမင်းစားရင်း ပြောသည်။

"ဘာလို့လောနေတာလဲ၊ အချိန်တွေ အများကြီးရှိနေတာပဲဟာ"

"လောရမှာပေါ့၊ တော်ကြာ ကိုယ်က သင်္ဘောလိုက်ချင်ရင်လိုက်မှာ၊ ပြည့်ကို ခွဲသွားရမှာစိုးလို့"

"ဪ"

ရွှေပြည့်အိမ် သူ့မျက်နှာကို ကြည့်လိုက်သည်။

သူ တည်တည်ကြည်ကြည် ပြောနေတာကို ကြည့်ပြီး ရွှေပြည့်အိမ် ရင်ထဲမှာပင် စိတ်မကောင်းသလိုလို တစ်စုံတစ်ခုကို ဆွေးမြေ့ကြေကွဲသွားသလိုလို ခံစားရ၏။

"ပြည့် ... ကိုယ် ပြည့်ကို တကယ်ချစ်တာပါ"

သူက ရွှေပြည့်အိမ်၏မျက်နှာကို သေချာစွာ ကြည့်ရင်း ပြောနေသည်။

"ဘာဖြစ်လို့ အချိန်ဆွဲချင်နေရတာလဲဟင်၊ ပြည့် ချစ်တယ်လို့အဖြေပေးလိုက်ပါလား"

ရွှေပြည့်အိမ် အဖြေမပေးတတ်။



ဘာပြောရမှန်း တကယ်မသိတာပါ။

"ပြည့်ဆီက အဖြေပေါ်မှာမူတည်ပြီး ကိုယ်ဆက်လက်လှုပ်ရှားရမှာ၊ ပြည့်က ချစ်တယ်ဆိုရင် ကိုယ်နိုင်ငံခြားထွက်ဖို့ အစီအစဉ်ကို ရပ်ဆိုင်းထားမယ်၊ ဒီလိုမှမဟုတ်လည်း ပြည့်ကို စေ့စပ်ထားပြီး သင်္ဘောလိုက်ဖို့ စီစဉ်မယ်၊ သင်္ဘောလိုက်ပြီး ပြန်လာရင် လက်ထပ်ကြမယ်လေ"

"ရှင် ... ရှင့်အစီအစဉ်တွေကလည်း မြန်လှချေလား"

"မမြန်လို့မဖြစ်ဘူးလေ၊ အသက်နှစ်ဆယ့်ငါးရှိနေပြီ၊ ကိုယ့်ဘဝ ကြီးပွားတိုးတက်အောင်၊ ပြည့်စုံအောင်၊ တိုးတက်အောင် ကြိုးစားရမယ်"

"ခုရော ... ရှင် ဆင်းရဲနေလို့လား"

"ခုဟာက မိဘပိုက်ဆံရှိတာ၊ ကိုယ့်အစွမ်းအစနဲ့ ရှာလို့ရတာ ကိုယ်တောင်မသုံးလောက်ဘူး၊ သူများတကာတွေလိုပဲ စွန့်စွန့်စားစားနဲ့ ရေခြားမြေခြားမှာ အလုပ်ထွက်လုပ်ကြည့်ချင်တယ်၊ အချိန်က အဖိုးတန်တယ်ပြည့်ရဲ့၊ အချိန်ဆွဲမနေနဲ့တော့နော်"

www.burmeseclassic.com

www.burmeseclassic.com



ရွှေပြည့်အိမ်၏ ပါးကို စားပွဲပေါ်ရှိ ဝါးတူလေးနှင့် လှမ်း၍တို့ရင်း သူပြောသည်။

ရွှေပြည့်အိမ် မပွင့်တပွင့်လေး ပြုံးမိ၏။

သူပြောတာ ဟုတ်တော့ ဟုတ်နေတာပဲနော်။

ဒါဆိုရင် ပြည့် သူ့အကြောင်း မြန်မြန်လေ့လာရဦးတော့မည်ပေါ့။

"ပြည့်မှာ ကိုယ့်ထက်ဦးသူရှိနေလို့လား၊ မရှိပါဘူးနော်၊ ကိုယ် သေချာစုံစမ်းထားတာပဲ"

"ရှင်က ကျွန်မအကြောင်း လေ့လာထားပေမယ့် ကျွန်မက ရှင့်အကြောင်း မလေ့လာရသေးဘူး"

"လေ့လာလေ၊ ကိုယ်ဟာ အလွန်သဘောကောင်းပြီး ချစ်စရာကောင်းတဲ့လူတစ်ယောက် ဖြစ်ကြောင်း ပြည့် သိရမှာပေါ့"

"ရှင်တော်တော် အဲပြောကောင်း၊ တကယ့်လိပ်ကြီးပဲ"

"ပြည့်နဲ့တွေ့မှ ပြောတတ်ဆိုတတ်လာတာ၊ အရင်က ကိုယ် ဒီလောက်အပြောမကောင်းဘူး"

"ကျွန်မချစ်ရမယ့်လူဟာ ကျွန်မထက် အရင်



ဘယ်သူ့ကို ချစ်ခဲ့ဖူးပြီလဲ၊ ရည်းစားဘယ်နှစ်ယောက်ရှိလဲ၊ ဒါတွေသိချင်သေးတယ်"

"ကိုယ် ပြောပြရမှာလား"

"အင်းပေါ့"

ရွှေပြည့်အိမ်က ခေါင်းကလေး ညိတ်ရင်း ပြောလိုက်၏။

"အဟမ်း"

မိုးဝေယံက ချောင်းတစ်ချက်ဟန့်လိုက်သည်။

"ကိုယ့်အကြောင်းကိုယ် ပြောရမှာတော့ ရှက်သား၊ ကိုယ်က အရမ်းစွံတာ"

အင်္ကျီကော်လံလည်ပင်းကို ဆွဲဆန့်ရင်း ပခုံးလေးတွန့်ကာကာ မထီတထိ အမူအယာနှင့် ပြောလိုက်၏။

"ကိုယ်တို့ မောင်နှမသုံးယောက်ရှိတာ၊ အစ်မနှစ်ယောက်ရယ်၊ ကိုယ်က အငယ်ဆုံးသား၊ မမ သူငယ်ချင်းကဆို ကိုယ်ကိုအရမ်းချစ်တာ၊ ခုထိအပျိုကြီးဖြစ်နေကြတာ၊ ကိုယ့်ကို မရလို့တဲ့"

"ဟွန်း"

www.burmeseclassic.com

www.burmeseclassic.com



ပြည့်က နှုတ်ခမ်းလေးချွန်၍ ပြလိုက်၏။

"အစ်မတွေနဲ့ နေရတော့ မိန်းကလေးသူငယ်ချင်းတွေလည်း ကိုယ့်မှာရှိတယ်၊ ဒါပေမယ့် ကိုယ်က သန့်သန့်လေးနေတယ်၊ မေမေကလည်း ကိုယ့်ကို မိန်းကလေးတစ်ယောက်ယောက်နဲ့ ကြိုက်သွားမှာ အရမ်းစိုးရိမ်တာ၊ မသင့်တော်တဲ့မိန်းကလေးမျိုး ပြောတာပါ။ ငယ်တဲ့အချိန်မှာပေါ့၊ ခုတော့ ကိုယ့်ဘာသာ စဉ်းစားဆုံးဖြတ်နိုင်ပြီဆိုတော့ မေမေ အရင်လို မတင်းကြပ်တော့ဘူး။ လွှတ်ထားတာပေါ့"

"ကိုမိုးဝေယံရဲ့အကြောင်း တိတိကျကျသိချင်တာနော်၊ ဝေ့လည်ဝေ့လည် မလုပ်နဲ့"

"ခုပြောနေတာပဲလေ၊ ကိုယ်ငယ်ငယ်က သိပ်စွံပေမယ့် ဘာဖြစ်လို့ ရည်းစားမထားဖြစ်လည်းဆိုတာ အဓိကအကြောင်းကတော့ မေမေ့ကြောင့်ပဲ၊ ကိုယ်ဘွဲ့ရတယ်၊ အင်ဂျင်နီယာဖြစ်လာတယ်၊ အဲဒီ အချိန်ပိုင်းတွေမှာ ကိုယ်ဟာ စာကိုပဲ ဂရုတစိုက် ကြိုးစားနေရတော့ တခြားအရာတွေလည်း စိတ်ဝင်စားမှု မရှိပါဘူး။ မေမေ စိုးရိမ်လို့သာ စိုးရိမ်နေတာ၊ ခု အလုပ်လုပ်နေတော့လည်း



ကုမ္ပဏီမှာ မိန်းမတွေနဲ့ ရောနေရတာပဲ၊ ဒါပေမယ့် ကိုယ့်ကို ရင်ခုန်အောင် လုပ်နိုင်စွမ်းရှိသူ တစ်ယောက်မှမရှိဘူး။ ပြည့်နဲ့ကျမှ ကိုယ်ကရှာနိလျှောတာ"

"ဟင် ... ရှာနိလျှောရအောင်၊ ကိုမိုးဝေယံက ရှာနိရနေလို့လား။ ပေါက်ကရပြောတယ်၊ မနိုင်းကောင်းနိုင်းကောင်း"

"ဟဲ ... ဟဲ ... ဟဲ၊ ပြည့်နဲ့ကျမှ ကိုယ်ကြွေတာ"

"ဒါဆို ကိုမိုးမှာ ချစ်သူရည်းစားမရှိခဲ့ဘူးလို့ ဆိုလိုတာလား"

"အင်းလေ၊ အသေအချာပဲ"

"နောက်မှသိလာရင်တော့လား"

"စိတ်ချ"

မှာထားသောဟင်းများ ရောက်လာ၍ ထမင်းစားကြသည်။

"ပြည့် ... မသန္တာတို့ညည်ခံပွဲနေ့ မရောက်ခင် အဖြေပေးပါလား"

"ဟင် ... မြန်အားကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါမှ မသန္တာတို့ညည်ခံပွဲကျရင် မေမေတို့ကို ခေါ်လာပြီး ပြရအောင်လေ"

"အဲဒီလိုတော့ မလုပ်ပါနဲ့၊ ရှင့်အမေက ကျွန်မ ကို အထင်သေးသွားပါဦးမယ်"

"ဘာဆိုင်လဲ၊ ပြီးတော့ ပြည့်ကို တစ်ခု တောင်း ဆိုရမယ်"

"ဘာလဲ"

"ကိုယ့်ကို ရှင်၊ ရှင်နဲ့ မပြောပါနဲ့ဗျာ"

"ဩော် ... အင်း ... ဟင်း၊ ကျွန်မများ ရိုင်းသွားသလား၊ ကျွန်မတို့ မိန်းကလေးချင်းလည်း ခုဒီလို ပဲပြောနေတာလေ၊ နောက်ဆို မပြောတော့ဘူး ကိုမိုးလို့ ပြောမယ်နော်"

ချိုချိုနွဲ့နွဲ့လေး ပြောလိုက်ပုံကြောင့် မိုးဝေယံ အသည်းခိုက်သွား၏။

"ကျေနပ်တယ်၊ ဒါဆို ညကျဖုန်းဆက်ဦးမယ် နော်"

"ဆက်လေ"

"မနေ့က တစ်ခါဆက်သေးတယ်၊ ပြည့် အိပ်နေ



ပြီတဲ့၊ အစောကြီး ဘာလို့အိပ်လဲ"

"ဩော် ... စာမေးပွဲမဖြေခင်ကတည်းက အိပ်ရေးပျက်နေတာ၊ အိပ်တာပေါ့၊ ဒါပေမယ့် ညကို ရှစ်နာရီလောက် အိပ်ပျော်ပြီး ကိုးနာရီခွဲလောက်ကျ ပြန်နိုး ပြီး မျက်စိကျယ်နေတာနဲ့ မဂ္ဂဇင်းတွေဖတ်နေရတာ"

"ဒါဆို ည ဆယ့်တစ်နာရီလောက် ပြည့် အိပ်ရာ ကနိုးတဲ့အချိန်ကျမှ ဆက်မယ်"

"ဘာလုပ်ဖို့လဲ၊ ဘာအရေးကြီးလို့လဲ"

"ဟင် ... ဆက်မှာပဲ၊ ကိုယ်က ပြည့်ကို ည တိုင်း သတိရနေလို့၊ ဖုန်းလာရင် လန့်မသွားနဲ့ဦး"

ထမင်းစားပြီးသည်နှင့် မိုးဝေယံက ရွှေပြည့် အိမ်အား ပြန်ပို့ပေးသည်။

"ကျေးဇူးတင်ပါတယ်နော် ကိုမိုး"

"မနက်ဖြန်ရော၊ ဘာအစီအစဉ်ရှိသေးလဲ"

"မသိဘူး၊ မမခိုင်းတာ လုပ်ရမှာ"

"ညကို ဖုန်းဆက်မယ်"

"အင်းပါ"

မိုးဝေယံကား ခြံထဲမှ ထွက်သွားတာကို ရွှေပြည့်

www.burmeseclassic.com

www.burmeseclassic.com



အိမ် ကြည့်ရင်းမှ အောင်ချမ်းမွန်တို့အိမ်ဘက်သို့ ကူးလာခဲ့သည်။

"ဘာတွေလုပ်နေလဲ၊ အောင်အောင်"

အောင်ချမ်းမွန်၏ဘေးမှ စာအုပ်ပုံကြီးကို ကြည့်ရင်း မေးလိုက်သည်။

"စာမေးပွဲပြီးပြီဆိုတော့ စာအုပ်တွေရှင်းနေတာပေါ့၊ ငါ့ကို ကားမောင်းနိုင်းမယ်ဆိုတာ ပြီးသွားပြီလား။ ဒီနေ့ မောင်းရဦးမယ်ဆိုရင် ရေချိုး၊ ထမင်းစားလိုက်မယ်"

"ဟုတ်တယ်၊ ခုပဲ မမနိုင်းလို့ ဖိတ်စာသွား ပို့တာ၊ အခု တရေးလောက်အိပ်ပြီး နားဦးမယ်၊ ညနေလောက်မှ တစ်ခေါက်ထွက်မယ်၊ မမရဲ့မင်္ဂလာဧည့်ခံပွဲကလည်း ကျွာ ဘုန်းကြီးကျောင်းမှာ မင်္ဂလာဆွမ်းကျွေးရုံတောင် ဒီလောက်ပင်ပန်းတယ်၊ ယောက်ျားတစ်ယောက်ယူရတာ မလွယ်ပါလား"

"ဒါဆို နင်မယူနဲ့ပေါ့"

"အမယ်၊ မယူဘဲတော့ ဘယ်နေမလဲ၊ အပျိုကြီးဆိုရင်လည်း လူတွေက မလေးစားချင်ဘူး၊ နင် ရော



လူပျိုကြီးလုပ်မှာလား"

"မသိပါဘူး၊ ခုထိတော့ ငါစိတ်မကူးသေးဘူး"

"စိတ်မကူးဘူးဆိုပြီး ရတနာနဲ့ တတွဲတွဲလုပ် မနေနဲ့"

"သူငယ်ချင်းပါ"

အောင်ချမ်းမွန်က ရယ်ကျဲကျဲလုပ်ရင်း ဖြေသည်။

"နင့်မှာ ချစ်သူရှိလာပြီဆိုရင် ငါ့ကို တိုင်ပင်၊ နင်လူရွေးမှားမှာစိုးလို့"

"နင်ကရော ငါ့ကို တိုင်ပင်မှာလား"

ရွှေပြည့်အိမ် မျက်နှာလေး ကွက်ခနဲပျက်သွားတာကို အောင်ချမ်းမွန် သတိထားမိလိုက်သည်။

"တိုင်ပင်ရမှာပေါ့၊ ငါတို့က သူငယ်ချင်းတွေပဲဟာ၊ မိန်းမတွေက သိပ်လည်တာ၊ နင် ရိုးပုံအပုံနဲ့ အချဉ်ဖမ်းခံရမှာစိုးလို့ ငါရွေးပေးမယ် သိလား။ ဒါဆို သွားမယ်နော်"

အောင်ချမ်းမွန် ခေါင်းဆတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၄။

ကလင် ... ကလင် ... ကလင်

တယ်လီဖုန်းက အသံမြည်လာသည်နှင့် ရွှေပြည့် အိမ်က ဖုန်းကိုကောက်ကိုင်လိုက်၏။

"ဟဲလို"

ခပ်တိုးတိုးလေး ပြောလိုက်သည်။

"ပြည့်လား"

"ဟုတ်"

"ကိုယ့်ကိုစောင့်နေလား"

"အင်း"

"ဟဲ ... ဟဲ ... ဟဲ၊ ဘာဖြစ်လို့လဲ"

"လူကြီးတွေက အိပ်ရာဝင်ကုန်ကြပြီ၊ ရှင်က အဲ ... ကိုမိုးက အချိန်မတော် ဖုန်းဆက်မယ်ဆိုတော့



အိပ်ရာနား ကောလက်စ်ဖုန်းယူလာပြီး စောင့်နေရတာပေါ့"

"ကိုယ့်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားလား"

"အင်း"

"ခု ... အိပ်ပြီးသွားပြီလား"

"ဟုတ်တယ်၊ အိပ်ရာက တရေးနိုးတာနဲ့ ကော်ဖီသောက်ပြီး စာဖတ်မလို့"

"စာဖတ်မလို့၊ ဘာစာအုပ်ဖတ်မှာလဲ"

"မင်းသိခ်"

"ကောင်းတယ်၊ ကိုယ်လည်း ကြိုက်တယ်၊ ဝတ္ထုကို အများကြီးမဖတ်ဖူးဘူး။ ဒါပေမယ့် ဆရာကြီး မင်းသိခ်စာအုပ်တော့ ကိုယ်ဖတ်တယ်၊ ကြိုက်လည်း ကြိုက်လို့ တချို့စာအုပ်တွေကို ဝယ်ပြီးသိမ်းထားတယ်"

"ဟုတ်တယ်၊ အရင်ကရေးတဲ့ စာအုပ်တွေက ပိုပြီးကောင်းတယ်နော်"

"စာတွေလည်း သိပ်ဖတ်မနေနဲ့နော်၊ မျက်စိမှုန်နေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ချင်လည်း မှန်တော့ စာမဖတ်ဘဲ အိပ်လို့ ကိုမရဘူး"

"ကောင်းပါတယ်၊ စာဖတ်တဲ့အကျင့်က ကောင်းပါတယ်၊ အလိမ္မာစာမှာရှိတဲ့ ဒါကြောင့် ပြည့်က လိမ္မာတာကိုး"

"အမယ်၊ ဘာဆိုင်လဲ၊ ကျွန်မ လိမ္မာတယ်လို့ ဘယ်လိုလုပ်သိလဲ"

"သိတာပေါ့၊ ပြည့်က လိမ္မာတယ်ဆိုတာ မြင်တာနဲ့သိတယ်၊ ဒါနဲ့ ကိုယ့်ကို အဖြေပေးတော့လေ"

"စဉ်းစားရဦးမယ်လေ"

"အကြာကြီး မစဉ်းစားပါနဲ့၊ အချိန်ဆွဲရင် ဦးနှောက်စားတယ်၊ ခုပဲ ပေးလိုက်ပါလား"

"ရှင် ... လွန်လွန်းပြီထင်တယ်နော်"

မိုးဝေ့ယံ ရယ်နေသည်။

"စိတ်တိုသွားလား"

"ဟုတ်တယ်"

"ချစ်လွန်းအားကြီးလို့ပါနော်"

"ဒါပဲမဟုတ်လား၊ ပြောချင်တာ"



"ချစ်တဲ့အကြောင်းတွေ ပြောချင်တာတော့ အများကြီးပဲ၊ ဒါပေမယ့် ဘယ်လိုဖွဲ့နွဲ့ပြောရမှန်းမသိဘူး၊ ကိုယ်ပြောချင်တာက ပြည့်ကို အရမ်းချစ်တယ်၊ အချစ်ဆုံးပဲ၊ ပြည့်နိုင်းတာ ဘာဖြစ်ဖြစ်လုပ်ပေးချင်တယ်၊ ပြည့် ဖြစ်ချင်တာတွေ အကုန်လုံး လုပ်ပေးမယ်၊ ဟဲလို ... ဟဲလို ပြည့်"

"အင်း ... နားထောင်နေပါတယ်"

"ကိုယ့်ကို မညှဉ်းဆဲပါနဲ့နော် ပြည့်"

"ကိုမိုး ... ကျွန်မ တကယ်စဉ်းစားနေလို့ပါ၊ ဒါဆို မမတို့ ပွဲပြီးနောက်တစ်နေ့မှာ အဖြေပေးမယ်နော်"

"ကြာတယ်"

"ဒီလောက်တော့စောင့်သင့်ပါတယ်နော်"

"ကိုယ်ပျော်ရမယ့် အဖြေပေးမယ်မဟုတ်လား"

"ဖြစ်နိုင်ပါတယ်၊ ကိုမိုးကို ချစ်သင့်မချစ်သင့် ကျွန်မ ဗေဒင်သွားမေးဦးမယ်"

"ဗေဒင်မေးမယ်၊ ဟာ ... ဘာဆိုင်လဲ"

"ကျွန်မ အချစ်ရေး ကံကောင်းမကောင်း။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျွန်မနဲ့ကိုမိုး နေနံ၊ နက္ခတ်ချင်းတည့်မတည့်

"ဟာ . . . ဒါတွေလိုလို့လား"

"ကျွန်မက ချစ်သူနဲ့လက်ထပ်သူ တစ်ယောက်တည်း ဖြစ်လိုတယ်လေ၊ အဲဒီတော့ ကျွန်မတဲရှေ့ဗေဒင်ဆရာတွေဆီမှာ ဟဲရှေ့သွားဆွဲကြည့်ဦးမှာ"

"ဟောဗျာ"

မိုးဝေယံ စိတ်ညစ်သွား၏။

ဘယ်နှယ့်ဗျာ၊ ရည်းစားထားဖို့အရေး တဲရှေ့သွားဆွဲဦးမယ်တဲ့။

"ကဲ . . . သဘောအတိုင်းပဲ၊ ဗေဒင်မေးမှာဖြင့်လည်း မြန်မြန်မေး။ ကိုယ်က ချစ်ချင်လှပြီ"

"ဟင်း"

"ဘယ်ကဗေဒင်ဆရာကို သွားမေးမှာလဲ၊ ကိုယ်လိုက်ခဲ့မယ်လေ"

"လိုက်လို့ဘယ်ဖြစ်ပါ့မလဲ၊ ကျွန်မဘာသာသွားမေးမယ်၊ ကိုမိုးရဲ့ မွေးသက္ကရာဇ်အပြည့်အစုံပြောသာပြော"



မထူးတော့ပြီမို့ မိုးဝေယံသည် သူ၏ မွေးနေ့သက္ကရာဇ်ကို ပြောပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"အောင်ရေ ... အပြင်သွားမလို့ လိုက်ပို့ပေးစမ်းပါနော်"

မနက် အိပ်ရာထ ထမင်းကြော်ကို ကော်ဖီနှင့် မျှောချနေဆဲ ရွှေပြည့်အိမ် လာခေါ်သဖြင့် ရေချိုးအဝတ်အစားလဲပြီး လိုက်လာခဲ့ရ၏။

မင်္ဂလာဆောင်ဖိတ်စာ ပို့မလို့ပဲဟု ထင်နေတာ။ လမ်းကျမှ ပေဒင်မေးချင်လို့ လိုက်ပို့ပေးစမ်းပါဟု ဆိုသော အခါ အောင်ချမ်းမွန် ဘယ်ပို့ရမှန်းမသိ ဖြစ်နေ၏။

"ဘယ်ဆရာဆီ သွားချင်တာလဲ"

"အေးလေ၊ နင်သိတဲ့ပေဒင်ဆရာ မရှိဘူးလား။ မှန်တဲ့ဆရာ"

"ငါမှ တစ်ခါမှ မမေးဘူးတာ၊ ဘယ်သိမလဲ။ မေမေပဲ တွက်ပေးနေတာ"



"မေထားကို မေးလိုက်တော့ ဘယ်ကောင်းမလဲ ယောက်ျားပေဒင်ဆရာလဲ မမေးချင်ဘူး။ မိန်းမပေဒင် ဆရာ၊ ဒါမှ ဆွေးနွေးလို့ကောင်းမှာ"

"နင်က ဘာတွေဆွေးနွေးချင်တာလဲ"

"ဒီလိုပဲပေါ့ဟာ၊ မိန်းမချင်းဆိုတော့ ပိုကောင်းတာပေါ့၊ ဆရာကြီး မင်းသိခ်ရဲ့တပည့်တစ်ယောက်ဆီ ကို ပို့ဟာ"

"ဘုရားမှာတော့ ရှိမှာပဲ"

"ဟင် ... ဘုရားဆိုရင် လူများနေမှာပေါ့၊ စဉ်းစားပါဦး။ ဘယ်နားမှာ တွေ့မိလဲလို့"

"သြော် .. ဟုတ်ပြီ၊ ဝက်ပါလမ်းကိုဖြတ်ရင်း တွေ့နေတာပဲ၊ အဲဒီသွားရအောင်"

ဝက်ပါလမ်းရှိ ဆရာကြီးမင်းသိခ်၏ တပည့် ပေဒင်ဆရာမဆီ ရောက်လာကြသည်။

"နင် လိုက်ခဲ့ဦးမလား"

"သွားပါဟာ၊ ငါ အပြင်ကပဲစောင့်မယ်"

ရွှေပြည့်အိမ် တစ်ယောက်တည်း ပေဒင်မေးရန် ဝင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ၊ ဗေဒင်မေးချင်လို့"

"ထိုင်ပါသမီး"

ဆရာမက ဆံပင်တိုနှင့် ဘလောက်စ်အင်္ကျီ ဖားဖားပွပွဝတ်ထားပြီး သဘောကောင်းပုံရသဖြင့် ကျေနပ်သွား၏။

"မွေးနေ့သက္ကရာဇ်ပြော သမီး၊ နာမည်လေးလည်းပြော"

ဆရာမက ရွှေပြည့်အိမ်၏ မွေးသက္ကရာဇ်ကို ခုနစ်နှင့်စား၍ မဟာဘုတ်တိုင်ထုသည်။ သက်ရောက်တိုင်ရှာသည်။ ပြီးတော့ လက်ကိုဖြန့်ခိုင်းပြီး လက္ခဏာကြည့်သည်။

"သမီးက နတ်နက္ခ၊ စနေသမီး ဗုဒ္ဓဟူးသိုက်ဖွားမို့ ငယ်စဉ်ကတည်းက မိဘတွေ စီးပွားတက်ချိန်မှာ မွေးပြီး ချမ်းချမ်းသာသာ နေရတတ်တယ်၊ အသက်ရှည်မယ်၊ အကြီးအစည်များမယ်၊ ပညာပေးလုပ်ငန်းတွေနဲ့ အကျိုးမပေးဘူး။ အနုပညာ၊ အလှအပကုန်ပစ္စည်းတွေ ရောင်းဝယ်တာ၊ အဂ်္ဂါနံ့စိန်၊ ဆေးဘက်ဝင်ပစ္စည်းတွေနဲ့ အကျိုးပေးပါတယ်။ ရတနာရောင်းဝယ်ရေးများ



လုပ်ဖို့ကောင်းတယ်"

ဗေဒင်ဆရာမက သက်ရောက်တိုင်ကို တွက်ပြီး ဆက်လက်ဟောနေသည်။

"သမီးက အချစ်ရေးကို သိချင်တာပါဆရာမ"

"အနက်သက်ရောက်၊ ခွန်တစ်နှစ်တိုင်ဆိုတော့ အချစ်ရေးမှာ အင်မတန်စနီးပွင့်တာပေါ့သမီး၊ ချစ်သူခင်သူ ဝိုင်းဝိုင်းလည်နေမယ်၊ အချစ်ရေးနဲ့ပတ်သက်ပြီး အောင်မြင်မယ်"

"ဒါဆို သမီးကိုချစ်ရေးဆိုနေတဲ့ တစ်ယောက်နဲ့ပတ်သက်ပြီး သိချင်တယ်၊ သူဟာ သမီးအပေါ် ကောင်းလားဆိုးလား။ ဘယ်လိုချစ်သူလဲဆိုတာ ဟောပေးပါဆရာမ"

ဆရာမက ပြုံး၍ခေါင်းညိတ်ပြီး ယွန်းနှင့်လုပ်ထားသော ဗူးရှည်ရှည်ကလေးတစ်ခုကို စင်ပေါ်မှ လှမ်းယူကာ စားပွဲပေါ်တင်လိုက်၏။

"တဲ့ရောကာဒ်နဲ့ ဟောမယ်နော်၊ ကဲ ... အခုသမီးရဲ့ချစ်သူနဲ့ ပတ်သက်ပြီး တဲရော့ဆွဲကြည့်ရအောင်၊ သမီးရဲ့ချစ်သူဟာ ဘယ်လိုချစ်သူမျိုးဖြစ်မလဲလို့"

www.burmeseclassic.com

www.burmeseclassic.com



တဲရောကန်ကို ရွှေပြည့်အိမ် ဘယ်လက်ဖြင့် ချိုးလိုက်သည်။

"နံပါတ်တစ်၊ မော်ဆရာကာဒ် သမီးရဲ့၊ သမီး ချစ်သူဟာ သမီးဘဝအတွက် အကောင်းဆုံးချစ်သူ ဖြစ်လာလိမ့်မယ်"

"ဒါဆို အခုချစ်ရေးဆိုတဲ့လူကရော သူ့ကို သမီး ချစ်တဲ့အဖြေပေးသင့်သလားလို့"

"ကဲ ... ဘယ်လက်နဲ့ဆွဲကြည့်၊ အခု ချစ်ရေး ဆိုထားတဲ့လူဟာ သမီးအပေါ် ဘယ်လိုချစ်သူမျိုးဖြစ် မလဲ"

ဘယ်လက်ဖြင့် တဲရောကာဒ်ကို ချိုးကြည့်ပြန် သည်။

"ဩော် ... သမီးထက်အဆင့်အတန်းမြင့်ပြီး ထင်ရှားတဲ့လူတစ်ယောက်မို့ ချစ်သင့်ပါတယ်သမီးရေ"

"နောက်ထပ်တစ်ယောက် ရှိသေးတယ်"

"သူမိုးက များလှချေလား"

"မဟုတ်ဘူး။ သူက သမီးသူငယ်ချင်းပါ၊ ဒါပေ မယ့် သူက ချစ်ရေးဆိုမယ်ဆိုရင်ကော သမီး သူ့ကိုချစ်



သင့်ပါသလားလို့"

"ကဲ ... ကဲ၊ ဆွဲကြည့်"

သူငယ်ချင်းဆိုတာ အောင်ချမ်းမွန်ကို ဆိုလို ခြင်းဖြစ်ပါသည်။

အောင်ချမ်းမွန်၏မျက်နှာကို မြင်ပြီး တဲရော့ ဆွဲကြည့်သည်။

"မော်ဆရာကာဒ်တဲ့၊ သူ့ကို သမီးရွေးမယ်ဆိုရင် သူဟာ သမီးရဲ့ ဘဝမှာ အကောင်းဆုံးချစ်သူဖြစ်မယ်တဲ့"

သူ ပခုံးတွန့်ပြီး ပြုံးလိုက်သည်။

"နောက်ရော၊ သမီး ဘာများသိချင်ပါသလဲ"

"ဘာအကြောင်းမှ မသိချင်တော့ပါဘူး။ ကျေးဇူး တင်ပါတယ်"

ရွှေပြည့်အိမ် ဗေဒင်ဟောခန်းမှ ထွက်လာတော့ အောင်ချမ်းမွန်က ကားပေါ်မှာ စာအုပ်တစ်အုပ်ဖတ်ရင်း အေးအေးဆေးဆေး စောင့်နေသည်။

"ပြီးပြီလား"

"အင်း"

"ကျေနပ်သွားပြီပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

အောင်ချမ်းမွန်အား မလုံမလဲကြည့်ရင်းက ခေါင်း ညိတ်ပြသည်။

မိုးဝေယံတင်မက အောင်ချမ်းမွန်နှင့်ပတ်သက် ၍ တဲရှေ့ဆွဲလာခဲ့သည်မဟုတ်လား။

အောင်ချမ်းမွန်နှင့် ဘာမှမဆိုင်ဘဲ ဘာကြောင့် ချစ်သင့်ပါသလဲလို့ တဲရှေ့ဆွဲလာခဲ့တာလဲဆိုတာ သူ ဘာသာသူ အံ့ဩနေမိ၏။

"ဘာတွေဟောလဲ"

"ကောင်းတာတွေချည်း ဟောတာပဲ"

"အဲဒါ နင်ကကောင်းလို့ နေမှာပေါ့၊ တချို့ ဗေဒင်ဆရာတွေဆိုရင် မကောင်းတာတွေချည်းဟောပြီး ယတြာချေခိုင်းတာ၊ နင်ကရော၊ ဘာအကြောင်း သွားမေး တာလဲ၊ စာမေးပွဲလား၊ အလုပ်လား"

"အံချစ်ရေး"

"ဟင် ... အချစ်ရေး၊ ဒါများကွာ"

"မေးရတာပေါ့၊ မိန်းကလေးဆိုတော့ အချစ်ရေး အရေးကြီးတယ်"



"အဲတော့ ဘာတဲ့လဲ"

"အချစ်ရေး ကံကောင်းနေတဲ့အချိန်တဲ့၊ အခု ငါ့ကို ပရိုပို့စ်လုပ်တဲ့ ကိုမိုးဝေယံနဲ့ ပတ်သက်ပြီး သွား မေးတာ"

အောင်ချမ်းမွန် စိတ်ဝင်စားစွာဖြင့် မျက်ခုံးများ ပင့်ကြည့်သည်။

"ဟုတ်တယ်၊ အဲဒါ ငါ့အတွက်ကောင်းတယ် လေ၊ အဆင့်အတန်းမြင့်ပြီး ထင်ရှားမယ်တဲ့"

"ဒါဆို နင်က ကိုမိုးဝေယံကို ရွေးမယ်ပေါ့"

ရွှေပြည့်အိမ်က တွေတွေဝေဝေ ဖြစ်သွားသည်။

"ငါ ကိုမိုးကိုရွေးရင် နင် သဘောတူလား"

"ဒါ ငါ့ကိစ္စမှမဟုတ်တာ၊ နင့်ကိစ္စပဲ"

"ဒါပေမယ့် နင်နဲ့လည်းဆိုင်တယ်လေ၊ နင်က ငါ့သူငယ်ချင်းကောင်းပဲဟာ၊ ငါ့အတွက် နင်စဉ်းစား ပေးလေ"

အောင်ချမ်းမွန် ခေါင်းရှုပ်သွားသည်။

ရွှေပြည့်အိမ်က သူ ဘာပြောမလဲလို့ မျှော်လင့် တကြီးကြည့်နေတာ သိတော့ ပို၍ရင်လေးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးဝေယံဆိုတာ ငါနဲ့သိတဲ့လူမှ မဟုတ်တာ၊ သူ့အကြောင်း စုံစမ်းပေးဆိုရင်တော့ စုံစမ်းပေးမယ်၊ ဒါပေမယ့် အဲဒါ နင့်ရင်ခုန်သံကို နင်ပဲသိမှာ"

ရွှေပြည့်အိမ် ခေါင်းဆတ်ဆတ် ညိတ်သည်။

"ကိုမိုးက လူကောင်းတစ်ယောက်ပါပဲ၊ သူ့ငယ်ချင်းတွေကတော့ သူ့ကို ထောက်ခံအားပေးကြတယ်၊ ငါလည်း သူ့ကို စိတ်ဝင်စားပါတယ်၊ ရည်းစားလည်း တစ်ခါမှ မထားဘူးတော့ ကြောက်တယ်"

အောင်ချမ်းမွန်က ခစ်သဲ့သဲ့ရယ်သည်။

"နင် ငါ့ကို လာတိုင်ပင်နေတာ ငါကရော ဒါမျိုး ကျွမ်းလို့လား။ ငါလည်း ရည်းစားမထားဖူးသေး ဘူး"

"နင် သိပ်တုန်းတာပဲ"

ရွှေပြည့်အိမ်က အပြစ်တင်သလို ပြောပြီးမှ ရယ်သည်။

"တကယ်ဆို နင်က လိမ္မာတာပဲအောင်ရ။ ဘယ်သူ့ကို နင်စိတ်ဝင်စားလဲ၊ ရတနာလား၊ထူးလင်းအောင်ရဲ့ညီမ စန်းဆိုတဲ့ကောင်မလေးလား"

"မဆိုင်လိုက်တာ၊ အေးကြည်စန်းက ငါ့ရဲ့



ညီမလိုပါပဲ၊ ရတနာကိုလည်း ရိုးရိုးသားသားခင်မိတာပါ"

"ခုချိန်အထိ ဘယ်ကောင်မလေးတစ်ယောက် အပေါ်မှာမှ ရင်မခုန်ဖူးသေးဘူးလား"

"ဟင့်အင်း"

"ကောင်းရော"

"ငါ ဘယ်ကိုမောင်းရဦးမလဲ"

"သန်လျင်"

"ဟင် ... တကယ်လား။ စောစောကပြောတာ မဟုတ်ဘူး။ အရေးထဲ ဗေဒင်မေးနေသေးတယ်"

"ဗေဒင်ကလည်း အရေးကြီးတယ်၊ သွားပါ။ သံလျင်က ခဏလေးနဲ့ရောက်သွားမှာ၊ဟိုကျမှ ထမင်းစားရအောင်၊ မေကြီးအမျိုးတွေဆီ ဖိတ်စာသွားပေးရမယ်၊ နို့မဟုတ်ရင် မေကြီးကိုယ်တိုင် သွားပေးမှာ၊ ခုတလော သွေးတိုးနေလို့"

"နင် နေပူမှာစိုးလို့ပါ၊ ငါက ဘာဖြစ်ဖြစ်ရတယ်"

"ငါလည်းရတာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



သန်လျင်တံတားဘက်သို့ ဦးတည်၍ မောင်းလိုက်သည်။

နှစ်ယောက်သား အတွေးကိုယ်စီနှင့် တိတ်ဆိတ်နေကြသည်။

ရွှေပြည့်အိမ်က သူ့ဘေးမှ ငြိမ်သက်စွာ ကားမောင်းနေသော အောင်ချမ်းမွန်အား စောင်းငဲ့၍ ငေးကြည့်နေသည်။

အသားမဖြူမညိုပေမယ့် အောင်ချမ်းမွန်၏ အသားက အဝါရောင်ဘက်သို့ သန်းနေသည်။

ဆံပင်ကို ခပ်တိုတိုညှပ်ထားသော ဒီဇိုင်းနှင့် သူ့အင်မတန်လိုက်ဖက်သည်။

ခုတလောမှာမှ ဘာစတိုင်ထွင်နေမှန်းမသိ၊ မေးစေ့အလယ် အချိုင့်နားမှာ အမွေးရှည်ကလေးတွေ တမင်တကာထားသည်။

မျက်ခုံးက နက်မှောင်ပြီး ထူတန်းနေသည်။

စူးရှတောက်ပြောင်သော မျက်လုံးအစုံသည် ညို့ဓာတ်အားပြင်းလေသည်။

နှာခေါင်းက ချွန်မြမြ။



နှုတ်ခမ်းကလည်း ပုံစံတိတိကျကျအပြင် နီရဲစိုလွင်နေသည်။

ဝတ်စားဆင်ယင်မှုတွင်လည်း ဘယ်တော့မှ လျော့တိလျော့ရဲမနေ။

အမြဲတမ်း သပ်သပ်ရပ်ရပ်ရှိလွန်းသည်မို့ သူ့ကြည့်ရတာ စိတ်ချမ်းသာမှု ရရှိစေသည်။

သည်လိုယောကျ်ားမျိုးကိုတော့ မကြိုက်တဲ့ မိန်းကလေးဆိုတာ ရှိမည်မထင်။

အသောက်အစား ကင်းသည်။

အလောင်းအစားလည်း မရှိ။

သဘောလည်း ကောင်းသည်။

ရိုးသားအေးဆေးသည့် ယောကျ်ားတစ်ယောက်ကို ပိုက်ဆံမချမ်းသာတာ တစ်ခုတည်းနှင့် ချစ်သူ အဖြစ် စဉ်းစားမရွေးချယ်ရတော့ဘူးတဲ့လား။

တကယ်တော့ အောင်ချမ်းမွန်သည် ချစ်သူ ရည်စားဖြစ်သင့်သော သူတစ်ယောက် မဟုတ်လား။

အယ် ... အဲဒီလို စဉ်းစားရအောင်၊ သူက ကိုယ့်ကို ချစ်ရေးဆိုခဲ့လို့လားဟင်''

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြစ် သူတွေးရင်းမှ ရွှေပြည့်အိမ် ရှက်သွားသည်။

အောင်ချမ်းမွန်ကတော့ ဘာမှမသိရှာ၊ သူ့အတွေးနှင့်သူ ဆိတ်ငြိမ်စွာ ကားမောင်းနေသည်။

သူ့အတွေးထဲမှ ရွှေပြည့်အိမ်ဆိုတဲ့ သူမှ ပါပါလေစ။

၁၅။

"တီ ... တီ ... တီ"

ခြံရှေ့မှာ ကားဟွန်းသံ အဆက်မပြတ်တီးနေတာနှင့် ပန်းပင်ရေလောင်းနေရင်းက အောင်ချမ်းမွန်ပြေး၍ ခြံတံခါးဖွင့်ပေးလိုက်သည်။

လာနေကျကားမို့ မိုးဝေယံဆိုတာလည်း သိလိုက်၏။

ကားက ရွှေပြည့်အိမ်တို့ ဆင်ဝင်ရှေ့မှာ ရပ်သွားသည်။

အောင်ချမ်းမွန်က ခြံဝင်းဝင်းတံခါး ပြန်ပိတ် ကာ မေမေ့နှင်းဆီပန်းပင်တွေကို ရေဆက်လောင်းနေ သည်။

ခြံက ရွှေပြည့်အိမ်တို့ခြံ။

ဒါပေမယ့် ရွှေပြည့်အိမ်၏မေမေ ပေါ်ကြည်

www.burmeseclassic.com

www.burmeseclassic.com



ကြည်ဆွေက စီးပွားရေး လူမှုရေးကိစ္စတွေနှင့် လုံးလည်လိုက်ကာ သစ်ပင်စိုက်ဖို့ အချိန်မရ။

ဝါသနာလည်း ပါဟန်မတူ။

အောင်ချမ်းမွန်၏မိခင် ဒေါ်ထားအေးကသာ စိုက်လိုက်ရသည့်သစ်ပင်။

ခြံထဲမှာ ဂမုန်းအမျိုးမျိုးကို ပန်းအိုးတွေနှင့် သီးသန့်နေရာပေး၍ စိုက်ထားသည်။

စီးပွားဂမုန်း အဖို၊ အမ၊ မယ်တော်ကြီးဂမုန်း။ ရတနာဂမုန်း၊ ရွှေလာငွေလာဂမုန်း၊ ဆင်စွယ်ဂမုန်း။ ဒေါင်းဂမုန်း။ နဂါးစက်ဂမုန်း။ ဇော်ဂျီဂမုန်း၊ ပတ္တမြား ဂမုန်း စသဖြင့် ဂမုန်းတွေစုံနေသည်။

ရွက်လှပင် အမျိုးမျိုးကိုလည်း ခြံထောင့်မှာ စည်းရိုးသဖွယ် စိုက်ထားလေသည်။

ခြံထဲမှာ သစ်ပင်ကြီးဆို၍ သရက်ပင်ကြီးတစ်ပင်သာရှိ၏။ တစ်ပင်ဆိုတစ်ပင်ဆိုသလောက် တစ်နှစ်တစ်နှစ် သီးသည့်သရက်သီးကလည်း နည်းနည်းနောနော မဟုတ်။

ရွှေပြည့်အိမ်တို့ခြံကို ရွှေပြည့်အိမ်ဟုပင် အမည်



ပေးထားလေသည်။

ဆင်ဝင်အောက် မြက်ခင်းပတ်ပတ်လည်မှာလည်း လေးညှင်းကြာစွယ်ပန်းများ၊ ဂန္ဓမာပန်းများ၊ နေကြာပန်းများကို စိုက်ထားလေသည်။

မြက်ခင်းအလယ်မှာ လေးဘက်ပတ်လည် အုတ်ကန်လေးကို ကျောက်တုံးကျောက်ပြားများဖြင့် လှလှပပ ဆောက်ထားပြီး ကန်ထဲမှာ ရွှေငါးလေးများ မွေးထားလေသည်။

ရွှေပြည့်အိမ်တို့နေသည့် အိမ်ဘေးမှာ ကားဂိုဒေါင်အထက်မှာ အောင်ချမ်းမွန်တို့ မိသားစုနေသည်။

အောင်ချမ်းမွန်တို့နေသည့် အဆောက်အဦး၏ဘေးပတ်လည်တစ်လျှောက်မှာလည်း ဒေါ်ထားအေးက နှင်းဆီပန်းအိုးအမျိုးမျိုးကို ထားလေသည်။

ပါပါမီလန်ခေါ် အထပ်များများပါသည့် နှင်းဆီပန်းရောင်စုံများ၊ ရေမွှေးနှင်းဆီများ၊ ကတ္တီပါကြက်သွေးရောင် စိုနေသည့် နှင်းဆီပန်းများကို ကိုယ်တိုင်ဆေးဖြန်း၊ ကိုင်းကူး၊ ရေလောင်း၊ မြေသြဇာကျွေးဖြင့် သေချာဂရုတစိုက် ပြုစုထားလေသည်။

www.burmeseclassic.com



ဒေါ်ထားအေး မအားလပ်သည့်အချိန်မျိုးမှာ အောင်ချမ်းမွန်အား သည်အပင်တွေအား ရေလောင်းခိုင်းတတ်သည်။

ခြံထဲမှာ ခြံတံခါးဖွင့်ပေးဖို့ရော၊ ပန်းပင်ရေလောင်းဖို့၊ ခြံသန့်ရှင်းရေးလုပ်ဖို့ တာတီးဆိုသောကောင်လေးတစ်ယောက် ငှားထားသည်။ တာတီးကလည်း ခုတလော တခြားကိစ္စတွေ ခိုင်းထားသဖြင့် ပန်းပင်ရေမလောင်းနိုင်အောင်ပင် မအားဖြစ်နေသည်လေ။

ပန်းပင်တွေ ရေလောင်းရင်းမှ အောင်ချမ်းမွန်သည် မိုးဝေယံအိမ်ထဲဝင်သွားတာ ကြာပြီလို့ တွေးလိုက်မိ၏။

မြတ်သန္တာ စေ့စပ်ပြီးနောက်ပိုင်းမှ မိုးဝေယံအား မကြာခဏလာတာ တွေ့နေရခြင်းဖြစ်သည်။

မည်သို့ ပတ်သက်နေပါသလဲဟု တစ်ခါမှ မမေးခဲ့ဖူးပေ။

အဖိုးတန်ကားကြီးကို ကိုယ်တိုင်မောင်း၍လာသော မိုးဝေယံပုံစံက မြင်တာနှင့်ပင် အထက်တန်းစားခေတ်ပညာတတ် လူ့ဂုဏ်ရည်တန်ထဲကဆိုတာ သိသာ



ပါသည်။

လူက ခပ်ဖြောင့်ဖြောင့်၊ မိန်းကလေးတွေ ကြိုက်နှစ်သက်မည့် ဒီဇိုင်းပဲလို့ သတိပြုမိရင်း ပြည့်လည်း ဒီလူအပေါ် ကြိုက်နှစ်သက်မှာပဲလို့ တွေးမိ၏။

ပြည့်နဲ့ဆိုရင် အင်မတန်လိုက်ဖက်တဲ့ စုံတွဲတွေပဲလေ။

ပြည့်ကလည်း ဘာမှပြောစရာမရှိအောင် လှပနူးညံ့ချောမွေ့သည့် မိန်းကလေး။

သူ့အပေါ် ဆရာလုပ်တတ်တာကလွဲရင် ကျန်တာ အားလုံးကောင်းသည်။

ပြည့် ဘာလုပ်လုပ်၊ ဘယ်သွားသွား၊ ဘာစားစား သူ့ကို သတိရတတ်တာ၊ သူ့အားတိုင်ပင်တာ၊ အကူအညီတောင်းတာတွေကို အောင်ချမ်းမွန် သိသည်။

သူကလည်း ပြည့်အတွက်ဆို ဘာကိုပဲဖြစ်ဖြစ် ညည်းမညူလုပ်ပေးတတ်တာ မဟုတ်လား။

ပြည့်က သူ့ကို အစ်မသဖွယ် ဆရာလုပ်တတ်သလို ညီမတစ်ယောက်လိုလည်း ဆိုးနွဲ့တတ်သည်။

ခုလည်း ရည်းစားထားဖို့အရေး သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို တိုင်ပင်နေပြန်သည်။

မိုးဝေယံကို ချစ်ရမည်လားတဲ့။

သူသာဆိုလျှင် ပြည့်ကို အဲဒီလို တိုင်ပင်ပါ့မလား နော်။

ခုထိ ရည်းစားမရှိသေးတာကို ပြည့်က တော့ ဟု ဆိုလိုက်သေးတယ်၊

အင်း ... ရည်းစားထားဖို့ဆိုတာ ကြိုတင် စိတ်ကူးထားတာ မဟုတ်ဘူး။

သူ့ရင်ထဲမှာ အချစ်ဖြစ်ပေါ်လာရင် အစီအစဉ် မရှိဘဲ သူ့ဘာသာ ရည်းစားထားဖြစ်သွားတာ ထင်ပါ ရဲ့။

အောင်ချမ်းမွန်က ကျောင်းစာထဲကို စိတ်ကို အားသွန်ခွန်စိုက် ရောက်နေသဖြင့် အချစ်အကြောင်းက သူ့အာရုံသို့ ရောက်မလာတာဖြစ်သည်။

မိန်းမချော မိန်းမလှလေးတွေ မြင်ရင် ငေးကြည့် နေမိတဲ့ အကျင့်တော့ ရှိတယ်၊ ဒါပေမယ့် စွဲလန်းစွာ ငြိတွယ်သွားအောင် ရင်မခုန်မိခဲ့တာ အမှန်။

ရတနာဆိုလျှင် သူ့အား အရမ်းကို ရင်းနှီး



သည့်အမူအယာတွေနှင့် သဘောကောင်းခဲ့တာပေမယ့် သူက ရတနာ့အပေါ်မှာ သူငယ်ချင်းတစ်ယောက်လိုပဲ ရိုးသားစွာ ခင်မင်ခဲ့တာဖြစ်သည်။

ရတနာက ကျောင်းတွင် လွန်စွာထင်ရှားသည့် မိန်းကလေး။

ဆံပင်အရှည်ကြီးများနှင့် လှပသော ညို့အား သန်သော မျက်လုံးတစ်စုံရှိခဲ့တာကြောင့် ရတနာ့အလှ မှာ ပျော်ဝင်နစ်မျောကုန်သည့် ယောကျ်ားတွေ အများ ကြီးပါပဲ။

ဒီအကြောင်းတွေကြောင့်လည်း ပြည့်က သူ့ အား ရတနာ့အလှမှာ ရင်ခုန်မနေဘူးလားဟု မေးခဲ့ ခြင်းဖြစ်သည်။

ဘာကြောင့် ရတနာ့အလှမှာ မယစ်မူးသလဲဟု မေးလျှင်၊ စိတ်မဝင်စားလို့ဟု ဖြေရမလား။

ဒါမှမဟုတ် ...

ဒါမှမဟုတ် တခြားတစ်ယောက်ယောက် အပေါ် ရတနာ့ထက်ဦးစွာ စိတ်ဝင်စား ဘာယာယစ်မူးခဲ့လို့လား။

အဲဒီလိုလည်း မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"သားရေ၊ မပြီးသေးဘူးလား၊ ပန်းပင်ရေလောင်းတာ၊ အအေးမိကုန်ဦးမယ်၊ လူလည်း တစ်ကိုယ်လုံး ရေတွေရွှဲစိုကုန်ပါရောလား"

ဒေါ်ထားအေး လှမ်းအော်လိုက်မှ သူ ခြံထဲမှာ ရေလောင်းနေတာ ကြာပြီဆိုတာ သတိထားမိ၏။

"ပြီးပြီမေမေ"ဟုပြောရင်း ရေပိုက်ကို သေသပ်စွာ ပြန်သိမ်းနေသည်။

ထိုစဉ်ပင် မိုးဝေယံ အိမ်ထဲမှ ထွက်လာသည်။ သူ့နောက်မှ ရွှေပြည့်အိမ် ပါလာသည်။

"ဟဲ့ ...ဘာလုပ်နေလဲ၊ ဒီမှာ နင့်ကိုမိတ်ဆက်ပေးရဦးမယ်၊ ကိုမိုးပေါ့၊ အောင်ချမ်းမွန်ဆိုတာ ပြည့်ရဲ့သူငယ်ချင်း၊ အစ်ကိုဆိုလည်းဟုတ်တာ"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော် မိုးဝေယံပါ"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ဝမ်းသာပါ တယ်"

"City Mart သွားမလို့ လိုက်ခဲ့ပါလား၊ ခဏလေးပဲ"

ရွှေပြည့်အိမ်က ခေါ်သည်။



"မလိုက်ပါဘူး၊ အခုမှရေချိုးမလို့"

"မင်္ဂလာညစာစားပွဲအတွက် ဘာတွေဝယ်ဖို့လိုသေးလဲ မသိဘူး၊ နင့်အတွက် ဘာလိုသေးလဲ"

"ဘာမှမလိုပါဘူး"

"ငါတော့ ဟိုဟာလို ဒီဟာလိုနဲ့ ဝယ်လို့ကို မပြီးတော့ဘူး၊ အခုလည်း ဝယ်စရာရှိလာပြန်ပြီ၊ တစ်ရွာပေါ် သွားဝယ်မလို့၊ နင် ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး"

မိုးဝေယံနဲ့ ရွှေပြည့်အိမ်တို့ ထွက်သွားသောအခါ အောင်ချမ်းမွန်က ခြံဝင်းတံခါး ပိတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၆။

ရေချိုး အဝတ်အစားလဲပြီးသည်နှင့် ဒေါ်ထားအေးက ထမင်းပွဲပြင်ထားလေသည်။

"ဒီနေ့ သားဖေဖေအိမ်မှာ ညစာမစားဘူးဆိုလို့ မေမေတို့သားအမိနှစ်ယောက်တည်း စောစောစားလိုက်ရအောင်"

"ကောင်းတယ်မေမေ၊ စားမယ်"

"ခုပဲ ဟင်းချိုနွေးထားတာ၊ ပူပူနွေးနွေးလေးရယ်"

မုန်ညှင်းဟင်းချိုနှင့် ငရုတ်သီးသုပ်၊ ငါးမြင်းသားဆီပြန်၊ ပဲကြီးနှပ်တို့ဖြင့် သားအမိနှစ်ယောက် ထမင်းစားမြိန်နေကြသည်။

"မင်္ဂလာဧည့်ခံပွဲဝတ်ဖို့ သားတို့သားအစ



နှစ်ယောက်အတွက် ပိုးပုဆိုးနှစ်ထည် ချုပ်ပြီးသားလာပို့ထားတယ်၊ မေမေ့အတွက်လည်း ချိတ်ထဘီတစ် ထည် လက်ဆောင်ပေးထားတယ်၊ တိုက်ပုံအကျီကလည်း မကြာသေးခင်က ချုပ်ထားတာဆိုတော့ မလိုဘူး။ ရှပ်အကျီလက်ရှည်အဖြူလေး ဝယ်ဦးမလားသား"

"မဝယ်တော့ပါဘူး။ ကျွန်တော့်မှာ အဖြူလက်ရှည်တွေ အများကြီးပဲဟာ"

"ဟော. . . ဟိုမှာသား"

ထမင်းစားနေရင်းမှ ဒေါ်ထားအေး မေးဆတ်ပြ၍ အောင်ချမ်းမွန် နောက်သို့ လှည့်ကြည့်လိုက်သည်။

ခြံဝမှ ကားရပ်၍ ရတနာတစ်ယောက် ခြံထဲသို့ဝင်လာတာ တွေ့ရ၏။

"သားရဲ့သူငယ်ချင်းမလေးလေ"

"ဟုတ်တယ်၊ ဘာကိစ္စလဲမသိဘူး"

"နေ . . . နေ၊ သားဆက်စားလေ၊ မေမေက စားပြီးသွားပြီ၊ တံခါးဖွင့်ပေးလိုက်မယ်"

ရတနာအား ဒေါ်ထားအေးက ဝရန်တာမှ ဆွက်ကြိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“လာ . . . သမီး၊ အောင်တော့ ထမင်းစားနေတယ်၊ တက်ခဲ့သမီး”

“စောစောစီးစီး စားပြီလား”

အိမ်ပေါ်သို့ တက်လာရင်း မေးသည်။

“အလုပ်မရှိ အားနေတော့လည်း စောစောပဲ စားလိုက်တယ်သမီးရေ”

ရတနာ အပေါ်သို့ ရောက်လာ၏။

“အောင် ထမင်းစားနေတယ်လား၊ ဖြည်းဖြည်း စားနော်၊ ရတနာကရတယ်”

“စားပါဦးလား ရတနာ”

“အမယ်၊ ခေါ်မနေပါနဲ့၊ ရတနာ တကယ်ဝင်စားရင် သူ့အတွက် ကျန်တော့မှာမဟုတ်ဘူး၊ ရတနာ့ကား ဆီနည်းနေလို့ ဆက်မသွားဘဲ ဒီကိုဝင်လာတာ။ ဆီတစ်ဂါလံလောက် ရောင်းပါလား”

“ဟာ . . . ကျွန်တော့်မှာ ဘယ်ကလာ ဆီရှိရမှာလဲ၊ ကားပိုင်ရှင်မှမဟုတ်တာ”

“ဒီခြံထဲက ကားတွေထဲက ယူပေးဖို့ပြောတာပါ၊ ဒီနားမှာ ဆီရောင်းတဲ့လူလည်း မတွေ့ဘူး”



“အဲဒါတော့ ရတယ်၊ ခဏနော် ရတနာ၊ အောက်မှာသွားကြည့်လိုက်ဦးမယ်”

ကားဂိုဒေါင်ထဲမှာ ဆီအပိုတွေရှိနေတာ တွေ့၍ ဦးလှရွှေထံမှ တစ်ဂါလံ ခဏချေးပြီး ရတနာ့ကားထဲ ထည့်ပေးလိုက်သည်။

“မနက်ဖြန် ဒီဘက်ကို လမ်းကြုံကြုံမကြုံကြုံ ဝင်ပေးသွားမယ်နော်၊ စိတ်ပူမနေနဲ့ သိလား”

ရတနာက ခနဲ့ခနဲ့လေးလုပ်၍ ပြော၏။

“ရပါတယ်၊ ဖြည်းဖြည်းပေါ့”

“ရှင်က စိတ်ပူတတ်လို့ပြောတာ၊ ကျေးဇူးပဲ၊ ခုလိုကူညီတာ၊ ကျောင်းအားနေတော့ ဘာလုပ်နေလဲ”

“ကျွန်တော် ကွန်ပျူတာဒီဇိုင်း သင်မလို့၊ ခုချက်ချင်းတော့ မသင်ဖြစ်သေးပါဘူး။ ဒီတစ်ပတ်အတွင်း အလုပ်ရှုပ်နေတာနဲ့လေ”

“ဘယ်မှမသွားဘူးလား၊ ရတနာတို့ ကျိုက်ထီးရိုးသွားမလို့ လိုက်ခဲ့ပါလား”

“မသွားဖြစ်သေးပါဘူး၊ မေမေတို့ သွားပြီးမှ ကျွန်တော်လိုက်ရမှာ” သုပ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ရတနာ့ကို ကားနားအထိ ပြန်လိုက်ပို့ရသည်။ ရတနာ့ကားက ခြံအပြင်တွင် ရပ်ထားသည်။

ရတနာက ပြုံးထေ့ထေ့လုပ်ရင်း အောင်ချမ်းမွန်အားကြည့်ပြီး ...

''အောင်က ကလေးကျနေတာပဲ၊ အမေ အဖေပါမှ ခရီးသွားမှာလား၊ ရတနာတို့ကတော့ သူငယ်ချင်းတွေနဲ့ သွားလိုက်တာပဲ၊ အဲဒါမှ ပိုပျော်စရာကောင်းတာ''

''သူငယ်ချင်းတွေနဲ့ သွားလည်း ကောင်းတာပဲ၊ မိဘတွေနဲ့သွားလည်း ကျွန်တော် ပျော်တာပဲ၊ မိဘတွေချည်း ခရီးထွက်ရင် ကျွန်တော် စိတ်မချဘူး၊ ကျွန်တော်ကိုယ်တိုင် လိုက်ပို့ရမှ''

''သွားလိမ့်မှာပေါ့လေ၊ ဟင်း ... ဟင်း''

ကိုယ်လုံးကလေးကို လှုပ်၍ရယ်နေသော ရတနာ့အား သူ ငေးကြည့်နေစဉ်ပင် လမ်းထဲသို့ မိုးဝေယံ၏ကားက ဝင်လာသည်။

ခြံရှေ့ရပ်ထားသော ကားအနီးမှာ ရတနာနှင့် အောင်ချမ်းမွန်တို့ စကားပြောနေတာကို မိုးဝေယံ၏



ကားပေါ်မှ ရွှေပြည့်အိမ်က အဝေးမှပင် လှမ်းမြင်နေရသည်။

ရတနာ့အား ငေးကြည့်နေသော အောင်ချမ်းမွန်၏ အမူအရာကိုမြင်သည်နှင့် ရွှေပြည့်အိမ်၏မျက်နှာ ပျက်သွားသည်။

ခြံရှေ့ပိတ်ရပ်ထားသော ကားဖယ်ရှားရန် မိုးဝေယံက ဟွန်းတီးလိုက်မှ ရတနာ ကားပေါ်သို့တက်ပြီး အောင်ချမ်းမွန်အား လက်ပြနှုတ်ဆက်၍ ထွက်သွားသည်။

အောင်ချမ်းမွန်က မိုးဝေယံတို့ကား ခြံထဲဝင်သွားသည်အထိ စောင့်ပြီး ခြံတံခါးပိတ်လိုက်၏။

ဆင်ဝင်အောက်တွင် မိုးဝေယံ၏ကား ရပ်လိုက်သည်နှင့် ရွှေပြည့်အိမ် ကားပေါ်မှဆင်းပြီး အောင်ချမ်းမွန်ဆီ လျှောက်သွား၏။

''ဟွန့် ... ပြုံးစိပြုံးစိနဲ့ ဘာတွေသဘောကျနေတာလဲ''

''ဘာမှသဘောမကျပါဘူး''

''ဟိုက ဘာလာလုပ်တာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ရတနာလား၊ ကားခါတ်ဆီနည်းနေလို့ ဝင်ပြီးတောင်းတာ၊ ပြီးတော့ သူတို့ ကျိုက်ထီးရိုးသွားမှာမို့တဲ့၊ ငါ့ကို လာခေါ်တာ"

"လိုက်သွားမယ်ပေါ့"

"မလိုက်ပါဘူး"

"တကယ် မလိုက်ချင်တာမှ ဟုတ်ရဲ့လား၊ စိတ်ထဲကတော့ လိုက်ချင်တယ်မဟုတ်လား"

"မလိုက်ချင်ပါဘူး"

"ယုံပါဘူး။ ကဲ ... ရော့၊ ဖာလူဒါဝယ်လာခဲ့တယ်၊ ကိုမိုးက ကျွေးတာပါ၊ ငါ ဘာစားစား နင့်ကို သတိရလို့၊ ရော့ ... နင်နဲ့မေထားနဲ့စား"

"မစားပါဘူး။ အန်တီတို့ပဲ ကျွေးပါ"

"နင်နော်၊ ငါ့စေတနာကို တော်တော်စော်ကား၊ ရော့ ... ညကျမှ လာခဲ့မယ်"

ကားအနီးမှာရပ်၍ မိုးဝေယံ စောင့်နေရာဆီသို့ ရွှေပြည့်အိမ် ပြန်လျှောက်လာ၏။

"ကိုမိုးပြန်တော့လေ၊ ဘာလုပ်နေတာလဲ"

"ဩော် ... အင်း။ ဒါဆို မနက်ဖြန် ဘာအစီ



အစဥ်ရှိသေးလဲ"

"ဘာမှမရှိဘူး"

"ည ဖုန်းဆက်မယ်လေ၊ မနက်ဖြန်တော့ အိမ်ရှေ့ဝအောင်အိပ်မှ နို့မဟုတ်ရင် ညနေခံပွဲမှာ မျက်ကွင်းချိုင့်ကြီး ဖြစ်နေမှာ၊ ဓါတ်ပုံရိုက်ပေးမှာနော်"

"အင်းပါ၊ သွားတော့လေ"

မိုးဝေယံ၏ကား ထွက်သွားတာကို ရွှေပြည့်အိမ် စောင့်မကြည့်ဘဲ အိမ်ထဲသို့ ဝင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၇။

မြတ်သန္တာတို့ မင်္ဂလာဧည့်ခံပွဲကား လွန်စွာ စည်ကားလေသည်။

ပိုးဖဲကတ္တီပါ ဝတ်စုံလှလှတွေနဲ့ ရွှေရောင် ငွေရောင်၊ စိန်ရောင်တို့က ပြောင်ပြောင်နှင့် တောက် ဝင့်ကြွားလှပနေသည့် လူတွေကြားမှာ မိုးဝေယံက ရွှေ ရွှေပြည့်အိမ်တစ်ယောက်ကိုပဲ အလှပဆုံးဟုထင် မျက်တောင်မခပ် ကြည့်နေမိသည်ချည်း ဖြစ်၏။

ရွှေပြည့်အိမ်က ရွှေအိုရောင်တက်တင်း ဒီဇိုင်းလှလှလေးဖြင့် ချုပ်ထားသောဝတ်စုံကို ဝတ်ထား သည်။

ဂျပန်ဆံထုံးလေးထုံးပြီး သစ်ခွပန်းများကို ဝေ အောင် ပန်ထားသည်။



မိုးဝေယံက ရွှေပြည့်အိမ် သွားသည့်နောက် အကောက်ကောက်လိုက်ရင်း ရွှေပြည့်အိမ် လှုပ်ရှား သမျှကို ဓါတ်ပုံလိုက်ရိုက်နေသည်။

တစ်ယောက်တည်းနှင့် ဓါတ်ပုံရိုက်လိုက်၊ ဗီဒီ ယိုကင်မရာကိုင်၍ ဗီဒီယိုရိုက်လိုက် လုပ်နေတာများ မျက်စေ့ပင် နောက်စရာကောင်းနေသည်။

"ငါနော်၊ ကြည့်ရင်း ကြည့်ရင်း အသည်းယား လာပြီ၊ အဲဒီတစ်ယောက်ဟာလေ၊ လူတွေအများကြီး ရှိတာ၊ ရိုက်ပါလား။ ပြီးတော့ ဗီဒီယိုရိုက်ချင်ရိုက်၊ ဒါမှ မဟုတ် စတေးရိုက်ချင်ရိုက်ပေါ့၊ ခုတော့ ဟိုကင်မရာ ကိုင်လိုက်၊ ဒီကင်မရာကိုင်လိုက်နဲ့ မျက်စိကိုနောက်ရော"

ငွေစင်ထွန်းက ပြောသည်။

"ဟဲ့ . . ပြည့်၊ ရှင့်လူကိုပြောလိုက်၊ ဒီမှာ ငါတို့ တွေလည်း ရှိပါသေးတယ်နော်၊ ဓါတ်ပုံရိုက်မယ်ဆိုရင် ငါတို့ပုံတွေပါရိုက်လေ"

အေးမိမိထွန်းက မိုးဝေယံကြားအောင် တမင် သကာ အော်၍ပြောလိုက်သည်။

"ဪ . . . ဟုတ်ကဲ့၊ ရိုက်ပါတယ်၊ အေးမိ

www.burmeseclassic.com

www.burmeseclassic.com



တို့မသိလို့ စောစောက အေးမိတို့မှန့်စားနေတုန်းကလေး ကိုယ် ရိုက်လိုက်တယ်''

''ဟယ် ... ဟုတ်လား။ အေးမိ ကြက်အရိုးတွေကိုက်တာ ရိုက်လိုက်ပြီလားမသိဘူး''

ခုမှ အေးမိမိထွန်း စိုးရိမ်သွား၏။

ကြက်သားဆိုလျှင် အသားထက် အရိုးကို ပိုကြိုက်သဖြင့် အေးမိ အရိုးဆို အသေအလဲကိုက်တတ် သည်မဟုတ်လား။

''ဟဲ့ ... အောင်၊ နင်စားပြီးပြီလား။ နင့်ကြည့်ရတာ ဟိုပြေးဒီပြေးနဲ့ပဲ စားတာမတွေ့သေးဘူး။ လာ ငါတို့စားမလို့၊ စားလိုက်''

ထမင်းစားနေစဉ် ရွှေပြည့်အိမ်က အောင်ချမ်းမွန်အား ခေါ်လိုက်သည်။

အောင်ချမ်းမွန် ထမင်းမစားသေး။

ဧည့်သည်တွေ များနေ၍ ထမင်းလိုက်ပွဲများ ချပေးခြင်း၊ ရေခဲမုန့်ပန်းကန် ချပေးခြင်း၊ စားပြီးသား ပန်းကန်သိမ်းပေးခြင်းတို့ကို ဝိုင်းကူလုပ်ပေးနေရသည်။

ဧည့်ခံပွဲပြီးချိန်နီးမှ အောင်ချမ်းမွန် ထမင်းစား



ဖြစ်သည်။

သည်အချိန်မှာမှ မိုးဝေယံက သူငယ်ချင်းတွေအား စုပြီးဓါတ်ပုံရိုက်ပေးသည်။

''ဟဲ့ ... အောင်၊ အစားမှတ်နေလိုက်တာ၊ လာ၊ ဓါတ်ပုံရိုက်ရအောင်''

ရွှေပြည့်အိမ်က လှမ်းခေါ်နေသည်။

အောင်ချမ်းမွန်က ခေါင်းခါပြပြီး ထမင်းဆက်စားနေသည်။

ငွေစင်ထွန်း၊ အေးမိမိထွန်း စသော သူငယ်ချင်းတွေနှင့်တစ်မျိုး၊ ဆွေမျိုးတွေနှင့် တစ်သွယ်၊ ဓါတ်ပုံအမျိုးမျိုးတွဲရိုက်ပြီးတာတောင် ရွှေပြည့်အိမ်က မကျေနပ်သေး။

ထမင်းစားပြီးသွားသော အောင်ချမ်းမွန်အား ခေါ်ပြီး ဓါတ်ပုံတွဲရိုက်နေသေးသည်။

''မေထားတို့နဲ့ တစ်ပုံ၊ အောင်နဲ့နှစ်ယောက်တည်းတစ်ပုံ ရိုက်ပေးနော်ကိုမိုး''

မိုးဝေယံက ရိုက်ပေးရသည်။

''နောက် ဘာရိုက်ဦးမလဲ၊ ဖလင်နှစ်ကွက်ပဲ ကျန်တော့တယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ အောင်နဲ့တစ်ပုံ ထပ်ရိုက်ပေး။ ပြီးတော့ အောင် တစ်ယောက်တည်း ရိုက်လိုက်ဦး"

"ဟာ ... နေပါစေ"

အောင်ချမ်းမွန်က ငြင်းသည်။

"ဘာနေပါစေလဲ၊ ရိုက်လိုက်၊ သူဖြင့် ဘယ်တော့မှ ဓါတ်ပုံကောင်းကောင်း မရိုက်ဘဲနဲ့၊ လာ ဒီဘက်မှာရိုက်"

အောင်ချမ်းမွန်၏လက်ကို ဆွဲခေါ်ပြီး အခန်းထောင့်က တိုင်ကိုမှီ၍ တစ်ယောက်တည်းရိုက်စေ သည်။

"အဲလိုဆိုတော့ အောင်က ဒွေးနဲ့ သူလားကိုယ်လားပဲ၊ ခစ် ... ခစ်"

သီတာချိုက ရယ်ရင်း ပြောသည်။

"ဟဲ့ .. တကယ်ပြောနေတာ၊ အောင်က ဒီဒွေးဒွေးလောက်နီးနီး ချောနေတာကိုး"

ခင်ကြည်ကြည်ကျော်က ပြောပြန်ပါသည်။

အောင်ချမ်းမွန် မျက်နှာမှာ ရှက်သွေးဖြင့် ရဲတွေးနေ၏။

သို့နှင့်ပင် မင်္ဂလာညွှေ့ခံပွဲသည် စည်ကားစွာ



သိုက်မြိုက်စွာ ပြီးဆုံးသွားလေသည်။

ပျော်စရာတော့ ကောင်းလေသား။

www.burmeseclassic.com

www.burmeseclassic.com

ဝိုရှဲပျော်စရာကောင်းနေတာက ရွှေပြည့်အိမ်က မိုးဝေယံ၏အချစ်ကို လက်ခံတုံ့ပြန်လိုက်ခြင်းဖြစ်သည်။

မိုးဝေယံ ပျော်နေလေသည်။

မင်္ဂလာပွဲပြီးသည်နှင့် မြတ်သန္တာတို့စုံတွဲက မြန်မာပြည်အနှံ့ ပျားရည်ဆမ်းခရီး ထွက်နေကြသည်။

မိုးဝေယံနှင့် ရွှေပြည့်အိမ်လည်း ရန်ကုန်မြို့ထဲမှာပင် နေရာအနှံ့လျှောက်သွားရင်း အချိန်တွေဖြုန်းနေကြသည်။

မင်္ဂလာပွဲတုန်းက မိုးဝေယံရိုက်ပေးသော ဓါတ်ပုံတွေကို မိုးဝေယံကပင် ဓါတ်ပုံအယ်လ်ဘန်တစ်ခုဖြင့် သိမ်းထားစေသည်။

တခြားသူတွေပုံမပါဘဲ ရွှေပြည့်အိမ်တစ်ယောက်တည်းပုံတွေချည်း သပ်သပ်ထပ်ကူးပြီး အယ်ဘန်တစ်ခုနှင့် သိမ်းထားစေသည်။



"ကာလာဖလင်တွေနဲ့က သိပ်အကြာကြီးထားလို့မခံဘူး။ သူ့ကို ပလပ်စတစ်လောင်းပြီးထားရင် ကောင်းလို့ ဓါတ်ပုံတွေအားလုံး ပလပ်စတစ်လောင်းပေးထားတယ်"

မိုးဝေယံက ပြောရင်း အယ်ဘန်နှစ်ခုကို ရွှေပြည့်အိမ်အား ပေးလိုက်သည်။

"ဓါတ်ပုံတွေအကုန်လုံး ကောင်းတယ်၊ ကိုမိုးက ဓါတ်ပုံရိုက်တတ်သားပဲ"

"အင်း ... ကင်မရာလည်းကောင်း၊ ပြီးတော့ ပြည့်ကလည်း ဘယ်လိုအင်ဂဲလ်ကရိုက်ရိုက် လှနေတာပဲဟာ"

"ဒါဆို မင်းသမီးလုပ်တော့မယ်၊ ဓါတ်ပုံစားတယ်ပေါ့"

"လက်ရှိမင်းသမီးတွေထက် လှတာတော့ အမှန်ပဲ၊ ဒါပေမယ့် မင်းသမီးတော့ မလုပ်ပါနဲ့၊ ပြည့်ရဲ့ အလှကို သူများတွေ [illegible]မှုးခံစားတာ မလိုချင်ဘူး၊ ကိုယ်တစ်ယောက်ပဲ ပြည့်ကိုပိုင်ချင်တာ"

"ရှင် တော်တော်စိတ်ပုတ်တာပဲနော် ကိုမိုး"

www.burmeseclassic.com

www.burmeseclassic.com



"ချစ်တာကိုး"

"သေလိုက်"

"ဟဲ ...ဟဲ ...ဟဲ၊ သေလို့လည်း မဖြစ်သေးဘူး။ မိန်းမမရခင် မသေချင်သေးဘူး၊ မိန်းမယူရဦးမှာ၊ ဒါပေမယ့် ခုလောလောဆယ်မှာ သဘော်လိုက်ဖို့လုပ်ထားတာက သွားရမလိုဖြစ်နေပြီ၊ မခွဲချင်သေးဘူး ပြည့်ရာ"

ရွှေပြည့်အိမ် မျက်စောင်းထိုးလိုက်၏။

"သူများတွေကို အားကျလိုက်တာ၊ ကိုယ်လည်း ရွှေလထဲ မိန်းမယူရရင်ကောင်းမယ်"

"ရှင့်ကိုယူမယ့်မိန်းမ ရှိပြီလား"

ရွှေပြည့်အိမ်က မေးသည်။

"အင်းလေ၊ ဟောဒီဓါတ်ပုံအယ်ဘန်ထဲက မိန်းကလေးလေ"

"ဟွန်း ..လူကိုများ ဟင်းရွက်ကန်စွန်းရွက်ကျလို့၊ ခုတွေ့၊ ခုကြိုက်၊ ခုယူလို့ရမယ့်[illegible]အားကြီးကြီး၊ ကျောင်းမပြီးသေးဘူးနော်၊ ခုမှ တတိယ[illegible]ရှိသေး"

မိုးဝေယံ၏မျက်နှာ မြူးနေသလောက် ရွှေပြည့်



အိမ်က တစ်စုံတစ်ခုဆီ အတွေးရောက်နေသည်။

"ပြည့် ...ညနေကျရင် ကြေးအိုးသွားသောက်ရအောင်၊ ကိုယ် ပြည့်ကိုလာခေါ်မယ်၊ ပြောစရာတွေလည်း ရှိသေးတယ်"

"ဟင် ...သူ့ပြောစရာတွေကလည်း ကုန်ကုန်နိုင်ဘူး၊ တကယ်ပဲတော်"

"ချစ်တာကိုးပြည့်ရဲ့၊ ဘာဖြစ်ဖြစ် ပြည့်ကိုပြောပြချင်နေမိတာ၊ ကိုယ်က အချိန်တိုင်းမှာ ပြည့်ကိုပဲ သတိရနေတာ"

"ဒီအကြောင်းတွေ နေ့တိုင်းကြားရလွန်းလို့ ရိုးနေပြီ၊ တခြားခေါင်းစဉ်လေးများ ပြောပါဦးတော့ရှင်"

"ကိုယ်ကတော့ ဒီအကြောင်းပဲ ကြိုက်တယ်၊ ပြည့်ကို ဘယ်လိုချစ်တဲ့အကြောင်း ဘယ်လောက်ပြောရမလဲ၊ ရိုးတယ်လို့မထင်ဘူး"

"အင်း ...ခုတော့ပြောဦးပေါ့လေ"

သူ ပြည့်ကို တကယ်ဂရုစိုက်တတ်တာတော့ ပြည့်လက်တွေ့ပဲ ဖြစ်သည်။

မနက်မိုးလင်းတာနှင့် သူ ပြည့်ထံဖုန်းဆက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဘာစားပြီးပြီလဲ၊ ဒီနေ့ ဘယ်သွားမလဲ၊ ဘာလုပ်မလဲ စသည်ဖြင့် မေးတတ်၏။

မိုးဝေယံက ဆေးကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေရာ၊ သူ့အလုပ်က အပြင်သွားရသော အလုပ်မို့ အလုပ်အကြောင်းပြပြီး အပြင်တစ်နေရာရာကို သွားဖို့ လွယ်ကူသည်။

ထို့ကြောင့် ပြည့်ဆီ မကြာခဏလာနိုင်သည်။

ညနေဖက်ရုံးဆင်းပြီး အိမ်ရောက်တာနှင့် သူ ပြည့်ဆီ ဖုန်းဆက်ပြန်ပြီ။

တစ်ခါတလေ ညဖက်ဖုန်းဆက်လျှင်လည်း အကြာကြီး။

ရှင့်မှာ ဖုန်းဆက်တဲ့အလုပ်ကလွဲပြီး တခြား အလုပ် မရှိတော့ဘူးလားလို့ ပြည့်က မေးလိုက်ချင် သည်။

ဒါပေမယ့် ကိုယ့်ရည်းစားဆိုတော့လည်း မမေးရက်။

ကိုယ့်ကို ချစ်ရှာလို့ပဲဆိုပြီး ကြည်နူးနှစ်သိမ့် သွားတာ၊ သူ့ဖုန်းဆက်မှာကိုပင် တမင်စောင့်နေမိသည် လေ။



မင်္ဂလာဆောင်ခံပွဲအပြီး သုံးပတ်အကြာမှာ မြတ်သန္တာက နိုင်ငံခြားသို့ လိုက်သွားရသည်။

ရွှေပြည့်အိမ်မှာ အစ်မဖြစ်သူကို သတိရ အောက်မေ့လွမ်းဆွတ်နေရလေသည်။

အဖေအမေရယ် သမီးနှစ်ယောက်ရယ်၊ မိသားစု နည်းရသည့်ကြားထဲ တစ်ယောက်လျော့သွားသောအခါ သိသိသာသာပင် ဖျင်းခြောက်တိတ်ဆိတ်ပြီး ကျန်ခဲ့လေ သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၈

"အောင်ရေ ရတနာ အကူအညီတစ်ခု တောင်း ချင်တယ်"

"ဟုတ်ကဲ့၊ ပြောပါ"

အောင်ချမ်းမွန်၏ အမူအယာကိုကြည့်ပြီး ရတနာ ရယ်သည်။

အတန်းဖော်သူငယ်ချင်းကိုများ တရိုတသေ ခေါင်းညိတ်ပြောနေတာမဟုတ်လား။

"အောင်က ရိုးလည်းရိုး၊ အေးလည်းအေးဆေး မို့ ဒီလိုအကူအညီတောင်းရတာ"

"ကျွန်တော် ကူညီနိုင်တာဆိုရင် ကူညီပါ့ မယ်"

"ကူညီနိုင်မှာပါ၊ ပင်ပန်းတဲ့ကိစ္စလည်း မဟုတ် ပါဘူး၊ ရတနာ့ရည်းစားယောင်ဆောင်ပြီး ရတနာ့ဘေး



မှာ နေပေးဖို့ပဲ"

"ဟင်"

သူ အံ့သြတွေဝေသွား၏။

ရတနာကတော့ အပြုံးအရယ်မပျက်ပေ။

"ရတနာပြောရမယ်ဆိုရင် အရှည်ကြီးပဲ၊ တိုရင်းလိုရင်းကို အောင် နားလည်အောင်ပြောမယ်၊ ရတနာတို့ တောင်ကြီးကပဲ၊ လင်းကျော်ငြိမ်းဆိုတာ ရတနာ့အစ်ကိုရဲ့ သူငယ်ချင်းပေါ့၊ ရတနာ့ကို သူ အရမ်း ကြိုက်တယ်၊ မိဘတွေချင်းလည်း ခင်တယ်၊ သူက စင်္ကာပူမှာ ကျောင်းသွားနေတယ်၊ အခု အလုပ်တောင် လုပ်နေပြီ၊ ရှေ့လထဲမှာ သူပြန်လာမယ်၊ ရတနာ့ကို လူကြီးတွေဆီမှာ တောင်းယူမယ်ပေါ့၊ ရတနာက ရည်းစားရှိတယ်လို့ပြောပြီး အပြတ်ငြင်းမယ်၊ အဲဒါ သူ ယုံမှာမဟုတ်ဘူး၊ စုံစမ်းမှာ၊ အောင့်ကိုပဲ ရည်းစားလို့ ပြောလိုက်မယ်၊ ဒါဆို သူပြန်သွားရင် ရတနာတို့ကိစ္စ ပြီးရော"

"အင်း ... ရတနာက လွယ်တယ်ထင်တာ၊ ကျွန်တော်တော့ မလွယ်ဘူးထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မလွယ်ရမလဲ၊ တခြားယောကျ်ား တစ်ယောက်ဆိုရင်တော့ ရတနာ အဲလိုမပြောရဲဘူး"

"ဟန်ဆောင်တယ်ဆိုပေမယ့် ကိုလင်းကျော် ငြိမ်းအပြင် တခြားဘေးကလူတွေကပါ ကျွန်တော့်ကို ရတနာ့ရည်းစားလို့ ထင်ကြမှာပေါ့နော်"

"ဘာလဲ၊ နစ်နာတယ်ထင်လို့လား။ အောင့် အတွက် ဘာလုပ်ပေးရဦးမလဲ"

"နေပါဦး၊ နည်းနည်းစဉ်းစားချင်သေးလို့"

"စဉ်းစား၊ စဉ်းစား။ ပြီးတော့ အမေနဲ့လည်း တိုင်ပင်လိုက်ဦး၊ ဟုတ်ပြီလား"

ရတနာက ခပ်ရွှရွှလေး ပြောလိုက်သည်။

ရတနာ စိတ်ဆိုးသွားမှာစိုးရိမ်ဟန်ဖြင့် စူးစိုက်၍ အကဲခတ်သလို ကြည့်လိုက်၏။

ရတနာက နှုတ်ခမ်းကို ချွန်နေအောင် စူပြ လိုက်သည်။

အောင်ချမ်းမွန် ရယ်သည်။

"ဘာရယ်နေတာလဲ၊ ရတနာ့ကို မကူညီချင် ဘူးပေါ့"



"မဟုတ်ရပါဘူး"

"မကူညီချင်လို့ အင်တင်တင်ဖြစ်နေတာပေါ့၊ ရတနာ့ကို ကူညီရင် သူ့ရဲ့ရည်းစား မရှိသေးတဲ့၊ လူပျို သိက္ခာကျဆင်းမယ်ပေါ့"

"ရည်းစားဆိုတာတော့ ဟုတ်ပါပြီ၊ အဲဒီလူ လာလို့ ရည်းစားပါလို့ လက်ညှိုးထိုးပြလိုက်ရုံနဲ့ ပြီးရော လား။ သူကရော မစုံစမ်းဘူးလား"

"သူဘာသာ စုံစမ်းချင်စုံစမ်း။ မစုံစမ်းချင်နေ ပေါ့၊ သူလာတဲ့အချိန် အောင်နဲ့မိတ်ဆက်ပေးလိုက် မယ်၊ ပြီးရင် သူ့ရှေ့မှာပဲ ရည်းစားလိုတွဲနေလိုက်မယ်၊ ဒါလောက် ကလေးတောင် မကူညီနိုင်ဘူးလား။ အောင်ဟာ တကယ် မိတ်ဆွေကောင်း ပီသတယ်၊ အခွင့်အရေး မယူတတ်ဘူး ဆိုတာသိလို့ အကူအညီတောင်းတာပါနော်"

"ဒီလောက်လည်း ပြောမနေရပါဘူး။ ကျွန်တော် ကူညီမှာပါ၊ ရတနာ့လူက ဘယ်တော့လာမှာလဲ"

"ရှေ့လထဲမှာလို့ စာရေးထားတာပဲ သူမလာ ခင်လည်း ရတနာက အိမ်က အဖေ၊ အမေတွေကို

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားရှိတယ်လို့ ပြောထားရဦးမှာ''

''ဗျာ''

''ဘာလဲ၊ လန့်သွားတာလား၊ အိမ်ကတော့ ရတယ်၊ အောင့်ကိုထိုးပြစရာ မလိုပါဘူး၊ ရတနာ့ အစ်ကိုတွေလည်း သူတို့ကြိုက်ရာယူပဲ၊ ရတနာ့အစ်မ လည်း သူကြိုက်ရာယူပဲ၊ အဲဒီကိုလင်းသာ ဖွတ်တရွတ် လုပ်တတ်လို့''

''တော်ကြာ ကျွန်တော့်ကို ရည်းစလုတယ်ဆို ပြီး ထိုးကြိတ်နေဦးမှာလား''

''ဟာ ... ကြောက်တတ်လိုက်တာ၊ ဘာဖြစ် လို့ ထိုးကြိတ်ရမှာလဲ''

''ဒါဆိုလည်း ပြီးရောပေါ့၊ စိတ်ချပါ၊ အဲဒီလူ လာရင် ကျွန်တော့်ကိုသာ ရတနာ့ရည်းစားဆိုပြီး လက် ညှိုးထိုးပြလိုက်၊ ဟဲ ... ဟဲ''

အောင်ချမ်းမွန် ရယ်ရင်း ပြောလိုက်၏။

သည်အကြောင်း အမေ့ကို ဖွင့်ပြောရင် ကောင်း မလား။



ဒါမှမဟုတ် ရွှေပြည့်အိမ်ကို ပြောရင်ကောင်း မလား။

www.burmeseclassic.com

www.burmeseclassic.com

ဘူး။

"ဟဲ့ ...ဟဲ့ နင့်ကို စောစောက ငါတို့လိုက်ရှာနေတာ၊ ခုမှပဲ နင်ရောက်လာတာ နာတယ်ကွာ"

"အေး ...နင့်ကို ငါတို့ အရေးတကြီးပြောစရာရှိလို့"

သီတာချိုနှင့် အေးမိမိထွန်းတို့၏ မျက်လုံးမျက်ခုံးပြူး အမူအယာကို ကြည့်ရင်း ရွှေပြည့်အိမ်ပင် ရင်တုန်ချင်သည်။

"ဘာကြီးလဲ၊ ဘာတွေအရေးကြီးနေလဲ"

"အောင်ချမ်းမွန် စွံနေပြီသိလား"

"အောင်လား။ ဒီလောက်ရိုးအတာ စွံပါ့မလား"

"ဟင်း ...နင်က အထင်သေးမနေပါနဲ့ အောင်တို့အတွဲကို မနက်က ဟိုအခန်းထဲမှာတွေ့လို့ နင့်ကိုပြဖို့



ငါတို့လိုက်ရှာတာ"

"အောင်က ဘယ်သူနဲ့လဲ"

"ရတနာနဲ့"

"ထင်သားပဲ၊ ဒါပေမယ့် ရတနာကသာ လိုက်နေတာ၊ အောင်က ရိုးရိုးပါ၊ အဲဒီကိစ္စ ငါသိပါတယ်"

အောင်ချမ်းမွန်ဘက်က ယုံကြည်စိတ်ချစွာ ပြောလိုက်၏။

သီတာချို၊ အေးမိမိထွန်း၊ ငွေစင်ထွန်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။

"ဘာလဲ ...နင်တို့က"

ရွှေပြည့်အိမ် မလုံမလဲကြည့်ရင်းက မေးသည်။

"ရတနာနဲ့ တွဲနေတဲ့ သက်သက်မော်တို့ကလည်း တကယ်ဖြစ်နေကြတာလို့ ပြောတယ်၊ အောင်ချမ်းမွန်ကို နင် မေးကြည့်ပါဦး"

"တကယ်ဆိုရင် ငါတော့ မောပြီ၊ ပြည့်ကိုယောင်းမတော်မယ့်စီမံကိန်းပျက်ပြီ"

ခင်ကြည်ကြည်ကျော်က ရင်ဘတ်ကိုဖိရင်း ပြောလိုက်၍ 'အရေးထဲ သူက''ဆိုပြီး ငွေစင်ထွန်းက

www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းထိုးလိုက်သည်။

ရွှေပြည့်အိမ်က စိတ်ထဲမှာ မခံချိမခံသာ ဖြစ်သွား၏။

အောင်ချမ်းမွန် ဒီလောက် ခြေသွက်ပါ့မလား။

နေဦးပေါ့၊ ညနေကျမှ တွေ့ကြသေးတာပေါ့လေ။

ရွှေပြည့်အိမ် ကျောင်းဆင်းတော့ မိုးဝေယံက လာကြိုနေသည်။

မိုးဝေယံက ရွှေပြည့်အိမ်၏ မျက်နှာ စူပုတ်ပုတ်လုပ်ထားတာကိုကြည့်ပြီး သူများ နောက်ကျလို့လားဟု စိုးရိမ်စိတ်ဝင်သွားကာ . . .

"ကိုယ်နည်းနည်းနောက်ကျသွားတယ်နော်၊ ပြည့်"

"ရတယ်၊ နောက်မကျပါဘူး"

"ဘယ်သွားဦးမလဲ"

"ဟင့်အင်း။ ဘယ်မှမသွားချင်ဘူး"

"မုန့်စားမယ်လေ"

"မစားချင်တော့ပါဘူး။ ဒီနေ့ နေသိပ်မကောင်းချင်လို့ အိမ်ပဲပြန်ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



မိုးဝေယံက ခေါင်းဆတ်ပြရင်းက ကားကို စက်နှိုးလိုက်သည်။

"ဩော် ... နေဦး၊ ဟိုရှေ့ကကား၊ ဘယ်သွားလဲလို့ လိုက်ကြည့်ရအောင်"

ရွှေပြည့်အိမ်ပြောတာကို ရုတ်တရက်တော့ မိုးဝေယံ နားမလည်။

မတ်တူးအဖြူရောင်လေးပေါ်မှာ အမျိုးသမီးတစ်ဦး ကားမောင်းသွားတာကို သူ သတိထားမိလိုက်၏။

"အဲဒီကားနောက် မသိမသာလိုက်မောင်းကြည့်"

ရွှေပြည့်အိမ်၏ အမိန့်အတိုင်း သူ့ကားကို နောက်မှ တဖြည်းဖြည်းလိုက်သွားသည်။

"ရန်ကင်းစင်တာကို သွားနေတာ"

"ဟုတ်တယ်၊ အဲဒါဆို အဲဒီကိုလိုက်သွား။ သူတို့ဘာဝယ်သလဲ သိချင်လို့"

ရတနာ၏ကားနှင့် ခပ်ဝေးဝေးမှာရပ်ပြီး ရွှေပြည့်အိမ်က ရန်ကင်းစင်တာထဲကို ဝင်ကြည့်၏။



City Mart ထဲမှာဝင်ပြီး ရတနာနှင့် အောင်ချမ်းမွန်တို့ ဈေးဝယ်တာကို မြင်သောနေရာမှာ လှမ်းကြည့်နေသည်။

ပြီးတော့ အပေါ်တက်သည်။

အပေါ်မှာရှိသော ဂျေဒိုးနပ်(စ်)မှာဝင်ပြီး ကော်ဖီသောက်တာကို သိသည်နှင့် ရွှေပြည့်အိမ် အောက်သို့ပြန်ဆင်းလာခဲ့၏။

"ပြည့် ... ကော်ဖီသောက်ရအောင်"

"ဟာ ... မသောက်ချင်ဘူး"

"လာပါ၊ ကိုယ်ဗိုက်ဆာနေပြီ"

"ရှင် အဲဒီလိုပဲ ရောက်တဲ့နေရာမှာ ဗိုက်ဆာတတ်တယ်၊ အောက်က Feel မှာ ဝင်စားမယ်"

"အိုကေ"

မိုးဝေယံက ကျေနပ်သွား၏။

Feel မှာဝင်ပြီး လစ်ပ်တန်တီးနှင့် ဆင်းအွစ်ချိမှာစားသောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

၈၀

ရွှေပြည့်အိမ်က အိမ်သို့ပြန်ရောက်ရောက်ချင်း အောင်ချမ်းမွန်တို့နေထိုင်သည့် အဆောက်အဦးဘက်သို့ လျှောက်လာသည်။

နေပူလှန်းထားသော မုန့်ညင်းရွက်စိမ်းများကို ပြန်သိမ်းနေသည့် ဒေါ်ထားအေးအား တွေ့သည်။

"မေထား ... အောင်ရော"

"ပြန်မရောက်သေးဘူးလေ သမီးရဲ့"

"ဟင် ... ညနေခြောက်နာရီတောင် ထိုးနေပြီ၊ ကျောင်းကလည်းဖွင့်စဆိုတော့ စာသိပ်မသင်သေးပါဘူး။ မေထားသားကို ကြည့်ပြောနော်၊ လွှတ်မထားနဲ့"

ဒေါ်ထားအေးက ရယ်သည်။

"အေးပါ၊ အောင့်ကို သမီးပဲ ကြည့်ပြုံဆုံးမ



ပါ၊ အမြင်မတော်တာရှိရင်ပြော"

"ခုတလောမှာ အောင် စိတ်လေနေတယ်၊ သိလား"

"သူ ဘာလုပ်နေလဲ"

"သူ အရင်လိုမဟုတ်တာ မေထားသတိမထားမိဘူးလား"

"ဟင့်အင်းကွယ်၊ ကိုယ့်အလုပ်နဲ့ကိုယ် မအားတာနဲ့၊ သားကို သေချာမလေ့လာမိဘူး။ ဒါပေမယ့် သားက ကျောင်းချိန်ကလွဲရင် အိမ်မှာအမြဲရှိတယ်၊ ဘာမှဖြစ်မှာ မဟုတ်ပါဘူးကွယ်"

"ဟာ မေထားကလဲ၊ ခု အောင့်မှာ ရည်းစားရှိနေတယ်သိလား"

"ရည်းစားလေးဘာလေးတော့ ရှိချင်ရင်ရှိမှာပေါ့လေ"

ဒေါ်ထားအေးက ဘာမှအရေးမကြီးသလို ပြောနေလိုက်သဖြင့် ရွှေပြည့်အိမ် မကျေမနပ်ဖြစ်သွားသည်။

"ရည်းစားထားတာလည်း အရမ်းထားလို့ရ

www.burmeseclassic.com

www.burmeseclassic.com



တာမှ မဟုတ်ဘဲ၊ တော်ကြာ မကောင်းတဲ့မိန်းမ ဖြစ်နေရင်ရော၊ တချို့မိန်းမတွေက ပိုက်ဆံတော့ ချမ်းသာပါရဲ့ လူက ပျက်စီးနေတာ၊ရည်းစားတွေ ဟိုတစ်ယောက် သည်တစ်ယောက်ထားပြီး ဖာတ်လမ်းတွေရှုပ်နေတာ''

ဒေါ်ထားအေး ရယ်သည်။

''ကဲ ... ပြောပါဦး။ အခု ဘယ်သူနဲ့ ရည်းစား ဖြစ်နေလို့လဲ''

ရုတ်တရက်တော့ ရွှေပြည့်အိမ် ဘာပြောရမှန်း မသိ။

''သားက ဒီလောက်လည်း မိုက်မယ်မထင်ပါဘူးကွယ်''

''မေထား ရတနာကို သိတယ်မဟုတ်လား''

''သိတယ်လေ၊ အင်မတန်သဘောကောင်းတဲ့ မိန်းကလေး။ လူကလည်း ချောမှချော''

ဒေါ်ထားအေးက ရတနာအား ကောင်းတာတွေပြောနေတော့လည်း ရွှေပြည့်အိမ် ဆက်ပြောရန် စိတ်ဓာတ်ကျသွား၏။

''ပြောလေသမီး၊ ရတနာ ဘာဖြစ်လို့လဲ''



''ဘာမှမဖြစ်ပါဘူး၊ ဟိုလေ၊ ရတနာနဲ့ တွဲနေတာတော့ တွေ့တယ်''

ဒေါ်ထားအေး ခေါင်းတဆတ်ဆတ်ညိတ်၏။

''ရတနာနဲ့ဆိုလည်း ကောင်းတာပါပဲ၊ ဆွေကောင်းမျိုးကောင်းထဲက ဖြစ်မယ်၊ ခုဆို နောက်ဆုံးနှစ်လည်း ရောက်နေတော့ သားလည်း အတွဲလေး ဘာလေးရှိရောပေါ့''

တကယ့်ကို ဘာဆက်ပြောရမှာလဲ။

မေထားကိုယ်တိုင်က ရတနာနှင့် သဲဘောတူနေပြီလေ။

ရတနာဆိုတာ သွက်လက်ချက်ချာပုံနှင့် လှတပတလေး။

အဖိုးတန်ကားကြီး ကိုယ်တိုင်မောင်းကာ စိန်တွေတဖြတ်ဖြတ်ခါအောင် ဝတ်နေတော့လည်း မေထားတို့ သဘောမတူစရာ မရှိဘူးပေါ့။

ရတနာ့မှာ ဘာအပြစ်ရှိလဲဆိုတာ ပြောရအောင်ကလည်း ဘာအကြောင်းမှ မသိ။

''အောင်က တစ်ခါမှလည်း ရည်းစားမထားဖူး

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ရိုးအေးလို့လည်း သတိပေးတာပါ၊ ရတနာ့အကြောင်းတော့ ဘာဆိုတာ သေချာမသိဘူး၊ ဒါပေမယ့် သူ့မှာ ယောက်ျားသူငယ်ချင်းတွေကတော့ အများကြီးရှိတယ်လေ''

''ဟုတ်မှာပေါ့၊ ခေတ်လူငယ်တွေဆိုတော့လည်း ဟော . . . ဟိုမှာ ပြောရင်းဆိုရင်းလာပါပြီ၊ ရတနာ့ကားနဲ့ ပြန်လာတာ''

ခြံရှေ့မှာ ရတနာ့ကား အဖြူရောင်ရပ်လာသည်။

''ဒါဆို သမီးသွားတော့မယ်နော် မေထား''

''အေး . . . အေး၊ သမီး''

ရွှေပြည့်အိမ်က မေထားအား နှုတ်ဆက်ပြီး အိမ်ထဲပြန်ဝင်လာသည်။

''ပြည့် ပြန်လာတာ နဲနဲနောက်ကျတယ်''

မိစံက တံခါးဖွင့်ပေးရင်း ပြောတာကို မကြားသလိုလုပ်ကာ ဘာမှပြန်မပြောဖြစ်ပေ။

စိတ်ထဲမှာ ဘာအလိုမကျမှန်း မသိ။

ကိုယ့်ဘာသာ အကြောင်းမရှိဘဲ စိတ်တိုစိတ်ရှုပ်ထွေးနေမိသည်လေ။



အိမ်ပေါ်ထပ်ရှိ အိပ်ခန်းထဲရောက်ပြီးမှ အပြင်ကို ပြတင်းပေါက်မှတစ်ဆင့် ကြည့်မိ၏။

ဒေါ်ထားအေးတို့ သားအမိနှင့် ရတနာ ရယ်ရယ်မြူးမြူး စကားပြောနေတာတွေ့ရ၏။

ရတနာနှင့်ဆိုတော့လည်း မေထားက သိပ်သဘောတူနေတာပေါ့လေ။

မကြည့်ချင် မမြင်ချင်လို့သောဆန္ဒဖြင့် အိပ်ရာပေါ်မှာ လှဲနေလိုက်မိ၏။

ခင်မင်နှစ်လိုဖွယ်အပြုံးတွေနှင့် ဘာမဆို သူ့အပေါ် လိုက်လျောတတ်သော အောင်ချမ်းမွန်၏မျက်နှာကို မြင်နေ၏။

အောင့်ကိုချစ်ရတဲ့ မိန်းကလေး၊ အောင့်အချစ်ကိုလည်းရတဲ့ မိန်းကလေးအဖို့ အရမ်းကံကောင်းမှာပဲလို့ တွေးမိ၏။

အောင်နှင့်ပတ်သက်ပြီး သူမရင်ထဲမှာ ခံစားနေရသော ဝေဒနာတစ်စုံတစ်ခုအတွက် ရွှေပြည့်အိမ် စိုးရိမ်ကုန်လှုပ်နေသည်။

အောင့်မှာရည်းစားရှိကော၊ ချစ်သူရှိတာ၊ အတွဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိတာ ကိုယ်နှင့်ဘာဆိုင်လို့လဲနော်။

ကိုယ့်မှာလည်း ချစ်သူနဲ့ပဲဟာ။

မိုးဝေယံဆိုတဲ့ လူတစ်ယောက်အပေါ် နှစ်နှစ်ကာကာ ချစ်မိသလားဆိုတာ ကိုယ့်ဘာသာ မသေချာပေမယ့် ရည်းစားအဖြစ်တော့ ကိုယ်တိုင်လက်ခံထားမိပြီမဟုတ်လား။

၂၀။

"ပြည့် ... ဒီမှာကြည့်စမ်း"

သူ့အနီးမှာရပ်၍ ခေါ်နေသော အောင်ချမ်းမွန်အား တမင်တကာမကြည့်မိအောင် နေလိုက်၏။

"ပြည့် .. ဒီမှာကြည့်စမ်းဆို"

"ဘာလဲ"

ခပ်ငေါက်ငေါက်ထူးရင်း မော့ကြည့်မိ၏။

"ငါ့လက်ထဲမှာ ဘာပါလဲ"

လက်ကို နောက်ဝှက်ရင်း ပြောလိုက်သော အောင်ချမ်းမွန်အား စိတ်တိုစွာနှင့် မျက်မှောင်ကြုံ၍ ကြည့်ကာ ...

"ဘာပါလဲ၊ ငါဘယ်လိုသိမလဲ၊ ငါက အကြားအမြင်ရနေတာမှ မဟုတ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"နင် စဉ်းစားကြည့်ပေါ့၊ မှန်အောင်ပြောနိုင်ရင် အဲဒီပစ္စည်း နင့်ကိုပေးမယ်"

အောင်ချမ်းမွန်၏ အမူအယာက ပြုံးစစနှင့်။

အဲလိုပြုံးနေတဲ့ မျက်နှာထားကို ပြည့် အရင်က သိပ်သဘောကျတာ။

သူပြုံးတာ အရမ်းအသက်ပါတာလေ။

"နင့်ပစ္စည်းက ဘယ်လောက်အဖိုးတန်လို့လဲ၊ ခေါင်းစားတယ်ဟာ၊ မဖြေချင်ဘူး၊ ပေးချင်ပေး၊ မပေးချင်နေ"

အငေါ်တူးတူး ဖြေလိုက်၏။

"ကဲ . . . ကြည့်"

နောက်မှာဝှက်ထားသော လက်ကို ရှေ့သို့ ယူပြလိုက်၏။

ကတ်တလီယာသစ်ခွပန်း အဖြူနှင့်အဝါကျား နှစ်ပွင့်။

သည်လိုအရောင်မျိုး သည်ခြံထဲမှာပွင့်တာ တစ်ခါမှ မမြင်ဖူးပေ။

အရောင်ကလည်း ဆန်းသည်ဟုဆိုရမည်။



"သစ်ခွပန်းကိုများ"

"အေးလေ၊ အဲဒါ ရှားပါးအမျိုးအစားမှ ပါတယ်၊ ပထမဦးဆုံးပွင့်တဲ့ပန်းပဲ၊ အားလုံးငါးပွင့်ပွင့်တာ၊ သုံးပွင့်က မေမေ ဘုရားတင်ဖို့ပေးလိုက်ပြီ၊ နင့်အတွက်"

"ငါ့အတွက်၊ ငါက ပန်းမှမပန်တတ်တာ၊ ရတနာ့ကို ပေးပါလား"

အောင်ချမ်းမွန်ကို တမင်ရွဲ့ပြောခြင်းဖြစ်၏။

အောင်ချမ်းမွန်က အရယ်အပြုံးမပျက်ပေ။

"ရတနာက နောက်မှပေးမယ်၊ နင့်ကို အရင် ပေးတာ၊ နင် ဘုရားလှူချင်လှူ၊ ပန်ချင်ပန်၊ ပေးချင်တဲ့လူပေးပေါ့"

ရွှေပြည့်အိမ်က အောင်ချမ်းမွန်ဘက်လှည့်၍ မျက်စောင်းထိုးလိုက်သည်။

"နင့်စိတ်ထဲမှာ ငါဆိုတာ ရှိသေးတယ်နော် အောင်"

"ဘာလို့မရှိရမှာလဲ၊ နင်က ငါ့သူငယ်ချင်းပဲ"

"သူငယ်ချင်း၊ အေးလေ၊ သူငယ်ချင်းပဲပေါ့၊ သူငယ်ချင်းဆိုတော့ နင့်ရည်းစားလောက်တော့ အရေး

www.burmeseclassic.com

www.burmeseclassic.com



မပေးဘူးပေါ့''

အောင်ချမ်းမွန် ရယ်ပြန်၏။

''ဘာရယ်နေတာလဲ၊ နင်တော်တော်ပျော်နေတယ်နော်''

''မပျော်ဘဲနေပါ့မလား၊ နင်ရော ကိုမိုးနဲ့ပတ်သက်ပြီး ရင်ထဲမှာ အပျော်တွေစီးဝင်နေတယ်မဟုတ်လား''

''ငါပျော်တာ မပျော်တာ နင့်အလုပ်မဟုတ်ပါဘူး၊ နင်ပျော်တယ်ဆိုရင် ပြီးရောပေါ့''

''ပြည့် ဘာဖြစ်နေလဲ၊ ငါ့ကို ခုတလော စကားကောင်းကောင်းကို မပြောဘူး၊ ငါ ဘာလုပ်မိလို့လဲ''

ချိုသာစွာ၊ နူးညံ့စွာ သူမေးလာတော့လည်း ရွှေပြည့်အိမ် ပိုချစ်လာသည်။

ဟန်ပင်မဆောင်နိုင်။

မျက်လုံးအိမ်မှ မျက်ရည်ကြည်တွေ ဝဲတက်လာ၏။

''ဟင် ... ဘာဖြစ်လို့လဲ၊ ပြည့် နင့်မှာဘာအခက်အခဲရှိလဲ၊ ကိုမိုးနဲ့ အဆင်ပြေရဲ့လား''



မျက်တောင်များ တဖျပ်ဖျပ်ခတ်ရင်းမှ သူ ပြုံးလိုက်၏။

''အလကားပါ၊ အဆင်ပြေပါတယ်၊ နင် ငါ့ကို အရင်လိုခင်သေးရဲ့လားလို့ပါ''

''ဟာ ... ပြည့်ရဲ့ ဒါများ မျက်ရည်ကျရသလား၊ ခင်တယ်၊ အရမ်းခင်တယ်၊ ရော့ ... ဒါဆို ဒီပန်းယူထား၊ ဘာလုပ်ပေးရမလဲ၊ ဘုရားပန်းလှူမလား''

''အင်း ... ရွှေတိဂုံသွားပြီး ပန်းလှူရအောင် နင်လိုက်ပို့''

''အေးပါ၊ ပို့မယ်၊ ခုသွားမှာလား၊ ကားလည်းအားနေတယ်ဆိုရင် ငါပို့ပေးမယ်''

''ဒါဆိုပြီးရော၊ ငါ အဝတ်အစားလဲလိုက်ဦးမယ်၊ ခဏစောင့်''

ဘုရားသွားဖို့အတွက် အိမ်နေရင်းဝတ်ထားသည့် အဝတ်အစားကို လဲလိုက်၏။

အညိုရောင်မှာ အဝါရောင် နှင်းဆီပန်းသေးသေးလေးတွေပါသော စိန်မိုက်ကာယ်ဝမ်းဆက်ကို ဝတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပဝါအညိုလေးကို ပခုံးတွင် သိုင်းလွယ်၍ ဘုရားသို့တက်ခဲ့သည်။

"ဘုရားမရောက်တာ ကြာပြီဟဲ့၊ ခုတလောလည်း ငါ့စိတ်တွေ လေးနေသလိုပဲ၊ ခုလိုလာရတာ စိတ်ထဲမှာ ကြည်လင်ပေါ့ပါးနေတယ်၊ နင်ရော ရတနာ့ကို သတိရနေသလား"

"နင် ဘာဖြစ်လို့ ရတနာ့အကြောင်းပဲပြောနေရတာလဲ၊ မီးလည်း ထွန်းမယ်၊ ရေလည်း လှူရအောင်"

အောင်ချမ်းမွန်က ဗုဒ္ဓဟူးသားမို့ ဗုဒ္ဓဟူးထောင့်မှာ မီးလည်းလှူ၊ ရေလည်းလှူသည်။

ရွှေပြည့်အိမ်က စနေထောင့်မှနေ၍ ရေနှင့် မီးလှူသည်။

"မမကလည်း အိမ်မှာမရှိတော့ ပိုပြီးခြောက်သွေ့သလိုပဲ၊ မေမေက သူ့သမီးကို နေ့တိုင်းသတိရနေတာ၊ ခုဆို မမသွားတာ တစ်နှစ်ပြည့်ပြီ"

"ဟုတ်လား၊ ဘာမှမကြာလိုက်သလိုပဲ"

"အခု ကိုမိုးလည်းသွားတော့မယ်၊ သူက သင်္ဘောလိုက်မှာပါ၊ နောက်တစ်ပတ်ထဲမှာ ထွက်ဖြစ်မှာ"



"ဟာ ... ဒါဆို ပြည့်လွမ်းကျန်ခဲ့ပြီပေါ့"

"အင်း .. လွမ်းရတော့မှာပေါ့၊ အချစ်ဆိုတာ နောက်ဆုံးတော့ အလွမ်းနဲ့ အဆုံးသတ်ရသလား မသိဘူးနော်၊ ချစ်ရင် လွမ်းရမှာပဲ၊ စကတည်းက ဘယ်သူ့ကိုမှမချစ်ရင် ကောင်းမှာပဲ"

ရွှေပြည့်အိမ် အလေးအနက်ပြောနေတာကို သူငေးကြည့်နေသည်။

"ကိုမိုးကို ငါ သိပ်မချစ်ပါဘူး၊ ဒါကြောင့် သူအဝေးကိုသွားမှာလည်း သိပ်မစိုးရိမ်ဘူး"

"ဟင် ... တကယ်လား"

မယုံနိုင်သလို အမူအယာမျိုးနှင့်မေး၏။

"ဟုတ်တယ်၊ ကိုမိုးက တို့အပေါ် တကယ်ကောင်းရှာတာပဲ၊ အခု လက်ထပ်ပြီးမှ ခရီးထွက်မယ်လို့လည်း ပြောပါတယ်၊ တို့က ကျောင်းမှမပြီးသေးတာ၊ ဒီအရွယ်နဲ့လည်း အိမ်ထောင်သည်ဘဝ မရောက်ချင်ဘူး၊ တို့မှာ လုပ်သင့်တာတွေ လုပ်ချင်တာတွေ အများကြီး"

"ဟုတ်တာပေါ့လေ၊ ကဲ ... တို့ ဘုရားမှာ ကြာနေပြီ၊ ပြန်ရအောင်၊ ဘယ်သွားချင်သေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မသွားချင်တော့ပါဘူး၊ နင် ငါ့ကို လိုက်ပို့တာပဲ ကျေးဇူးတင်ပါပြီ"

၂၀။

"ဟော့ . . . ဒီမှာ၊ ခဏနေဦး"

နောက်ဖက်မှ ခေါ်သံကြောင့် ခြေလှမ်းတုံ့ခနဲ ရပ်လိုက်မိ၏။

ခေါ်သံကတော့ ခပ်ရင့်ရင့်ပဲ။

"မင်းနဲ့ကိုယ် နည်းနည်းဆွေးနွေးချင်တယ်"

အနားသို့ အသံနှင့်အတူ လူက ရောက်လာသည်။

အသားမဖြူမညို၊ အရပ်ခပ်ရှည်ရှည်၊ ဆံပင် တိုတိုများကို ထောင်ထားသော ဟဲယားစတိုင်နှင့် လက်တွင် ဟန်းချိန်းကြီးကြီး ဝတ်ထား၏။

ပါးသိုင်းမွေး ရေးရေးထင်၍ မုတ်ဆိတ်မှလည်း

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းရှည်၍ နွယ်နေသည်။

ကြည့်လို့တော့ ကောင်းသား။

ဒါပေမယ့် ရုပ်ရှင်ထဲက လူကြမ်းဒီဇိုင်းမျိုး ဖြစ်နေ၏။

"ရှေ့နားက စားသောက်ဆိုင်ကို လိုက်ခဲ့ပါလား"

"ဘာပြောမှာလဲ၊ ခု ဒီမှာပြောလည်းရတယ်"

"သူပါနေတယ်၊ နောက်တစ်နေ့မှချိန်းလည်းရတယ်၊ စကားတော့ အေးအေးဆေးဆေးပြောချင်တယ်"

အောင်ချမ်းမွန်က ရွှေပြည့်အိမ်အား ကြည့်လိုက်သည်။

"ဟဲ့ . . . ဘာတွေလဲ၊ ပြော . . . ငါ့ရှေ့မှာ ပြောရတယ်"

ရွှေပြည့်အိမ်က တစ်ခုခုဖြစ်မှာစိုးရိမ်၍ ဖေးလိုက်၏။

"လာလေ . . . ရှေ့နားကဆိုင်ကို လိုက်ခဲ့လေ"

စားသောက်ဆိုင်အတွင်းသို့ ဝင်ထိုင်လိုက်ကြသည်။



"ကိုယ်က လင်းကျော်ငြိမ်းပဲ၊ ရတနာနဲ့ ပတ်သက်ပြီး ဆွေးနွေးချင်လို့"

လင်းကျော်ငြိမ်းဆိုတာ သူပဲကိုးလို့တွေးရင်း နှုတ်ခမ်းကို ခပ်ပြေပြေပြုံးထားလိုက်သည်။

"ဘာသောက်မလဲ"

"အအေးပဲမှာလိုက်မယ်၊ ပြည့် ဘာသောက်မလဲ"

ရွှေပြည့်အိမ်က ဘာမှနားမလည်၍ ခပ်ကြောင်ကြောင်ဖြစ်နေသည်။

လင်းကျော်ငြိမ်းဒီဇိုင်းနှင့် အမူအရာကိုကြည့်၍ လန့်နေသည်။

"ရတနာက ကိုယ်နဲ့ မိဘချင်းသဘောတူထားပြီးသား"

ရွှေပြည့်အိမ် မျက်လုံးများ ဝိုင်းသွားသည်။

"အဲဒါ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ရတနာက သူ့မှာရည်းစားရှိတယ်တဲ့၊ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



မင်းပဲမဟုတ်လား''

''ဟုတ်တယ်''

သူ ခပ်တည်တည်ပင် ဖြေလိုက်သည်။

''မင်း သူ့ကို ယူမှာလား''

''အဲဒါ ခင်ဗျားနဲ့ဆိုင်လို့လား''

''ဟဲ့ ... အောင်''

ရွှေပြည့်အိမ်က စိုးရိမ်စွာ ဟန့်လိုက်၏။

လင်းကျော်ငြိမ်းက ရွှေပြည့်အိမ်အား တချက် စိုက်ကြည့်သည်။

''ဒီကရော မင်းနဲ့ ဘယ်လိုပတ်သက်လဲ''

''ခင်ဗျား အဓိကသိချင်တာ ကျွန်တော်နဲ့ ရတနာ့အကြောင်း မဟုတ်လား။ ရတနာ့ကို ကျွန်တော် မယူရင် ခင်ဗျားယူမယ်၊ ဒီလိုသဘောလား''

အောင်ချမ်းမွန်၏ ဘုပြတ်ပြတ်အမေးကြောင့် လင်းကျော်ငြိမ်း ဘာဖြေရမှန်းမသိ အောက်သိုးသိုး မျက်နှာအမူအရာကြီးနှင့် ခေါင်းညိတ်ပြီးမှ ခေါင်းခါ သည်။

အောင်ချမ်းမွန် စိတ်ထဲက ရယ်ချင်သွား၏။



ဒီလို ခပ်ကြောင်ကြောင်လူမျိုးမို့လည်း ရတနာ အပြတ်ငြင်းတာဖြစ်လိမ့်မည်။

''ကိုယ်က အခု ရတနာ့ကိုယူဖို့ ပြန်လာတာ၊ သူက မောင်ရင်နဲ့ ပြေလည်နေတဲ့အကြောင်းပြောပြီး ငြင်းနေတယ်လေ၊ မောင်ရင်ဟာ ဘယ်လိုလူလဲဆိုတာ ကိုယ်သိချင်လို့ စုံစမ်းနေတာ၊ မင်းမှာ ချစ်ရမယ့် ချစ်သူ တွေများနေရင် ရတနာ့ကို အနှောင့်အယှက်မပေးဖို့ပဲ''

''ကျွန်တော့်ကို ခင်ဗျားဘယ်လိုထင်နေလို့လဲ၊ ကျွန်တော်နဲ့ တစ်အိမ်တည်းနေတဲ့ ကျွန်တော့်ညီမနဲ့ ကျွန်တော့်ကို အထင်လွဲနေတာလား၊ ကျွန်တော်ချစ်တာ ရတနာ တစ်ယောက်ပဲရှိတာ၊ သူ့ကိုပဲ ကျွန်တော် ယူမှာ''

''အေး ... မင်းစကားနဲ့ မင်းမြဲမြဲမှတ်ထား၊ တစ်ခုခုကြားလို့ကတော့ မင်းအသိပဲ''

ပြောပြောဆိုဆို ထိုင်ရာမှထပြီး ပိုက်ဆံအိတ် ထဲမှ ငါးရာတန်တစ်ရွက် စားပွဲပေါ်တင်ကာ ဆိုင်ထဲမှ ထွက်သွားလေ၏။

''ဘယ်လိုလူလဲ မသိပါဘူး''

www.burmeseclassic.com

www.burmeseclassic.com



ရွှေပြည့်အိမ်က တိုးတိုးရေရွတ်လိုက်သည်။

မှာထားသော အအေးက ခုမှရောက်လာ၏။

"ကြောင်တောင်တောင်နဲ့ သူ့ကိုယ်သူ ဘာများ မှတ်နေသလဲ မသိဘူး၊ အဲလိုလူမျိုးကလည်း ရှိသေးတယ်"

အောင်ချမ်းမွန်က ပြောလိုက်၏။

"သူကလည်း ရတနာကို တော်တော်ချစ်ရှာလို့ထင်ပါရဲ့"

"အင်း ... သူ့လိုလူမျိုးကို ရတနာက အထင်မကြီးဘူး၊ သူက နိုင်ငံခြားမှာ အလုပ်လုပ်နေတာလေ၊ သူ့ကိုယူပြီး ရတနာက ဟိုလိုက်နေရမှာ၊ ဒါကြောင့် ပိုပြီးမလိုချင်တာ၊ ရတနာက ဒီမှာလည်း သူ့မိဘလက်ငုပ်လက်ရင်းလုပ်ငန်းတွေနဲ့ အေးအေးဆေးဆေး နေနိုင်တာပဲလေ"

"အောင် အသွားအလာဆင်ခြင်နော်၊ အပြောအဆိုလည်း သတိထား၊ အဲဒီလူကြည့်ရတာ အောင့်ကိုတစ်ခုခုရန်ရှာချင်သလိုပဲ"



"မရပါဘူး၊ သူတို့ဆီမှာလို လုပ်ချင်သလိုလုပ်လို့ရမလား၊ ဟိုမှာပဲ သူ လူမိုက်သွားလုပ်ပါ"

"စကားကို အရမ်းမပြောနဲ့"

ရွှေပြည့်အိမ်က စိုးရိမ်စွာ သတိပေးလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၂

"ဘယ်လိုလဲ၊ ကိုယ်ပြောထားတာ၊ စဉ်းစားပြီး ပြီလား"

တွေ့တွေ့ချင်းပင် မိုးဝေယံက မေးလိုက်သည်။

ရွှေပြည့်အိမ် ခေါင်းခါပြသည်။

"ဘာလဲ၊ အဲဒီ ဘာသဘောလဲ၊ ကိုယ်က ရှေ့ အပတ်ထဲမှာ သွားဖြစ်မှာ၊ အချိန်မရှိဘူး"

စိတ်တိုစွာ ပြောလိုက်သည်။

"သွားလေ၊ ဘာဖြစ်လဲ၊ ကိုမိုးက တစ်သက် လုံးသွားနေတာမှ မဟုတ်တာ"

"ဒါပေမယ့် ကိုယ်မသွားခင် စိတ်ချသွားချင် တယ်"

"စိတ်ချသွားပါ၊ ရောက်တဲ့အရပ်ကနေ စာရေး



ဖုန်းဆက်၊ အလုပ်ပြီးတဲ့အခါ ပြန်လာပေါ့"

"ကိုယ်က အလုပ်သွားလုပ်နေတုန်း ဒီမှာ ပြည့်က ဖြစ်ချင်ရာဖြစ်နေရင်ရော"

"ဘာဖြစ်ရမှာလဲ၊ ကိုမိုးစကားက ဘာစကား လဲ"

မိုးဝေယံ ဘာမှမပြောဘဲ ခေါင်းခါရမ်းနေသည်။

"ပြောလေ၊ ကိုမိုးစကားက ဘာစကားလဲလို့၊ ဖြစ်ချင်ရာဖြစ်ဆိုတာ ကျွန်မကို မယုံကြည်တဲ့သဘော ပဲ၊ ကျွန်မ သိက္ခာကို စော်ကားတာပဲ"

ရွှေပြည့်အိမ် ဒေါသဖြစ်စွာ ပြောသည်။

မိုးဝေယံက ရွှေပြည့်အိမ် စိတ်ဆိုးတာကိုလည်း မကြည့်ရက်။ ဒါပေမယ့် သူကိုယ်တိုင်လည်း စိတ်တို နေသည်။

"ပြည့်ကို မယုံကြည်တာမဟုတ်ဘူး။ ဒါပေမယ့် ပတ်ဝန်းကျင်ဆိုတာ ရှိသေးတယ်၊ ပြည့် ကိုယ့်ကိုချစ် တယ်မဟုတ်လား"

"ချစ်တယ်လို့ ဘယ်နှစ်ကြိမ် အဖြေပေးရမှာ လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ မလုံလောက်သေးဘူး။ ကိုယ်နဲ့ပြည့် ချစ်တာ ဘာမှကြာသေးတာ မဟုတ်တော့ ပြည့်က ကိုယ့်ကို သံယောဇဉ်မရှိမှာ တကယ်စိုးရိမ်တာ၊ ပြည့်ကို ပိုင်ဆိုင်ချင်တယ်၊ ပြည့်ကို လက်လွှတ်ဆုံးရှုံးရမှာ အရမ်းစိုးရိမ်တယ်"

ရွှေပြည့်အိမ်က သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

"ကိုယ်မသွားခင်မှာ သဘောလောက်ပေါ့လေ။ နှစ်ဖက်မိဘတွေအသိပေးပြီး စေ့စပ်ထားချင်တယ်။ သတင်းစာထဲမှာ ထည့်လိုက်မယ်၊ ဒါဆို ကိုယ်သွားရတာ စိတ်ဖြောင့်တယ်"

"မဟုတ်တာပဲရှင်၊ အဲဒီလိုချုပ်ချယ်တာမျိုးတော့ မလုပ်နဲ့၊ သွားဖို့ကလည်း ဆယ်ရက်လောက်လိုတော့တာများ"

"ပြည့်က ဘာဖြစ်လို့ မစေ့စပ်ချင်တာလဲ"

"လိုမှမလိုအပ်တာ၊ ကိုမိုးနဲ့ကျွန်မ ရည်းစားဘဝရောက်တာ ဘာကြာသေးလို့လဲ၊ ကျွန်မ လေ့လာဦးမယ်"



"ကိုယ့်ကိုလေ့လာဦးမယ်၊ ဟုတ်လား"

"အင်း ... ကိုမိုးခရီးသွားမှာ ဘယ်လောက်ကြာမှာလဲ"

"တစ်နှစ်"

"တစ်နှစ်ကလေးများနော်၊ ဟိုလူည့် ဒီလှည့်နဲ့ အချိန်ကုန်သွားတာ"

"အဲဒီတစ်နှစ်အတွင်းမှာ အမျိုးမျိုးပြောင်းလဲနိုင်တာပဲ"

"ဟုတ်တယ်၊ ဒါကြောင့် ကျွန်မက စေ့စပ်တာကို မလုပ်ချင်တာ၊ ဘာလုပ်မှာလဲ၊ စေ့စပ်တယ်ဆိုတဲ့ နာမည်ကြီးပဲ အဖတ်တင်ကျန်ခဲ့တာ၊ အဲဒီတစ်နှစ်အတွင်းမှာ ကိုမိုးလည်း စိတ်အမျိုးမျိုးပြောင်းနိုင်တယ်၊ ကျွန်မလည်း စိတ်အမျိုးမျိုးပြောင်းနိုင်တယ်"

"ကိုယ်က ပြောင်းမှာမဟုတ်ဘူး၊ ပြည့်ကသာ"

"အဲဒါ ရှင်စိုးရိမ်နေတာ"

ရွှေပြည့်အိမ် စိတ်တိုစွာဖြင့် တမင်တကာရွဲ့ ပြောလိုက်သည်။

"စိုးရိမ်သလိုဖြစ်မလာဘူးလို့ ပြောနိုင်လား၊

www.burmeseclassic.com

www.burmeseclassic.com



ခုတောင် ပြည့်က ကိုယ့်ရှေ့မှာထက် တခြားသူအပေါ် ပိုပြီးစိတ်ဝင်စားနေတာ''

''ဘာ . . ရှင့်''

ရွှေပြည့်အိမ် ထိတ်လန့်တုန်လှုပ်စွာ အော်လိုက်၏။

မိုးဝေယံ၏နှုတ်မှ ထွက်ရဲသောစကားသည် ကိုယ့်ကို ထိနိုက်နာကျင်စေသည်မဟုတ်လား။

''ရှင် ဘာကိုပြောနေတာလဲ၊ ကျွန်မ ဘယ်သူ့ကို စိတ်ဝင်စားနေလို့လဲ''

မိုးဝေယံ နှုတ်ခမ်းကို တင်းတင်းစေ့၍ မျက်နှာလွှဲသွား၏။

ရွှေပြည့်အိမ်က သူ့ပခုံးကိုကိုင်၍ မိုးဝေယံ၏ မျက်နှာကို အတင်းလှည့်စေသည်။

''ပြောစမ်းပါဦး၊ ကျွန်မ ဘယ်သူ့ကို စိတ်ဝင်စားနေတယ်ထင်လို့လဲ''

''ဟာ . . . ဒါ မင်းကိုယ်မင်း ပိုသိမှာပေါ့''

''ရှင်း . . . နော်၊ ရှင်ထင်ချင်ရာ စွတ်တင်မနေနဲ့ ပြော . . . ကျွန်မက ဘယ်သူ့ကို စိတ်ဝင်စားနေသလဲ''



''ဒီမှာပြည့်၊ ကိုယ့်ထက် ဘယ်သူ့မှ စိတ်မဝင်စားဘူးလို့ဆိုရင် ကိုယ့်စကားကို လက်ခံ၊ ကိုယ် မသွားခင် စေ့စပ်သွားမယ်''

''မစေ့စပ်ဘူး၊ စေ့စပ်ပြီးတော့ရော ရှင် ကွယ်ရာမှာ ကျွန်မနေချင်သလို နေလို့ရတာပဲ''

''အဲဒါကြောင့်ပြောတာ''

''ဘာလဲ''

''တကယ်ဆို မင်းနဲ့ကိုယ်ဟာ ချစ်သူတွေပဲ၊ ဒါပေမယ့် မင်းဟာ တခြားလူတစ်ယောက်ကို ပိုပြီး စိတ်ဝင်စားနေတယ်၊ အဲဒီလူ ဘယ်သူဆိုတာ မပြောချင်ဘူး၊ မင်းသိပါတယ်၊ အဲဒီလူဟာ မင်းအတွက် ပိုပြီး အရေးကြီးနေတယ်မဟုတ်လား''

''ဒီမှာ ဝေ့လည်ကြောင်ပတ်စကားကို ပြောမနေနဲ့၊ တည့်တည့်ပြော၊ ရှင် ဘယ်သူနဲ့ ကျွန်မကို အထင်လွဲနေတာလဲ''

''ကိုယ်မပြောချင်ဘူး၊ ကိုယ်ကလွဲရင် မင်းနဲ့ အနီးစပ်ဆုံးရှိသူဟာ ဘယ်သူလဲ''

မထိတထိ အမူအရာနှင့် ပြောနေပါသော မိုးဝေ

www.burmeseclassic.com

www.burmeseclassic.com



ယံအား ရွှေပြည့်အိမ် အလွန်အမင်း နာကြည်းစွာဖြင့် ကြည့်လိုက်၏။

"ရှင်ပြောချင်တာ အောင့်ကိုလား"

"ဟုတ်တယ်"

"ဘာဆိုင်လဲ၊ အဲဒါ ကျွန်မနဲ့ မောင်နှမလိုနေတာ၊ ကျွန်မရဲ့ သူငယ်ချင်းလည်းဖြစ်တယ်၊ ရှင် သူ့ကို ဘာမနာလိုဖြစ်နေရတာလဲ၊ ရှင်နဲ့မတွေ့ခင် နှစ်ပေါင်းများစွာကတည်းက အောင်နဲ့ကျွန်မ မောင်နှမရင်းလို နေလာခဲ့တာ၊ အောင်ဟာ ကျွန်မအတွက် အရင်းနှီးဆုံး၊ အရေးကြီးဆုံးပဲ"

မခံချင်စွာ၊ မကျေနပ်စွာဖြင့် တမင်တကာ ပို၍ရွဲ့ပြောလိုက်သည်။

"ဘယ်ဘဝက မင်းတို့ချင်း ခင်ခဲ့ခင်ခဲ့၊ သူငယ်ချင်းဆိုရင် သူငယ်ချင်းအဆင့်ထက် မကျော်ရဘူး။ ကိုယ်က မင်းရည်းစားပါ၊ ကိုယ့်ထက်ပိုပြီး သူက အရေးကြီးနေလား"

"အဲဒီအတွက် ရှင်က မကျေနပ်ဖြစ်နေတာလား၊ ဒါနဲ့ပဲ ကျွန်မကို စိတ်မချဖြစ်နေတာလား။ ဒီ



အတွက် ရှင် ကျွန်မကို စေ့စပ်ထားချင်တာလား၊ ကောင်းပြီ၊ ဒါဆိုရင် ရှင့်ရဲ့စေ့စပ်မှုကိုလည်း လက်မခံဘူး၊ ကျွန်မရဲ့ရည်းစားအဖြစ်ကလည်း ရှင့်ကို စွန့်လွှတ်တယ်"

"ဘာ"

"ဟုတ်တယ်၊ နှစ်ခါမပြောချင်ဘူး ဒီလောက် သဘောထားသေးသိမ်ပြီး ကျွန်မကို အထင်သေး မယုံကြည်နိုင်တဲ့ယောကျ်ားကို ကျွန်မကလည်း အမြတ်တနိုးကိုးကွယ်မထားချင်ဘူး။ သွားပါ၊ ရှင် ကျွန်မနားက သွားပါ၊ ရှင့်ကို ကျွန်မ မမြင်ချင်မတွေ့ချင်တော့ဘူး"

ပြတ်ပြတ်သားသား ခါးခါးတူးတူးပြောချလိုက်သည်။

ဒေါသကြောင့် ရွှေပြည့်အိမ်၏ အသားတွေ တဆတ်ဆတ်တုန်နေသည်။

မထင်မှတ်ဘဲ သူ့ကို ပြင်းပြင်းထန်ထန်ပြောလိုက်သည့် ရွှေပြည့်အိမ်၏ သဘောထားကြောင့် မိုးဇေယံ၏ မကျေနပ်စိတ်တွေလည်း အထွဋ်အထိပ်ရောက်ကာ ပေါက်ကွဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်တာတုန်း၊ ဒီလောက်မှ အပြော မခံနိုင်ဘူးဆိုတာ၊ အနာပေါ်တုတ်ကျသွားတာကိုး၊ သဘောထားသေးသိမ်တယ်ဆိုတာ မင်းကိုချစ်မိလို့ကွ၊ ဒီလိုကိစ္စကို ဘယ်ယောကျ်ားမှ ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး၊ အေး ...မင်း ဒီလိုပြတ်သားတယ်ဆိုရင် ကိုယ့်ဘက်ကလည်း ပြတ်သားရမှာပေါ့၊ ကိုယ်သိတယ်၊ ဘာကြောင့် မစေ့စပ်ချင်ဘူးဆိုတာ၊ ရတယ်၊ မင်း မမြင်ချင်အောင် စိတ်နာသလို ကိုယ်လည်း မင်းကို စိတ်နာတယ်၊ စိတ်ချ၊ ကိုယ်ဘယ်တော့မှ မင်းဆီပြန်မလာဘူး၊ မမြင်မတွေ့ချင်တဲ့လူကို မမြင်စေရဘူး"

သူပြောပြောဆိုဆို အနီးမှထွက်ခွာသွားတာကို မကြည့်တော့ဘဲ ရှေ့ပြည့်အိမ် မျက်နှာလွှဲလိုက်သည်။

## ၂၇။

အချစ်ဆိုတာ ဘာလဲလို့မေးခဲ့ရင် ရင်ခုန်ခြင်းလား၊ သံယောဇဉ်ငြိတွယ်ခြင်းလားဆိုတာ သေချာခွဲခြား မပြောတတ်နိုင်အောင်ပါပဲ။

ကျွန်မဘဝမှာ အချစ်ကို လေးလေးနက်နက် မခွဲခြားတတ်၊ မခံယူတတ်ခဲ့လို့ ချစ်တယ်ထင်ပြီး ထားခဲ့တဲ့ရည်းစားဦးနဲ့ ကွဲခဲ့တာ ဘာများဆန်းလို့လဲနော်။

ကိုမိုးဝေယံဆိုတဲ့ လူတစ်ယောက်ကို စွဲစွဲနစ်နစ် မချစ်ခဲ့တာကြောင့် သူ ကျွန်မကိုထားပြီး ထွက်ခွာသွားတော့လည်း ကျွန်မမှာ ရင်နာရင်နင့်စွာ ခံစားရတဲ့ ဝေဒနာတွေ သိပ်ပြီးမဖြစ်ပေါ်ခဲ့တာ အမှန်ပါပဲ။

ဒါပေမယ့် ကျွန်မရဲ့ အမူအယာအသွင်အပြင်တွေဟာ အရင်လို မတက်ကြွဘဲ တည်ငြိမ်သွားတာကို

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်က ရည်းစားဦးနဲ့ ကွဲသွားတာမို့လို့လို့ ထင်ကြတယ်လေ။

အထူးသဖြင့် ကျွန်မသူငယ်ချင်း သီတာချို၊ အေးမိမိထွန်း၊ ခင်ကြည်ကြည်ကျော်၊ ငွေစင်ထွန်းတို့ကပေါ့။

ကျွန်မရင်ထဲမှာ ကိုမိုးနဲ့ ပတ်သက်ပြီး မုန်းတီးစိတ်လည်း မရှိဘူး။ နာကြည်းစိတ်လည်း မရှိဘူး။သူ့ကို လွမ်းခြင်းတမ်းတခြင်းတွေလည်း မဖြစ်မိဘူး။

အဲဒါ ကျွန်မတစ်ယောက်ပဲ သိတယ်။

ကိုမိုး မြန်မာနိုင်ငံက ထွက်ခွာသွားတာ ကျွန်မ သိတယ်။

ကျွန်မကို နှုတ်ဆက်မသွားသော်လည်း ကျွန်မ ဘယ်လိုမှ မဖြစ်ဘူး။

သူ့ကို ကျွန်မ ခွင့်လွှတ်ပါတယ်။

တစ်နှစ်ကြာမယ်လို့ ပြောထားတဲ့ကိုမိုးဟာ ဟိုမှာ တစ်နှစ်ကြာသလား။ နှစ်နှစ်ကြာသလား။ သူ ပြန်ရောက်လာသလားဆိုတာလည်း ကျွန်မ ဂရုမစိုက်ဘူး။

ဒါပေမယ့် ကျွန်မရင်ထဲမှာ နာကျင်ခြင်း၊ ကြေကွဲခြင်း၊ တမ်းတခြင်းတွေနဲ့ တစ်စုံတစ်ယောက်အတွက် ဆွေးမြည့်နေတာကတော့ အမှန်ပါပဲ။

အဲဒါကတော့ ကျွန်မရဲ့ အသည်းနှလုံးတစ်နေရာမှာ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်ငြိတွယ်နေတဲ့ တစ်စုံတစ်ယောက်ပါပဲ။

သူ ဘယ်သူလဲ။



www.burmeseclassic.com

www.burmeseclassic.com

၈

"ကလင် . . . ကလင် . . . ကလင်"

ရေးလက်စစာကိုရပ်ပြီး အနီးမှာမြည်နေသည့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟုတ်ကဲ့၊ အမိန့်ရှိပါရှင်"

"ပြည့်လား။ ငါ ငွေစင်ထွန်းပါဟဲ့၊ ဒီနေ့ သတင်းစာထဲမှာ နင့်ဝတ္ထုကြော်ငြာပါလာလို့ နင့်ကို သတိရပြီး ဖုန်းဆက်တာ"

"ဟင်း . . . သတင်းစာထဲ ကြော်ငြာပါလို့တဲ့ အဲဒီကြော်ငြာတွေ့မှ နင် ငါ့ကို သတိရတယ်ပေါ့ဟုတ်လား။ ငါနဲ့ အေးမိတို့ အမြဲတွေ့နေတာ၊ နင် တစ်ယောက်ပဲ အဝေးရောက်နေတာ"

ဘွဲ့ရပြီးသည်နှင့် ငွေစင်ထွန်းက ဒေါက်တာပြည့်ဟိန်းကျော်နှင့် လက်ထပ်ပြီး မြိတ်ဘက်သို့ ရောက်



သွားသည်မဟုတ်လား။

"အဝေးမှာဆိုပေမယ့် ငါ အမြဲသတိရနေပါတယ်နော်၊ သီတာချိုတစ်ယောက် ဂျပန်သွားမယ်ဆို၊ ဘယ်တော့သွားမှာလဲ"

"သွားဖို့လုပ်ထားတာပဲ၊ ရှေ့လလောက်မှ သွားဖြစ်မလား မသိဘူး၊ နင့်ကို ငါတို့ သတိရနေတာ၊ နေကောင်းရဲ့လား၊ ကလေးအမေဖြစ်တော့မယ်ဆို"

"ဟုတ်တယ်၊ အဲဒါကြောင့် ငါ ရန်ကုန်ပြန်လာမလို့၊ ဟိုမှာ နင့်ဝတ္ထုစာအုပ်တွေဖတ်ပြီး အလွမ်းဖြေနေရတယ်၊ ခုဆို နင့်ရဲ့ လုံးချင်းဝတ္ထု ငါးအုပ်မြောက်ထွက်ပြီးပြီနော်၊ ဖတ်လို့ကောင်းတယ်ဟဲ့၊ ငါတို့ကျောင်းတုန်းက အကြောင်းတွေ ထည့်ရေးထားတာ မဟုတ်လား။ နင် ဒီလိုအောင်မြင်မယ့် စာရေးဆရာမကြီးဖြစ်မယ်လို့ ငါဖြင့် ထင်တောင်မထင်ခဲ့ဘူး၊ နင့်စာအုပ်တွေကိုမိုးဝေယံဖတ်ဖြစ်ရင် ဘယ်လိုနေမလဲမသိဘူး"

"တော်ပါ၊ အဲဒီအကြောင်း ငါ စိတ်မဝင်စားဘူး၊ ငါ ခုလိုအောင်မြင်တာ ငါ့အဖေရယ်၊ ပြီးတော့ ဒီလို စာတွေရေးဖြစ်အောင် တိုက်တွန်းပြီး ငါ့စာအုပ်

www.burmeseclassic.com

www.burmeseclassic.com



တွေလှတာပတနဲ့ ထွက်လာအောင် ကြိုးစားလုပ်ကိုင် ထုတ်ဝေပေးတဲ့ အောင့်ကို ကျေးဇူးတင်ရမှာ''

''အောင်က ပတ်ပလစ်ရှာလုပ်နေတာပေါ့နော်''

''အင်း ... သူက ကျောင်းမပြီးခင်ကတည်းက သူ့အဖေနဲ့အတူ ပုံနှိပ်လုပ်ငန်းမှာ ဝင်ကူပေးနေတာ၊ အောင်က ကွန်ပျူတာဒီဇိုင်းလည်း ရတယ်လေ၊ ခုတော့ ထုတ်ဝေသူပါ ဖြစ်သွားတယ်''

''အောင် မိန်းမမယူသေးဘူးလား။ ရတနာနဲ့ သူရော ဘာဖြစ်သွားလဲ''

''မသိဘူး။ ရတနာရော သူရော ဒီအတိုင်းပဲရှိတယ်၊ ရတနာက သူ့မိဘတွေနဲ့အတူ ဩစတြေးလျ လိုက်သွားမယ်နဲ့တူတယ်''

''ဒါဆို အောင် ဆွေးကျန်ခဲ့မှာပေါ့''

''မသိဘူး။ အောင်ကတော့ အလုပ်ကိုပဲ အတင်း ကြိုးစားလုပ်နေတာ''

''ကဲ ... ဒါဆို အေးမိတို့ကို ပြောလိုက်နော်၊ ငါ ရွှေလဆန်း သုံးရက်နေ့ဆိုရင် ရန်ကုန်အိမ်ပြန်ရောက် နေပြီလို့ နင်တို့နဲ့ တွေ့ချင်သေးတယ်၊ ရန်ကုန်ရောက်တာ



နဲ့ ဖုန်းဆက်ပြီးချိန်းမယ်''

''ဟုတ်ပြီ၊ အဲဒီအကြောင်း ငါ အကုန်လုံးကို ပြောလိုက်မယ်''

''ဒါပဲနော်ပြည့်၊ ဖုန်းချလိုက်တော့မယ်''

တယ်လီဖုန်းကိုချပြီး ရွှေပြည့်အိမ် ပြုံးနေမိ၏။

ကျောင်းက နောက်ဆုံးနှစ်စာမေးပွဲ ပြီးသည်နှင့် ငွေစင်ထွန်းက မိဘပေးစားသော ဆရာဝန်ကိုယူပြီး မြိတ်သို့ပြောင်းသွား၏။

အေးမိက ဘွဲ့လွန်ဆက်တက်ရင်း အလုပ်ဝင် လုပ်နေသည်။

ခင်ကြည်ကြည်ကျော်က စာရင်းကိုင်သင်တန်း တက်သည်။

သီတာချိုကလည်း အလုပ်လုပ်ရင်းမှ ကလေး တွေကို အိမ်တိုင်ရာရောက်စာပြပေးသည့် အလုပ်ကို လုပ်နေသည်။

သူကတော့ စာရေးချင်သည့်စိတ် ပေါက်၍ စာရေးဖြစ်ရာမှ ယခုဆို လုံးချင်းဝတ္ထုငါးပုဒ်ပင် ထွက် နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးက တစ်ခါတလေ မထင်မှတ်တာတွေ ဖြစ်လာလို့ဖြစ်လာ၊ မဖြစ်ချင်တာဖြစ်၊ ဖြစ်ချင်တာလည်း မဖြစ်တတ်တာမျိုးပဲ။

အောင်ကတော့ ကျောင်းမပြီးခင်ကတည်းက စာပုံနှိပ်လုပ်ငန်းမှာ ဝင်ရောက်လုပ်ကိုင်ရင်း အောက်သက်ကျေစွာနှင့် ပုံနှိပ်လုပ်ငန်းရေး၊ ထုတ်ဝေသူအဖြစ်ပါ ကျွမ်းကျင်နေသည်။

အောင် ကျောင်းပြီးသောအခါ ပြည့်အဖေကလည်း အလုပ်မှ အနားယူချင်ပြီဖြစ်ရာ အောင့်ကိုပဲ သူ၏အလုပ်မှာ ဦးစီးလုပ်ဆောင်စေသည်။

မိုးဝေယံ နိုင်ငံခြားထွက်သွားပြီးကတည်းက ရွှေပြည့်အိမ်မှာ အချစ်နှင့်ပတ်သက်၍ မည်သူ့အားမှ မစဉ်းစားတော့ဘဲ စာများများဖတ်မိသည်။

စာဖတ်ကများတော့ စာရေးချင်လာသည်။ ရေးဖြစ်အောင် အားပေးကူညီတာက အောင်ပေါ့။

ထို့ကြောင့် ပြည့်ဘဝမှာ ဘယ်နေရာရောက်ရောက် ဘယ်လိုအခြေအနေမျိုးမှာပဲ ဖြစ်ဖြစ် အောင်က မပါရင်မဖြစ်၊ တစ်နေရာရာက အမြဲပါဝင်နေရသည့်



မဟုတ်လား။

"ပြည့် ... အောက်မှာ ကိုအောင်ရောက်နေတယ်"

မိစံက တံခါးခေါက်၍ အခန်းတံခါးဝမှာရပ်ပြီး ပြောသည်။

"အေး ... အေး၊ လာပြီ၊ အတော်ပဲ ဒီနေ့ ကတ်ကြေးကိုက်ကြော်ထားတယ် မဟုတ်လား။ အောင့်ကိုပါ ကျွေးရအောင်"

"အောက်မှာ ပြင်ထားပြီးပြီ"

မိစံက ရှေ့ကဆင်းသွား၏။

ရွှေပြည့်အိမ်က စာရေးစားပွဲမှထပြီး မှန်ခုံရှေ့သွားရပ်ကာ သူ့အရိပ်ကို ကြည့်သည်။

ဘွဲ့ရပြီးသွားပြီ။

စာရေးနေတဲ့အလုပ်ကို လုပ်၍ စာရေးဆရာမဖြစ်နေပြီလို့ အများကပြောကြသော်လည်း လူက အရင်လိုပဲ နုပျိုနေဆဲ။

အိမ်နေရင်းမို့ သနပ်ခါးရေကျဲလူးထားတာလေးပါးက ချွေးစို့ပြီး ကွက်တိကွက်ကျား ဖြစ်နေတာကို သုတ်ပတ်ဖြင့်

www.burmeseclassic.com



ညှိလိုက်သည်။

ကရင်ပတ်ဖ်ပါးပါးလေးရိုက်ပြီး ဆံပင်ကို ဘီးကျဲဖြင့် သုံးလေးခါ ဖြီးချလိုက်၏။

ပြီးမှ အောက်ထပ်သို့ ဆင်းလာသည်။

ချင်းမိုင်ရှန် အင်္ကျီအဝါလေးနှင့် အနက်မှာ အဝါပွင့်လေးတွေ ထိုးထားသော မာစရိုက်လုံချည်လေးကိုဝတ်ကာ လှေကားမှ သွက်သွက်ဆင်းလာသော ရွှေပြည့်အိမ်အား ဧည့်ခန်းပေါ်ရှိ ဆိုဖာပေါ်မှာထိုင်နေသော အောင်ချမ်းမွန်က ရယ်ပြုံး၍ ငေးကြည့်မိသည်။

ထဘီရှည်ရှည်လေး ဝတ်ထားသော်လည်း လှေကားကအဆင်းမို့ ခြေဖမိုးနှင့် ခြေကျင်းဝတ်တို့က မနီတရှိလေးပေါ်ကာ ခြေဖမိုးဖေါင်းဖေါင်းလေးက ဖွေးဖွေးလက်နေသည်မို့ မျက်စိက လွှဲမဖယ်ချင်ပဲ ငေးလျက်ကြည့်မိတာဖြစ်သည်။

"ဘာငေးနေတာလဲ အောင်ရဲ့၊ လူပဲ မမြင်ဖူးတာကျလို့"

"ဩော် . . . စာရေးဆရာမကြီးဖြစ်လည်း ငါ့သူငယ်ချင်းဟာ ကလေးလေးအမူအရာအတိုင်းပဲ၊



ဒါပေမယ့် လှေကားက ဆင်းလာတာတော့ အရင်လို ခုန်ပေါက်ပြေးမလာဘူး"

"နှင်ဟာလည်း၊ အရေးမကြီးတာကို အရေးကြီးသလိုလုပ် ပြောချင်လည်းပြောနေတာ၊ ဘာလဲ ခုလာတာ၊ ဘာကိစ္စလဲ"

"ရုံးတင်ထားတဲ့ ကျွန်မ၏အချစ်ဆုံးဆိုတဲ့ စာမူကျတဲ့အကြောင်း လာပြောတာ၊ ဘာမှပြင်စရာ မလိုဘူး၊ ပြီးတော့ ဖြန့်ချီရေးတိုက်က စာအုပ်ကို တိုးရိုက်ဖို့ပြောတဲ့အကြောင်း ဝမ်းသာစရာလာပြောတာ"

"ဟုတ်လား၊ ရုံးက ဘာမှပြင်စရာမလိုဘဲ စာမူခွင့်ပြုတာလည်း ဝမ်းသာတာပဲ၊ စောင်ရေတိုးရိုက်မယ်ဆိုလည်း ဝမ်းသာတာပဲ၊ အခုရုံးကနေလာတာဆိုတော့ ထမင်းလည်းစားရသေးမှာ မဟုတ်ဘူး၊ အိမ်မှာ ကတ်ကြေးကိုက်လုပ်တယ်၊ တစ်ခါတည်းစားသွား"

"အေးပါ . . . စားမှာပါ၊ ငါလည်း ဆာနေ တာနဲ့ အတော်ပဲ၊ မေမေက မနက်ကတည်းက ငါ့ကို ထမင်းကြိုရာမှာစားခဲ့၊ နေသိပ်မကောင်းလို့ ဟင်းမချက်ဘူး ပြောထားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ ဒါဆိုမေထားအတွက်ပါ ကပ်ကြေးကိုက်ပို့လိုက်ပါ။ ဦးကရော"

"ဖေဖေက ဘုန်းကြီးကျောင်းသွားစားမှာလေ"

"ဟုတ်တာပေါ့၊ အိမ်က ဖေကြီးလည်း ဒီနေ့ဘုန်းကြီးကျောင်းသွားမှာပဲဟာ၊ ကပ်ကြေးကိုက်က မေမေစားချင်တယ်ဆိုလို့ ကြော်ပေးတာ၊ ဟင်းနဲ့ ထမင်းစားရတာ ရိုးလို့တဲ့၊ မနက်က ပဲပြုပ်ချည်း ငါးဆယ်သားဝယ်ပြီးကြော်တာ"

"ဟင်... နင်တို့ ကပ်ကြေးကိုက်က သက်သတ်လွတ်လား"

အောင်ချမ်းမွန်က မေးသည်။

"ပုဇွန်နဲ့ကြော်တာပါဟဲ့၊ ပဲပြုတ်၊ ပဲပြား အကုန်ပါတယ်"

"အချဉ်က မုန်လာဥနဲ့လုပ်ထားတာ၊ စား ကြည့်၊ အဲဒါ ပြည့်ကိုယ်တိုင်လုပ်တာ"

မိစံက ပြောလိုက်သည်။



ကပ်ကြေးကိုက်ကို ဇွန်းဖြင့် တစ်ဇွန်းခပ်စားရပြီး တမြုံ့မြုံ့ဝါးရင်းမှ အောင်ချမ်းမွန်က ပြောသည်။

"ကောင်းတယ်၊ အဲဒါ ပြည့်ကြော်တာတော့ မဟုတ်ပါဘူးနော်"

"နင် ငါ့ကို အထင်သေးလိုက်တာ အောင်ရယ်၊ မနက်စောစောကပဲ ငါကိုယ်တိုင် ကြော်တာ၊ မေမေက ဒီမှာလည်းစား၊ ဆိုင်ကိုလည်း ယူသွားပြီ"

"ဟုတ်လား။ ပြည့် အတော့်ကိုဟုတ်နေတာ၊ ထမင်းဟင်းချက်လည်းကျွမ်း။ စာရေးကလည်း ကောင်း၊ နောက်ဘာလိုသေးလဲ"

"ဘာမှမလိုဘူး"

"အင်း ... ယောကျ်ားယူမယ်ဆိုရင် ယူလို့ရပြီ"

"ငါက ယောကျ်ားတစ်ယောက်ရဖို့အတွက် ထမင်းဟင်းချက်သင်ထားတာ မဟုတ်ဘူးနော်၊ အောင်"

အောင်ချမ်းမွန်ရယ်ရင်းမှ ကပ်ကြေးကိုက်ကို အားရပါးရစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နောက်ထပ်ပိုပြီး ဝမ်းသာစရာပြောစရာ ရှိသေးတယ်"

"ဘာလဲ"

"စားပြီးမှပြောမယ်၊ ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား မသိလို့"

"အောင်နော်၊ နင် အကျင့်ယုတ်ပြီ၊ ငါ သိပ်သိချင်တယ်မှတ်လို့လား၊ ရတယ်၊ အေးအေးဆေးဆေး စားပြီးမှပြော"

သူ သိပ်ကြားချင်မှန်းသိလေ အောင်ချမ်းမွှန် အိုက်တင်ခံလေဖြစ်မှာမို့ အေးအေးပဲနေလိုက်၏။

ငယ်စဉ်ကလို စိတ်တိုစိတ်ဆတ်၊ ဒိုးဒိုးဒေါက်ဒေါက် ပြောဆိုလုပ်ကိုင်တာမျိုးတွေ ရွှေပြည့်အိမ်မှာ မရှိသလောက်ဖြစ်သွားသည်။

တည်ငြိမ်အေးဆေးစွာ နေတတ်သွားတာက လူကြီးဆန်တယ်လို့ ပြောရမလား။

စားပြီးသွား၍ ရေခဲသေတ္တာထဲမှရေကို အောင်ချမ်းမွှန် သောက်နေသည်။



"ပြီးရင်၊ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်မြည်းရအောင်၊ ထမင်းစားပြီးရင် လက်ဖက်ကလေး တစ်ရိုးနှစ်ရိုးစားရမှ ခံတွင်းရှင်းတယ်သိလား၊ အကျင့်ပါနေပြီ"

ညှိခန်းထဲတွင် ရေနွေးကြမ်းနဲ့ လက်ဖက်အုပ်က အဆင်သင့်ဖြစ်နေပြီ။

လက်ဖက်အုပ်ထဲတွင် ဆီရွှဲရွှဲနှင့်နှပ်ထားသော လက်ဖက်၊ ပြီးတော့ ကြက်သွန်ကြော်၊ နှမ်း၊ မြေပဲ၊ ပုဇွန်ခြောက်တို့ကို တစ်ပုံစီပုံထားသည်။

"လက်ဖက်စားလေ၊ အောင်ပြီးတော့ ဘာပြောစရာကျန်လဲ ပြော"

အောင်ချမ်းမွှန်က ခေါင်းညိတ်ပြပြီး လက်ဖက်ကို ဇွန်းသေးသေးကလေးနှင့်ယူ၍ စားလိုက်ပြီး၊ ပြီးမှ နှမ်း၊ ကြက်သွန်ကြော်တို့ကို ခပ်စားသည်။

အကြမ်းပန်းကန်လုံးထဲတို့ ရေနွေးကြမ်းထည့် ပြီး ရွှေပြည့်အိမ်က မေးလိုက်၏။

"ပြည့် . . . ငါပြောရင် စိတ်မဆိုးနဲ့"

"ဘာလဲ"

"ဟို၊ ကိုမိုးဝေယံ ပြန်ရောက်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ဘာမှမဖြစ်သလို အေးတိအေးစက်အမူအရာဖြင့် ပြည့် တည်ငြိမ်စွာရှိနေပုံကို သူ အံ့သြတွေဝေသွားဟန်။

"သူ မိန်းမမရသေးဘူး။ ငါနဲ့တွေ့ခဲ့တယ်၊ ပြည့်ကိုလည်း မေးနေတယ်"

"အဲဒါဘာဖြစ်လဲ၊ ဘာလုပ်ရမှာလဲ"

"ပြည့်ဝတ္ထုတွေ ရေးတဲ့အကြောင်းလည်း ပြောလိုက်တယ်၊ ပြည့်ရေးတဲ့စာတွေ ဖတ်ချင်တယ်ဆိုလို့ လုံးချင်းဝတ္ထုတွေ ကားပေါ်မှာလည်း အဆင်သင့်ပါလာလို့ ပေးလိုက်တယ်"

အောင်ချမ်းမွန်က တက်တက်ကြွကြွပြောနေသလောက် ရွှေပြည့်အိမ်က မတုန်မလှုပ်။

"သူကြည့်ရတာ နင့်အပေါ် စိတ်မကုန်သေးဘူး။ သူ ပြည့်ဆီလာမယ်၊ ဖုန်းလည်းဆက်မယ်လို့ ပြောတယ်"

"သူနဲ့ပတ်သက်ပြီး တို့ရင်ထဲမှာ ဘာမှမရှိတော့ဘူး။ နောက်ကို အဲဒီအကြောင်းတွေ မပြောစမ်းပါနဲ့ဟာ"

ပြည့်က မပြောနဲ့ဆိုသောအခါ အောင်ချမ်းမွန်



ဘာမှဆက်မပြောဝံ့ရှာတော့ပေ။

အဲသည်လောက်အထိ ပြည့်အပေါ်မှာ အလိုလိုက်ပေးတတ်တာလေ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၄။

''သမီး၊ ဒီလထဲမှာ သမီးအသက်နှစ်ဆယ့်လေးနှစ်ပြည့်မယ်နော်''

''ဟုတ်တယ်မေမေ၊ ဒီတစ်ခါကျရင် မွေးနေ့ပွဲကို အိမ်မှာလည်းလုပ်မယ်၊ ပြီးတော့ သမီးစာမူခနဲ့ ဘိုးဘွားရိပ်သာ၊ သံဃာ့ဆေးရုံ၊ မိဘမဲ့ကလေးထိန်းကျောင်းတို့ကိုလှူမယ်''

''သမီးလုပ်ချင်တာလုပ်လေ၊ မေမေပြောချင်တာရှိလို့ အလေးအနက်ထားပြီး နားထောင်၊ ဖေဖေနဲ့ မေမေ ဒီကိစ္စကို တိုင်ပင်ပြီးမှပြောတာ''

မေမေ့အမူအရာကိုကြည့်ပြီး ရွှေပြည့်အိမ် ရင်ထိတ်သွားသည်။

''ဘာကိုလဲမေမေ''



''သမီးကို အိမ်ထောင်ပြုစေချင်လို့ ဒီမွေးနေ့မှာပဲ စေ့စပ်လိုက်မယ်''

''ဘယ်သူက သမီးကို စေ့စပ်ချင်တာလဲ''

''ဘယ်သူလို့ထင်လဲ''

''မသိဘူးလေ၊ သမီးကတော့ စာရေးတဲ့ အလုပ်ကိုချစ်တယ်၊ ပြီးတော့ သည်မြေမှာမွေး သည်မြေမှာကြီးတဲ့သူဆိုတော့ မကြီးတို့လို နိုင်ငံခြားသွားပြီး နေထိုင်ရမှာမျိုးဆိုရင်တော့ သမီး အဲဒီလူကို လုံးဝမယူဘူးနော်''

မေမေ့ကို ပြတ်ပြတ်သားသားပင် ပြောလိုက်၏။

''အေးပါတော်၊ မေမေကလည်း သမီးကြီးကို ခွဲရလို့ နှမြောလိုက်တာမှ သမီးငယ်ကိုတော့ မေမေတို့နဲ့ ဥမကွဲသိုက်မပျက် နေနိုင်မယ့်လူမျိုးကိုပဲ ရွေးထားတယ်၊ သူ့ဘက်ကလည်း သမီးကို မေတ္တာရှိတယ်''

''သမီးကို မေတ္တာရှိတယ်၊ ဟုတ်လား''

''အင်း''

''ဘယ်သူများပါလိမ့်မေမေရယ်''

''အောင်ရယ်ပေါ့ သမီးရယ်''

''အောင်''

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"အောင်က မေတ္တာရှိတယ်၊ ဟုတ်ရဲ့လား"

"မေထားကရော အောင်ကရော ဒီကိစ္စ အရမ်းဝမ်းသာနေတာ၊ အောင့်အဖေဆိုတာက သမီးအဖေနဲ့ ညီအစ်ကိုလိုပဲ၊ မေမေ့တို့ လုပ်ငန်းတွေကို တိုးပွားအောင်၊ စီးပွားဖြစ်အောင် လုပ်ပေးခဲ့တဲ့သူ၊ အောင်က အခုဆက်ပြီး လုပ်ကိုင်ပေးနေတာ၊ အောင်နဲ့ကျမှ စာပုံနှိပ်စက်ရော၊ ကွန်ပျူတာရော၊ ထုတ်ဝေသူရော ဘက်စုံတိုးတက်လာတာ၊ လူကြီးတွေစီစဉ်မယ့်ကိစ္စကို အောင်က လက်ခံတယ်၊ သမီးသဘောကရော"

"သမီးက အောင့်ကို စွေးနွေးရဦးမယ်"

"အေးပါ၊ ဆွေးနွေးပါ၊ သမီးတို့ချင်းညှိပါ"

ဒေါ်ကြည်ကြည်ဆွေ ခပ်အေးအေးပင်ပြော၍ အနားမှထွက်သွား၏။

ကြားရတဲ့စကား ဟုတ်ပါ့မလားလို့ ရင်ခုန်စွာ တွေးရင်းမှ ပြည့် ငိုချင်လာသည်။

မနေ့တနေ့ကပဲ မိုးဝေယံအကြောင်း အောင် ပြောခဲ့တာမဟုတ်လား။



တကယ်တော့ မိုးဝေယံနှင့် ပြတ်သွားခဲ့သည့် ကိစ္စအကြောင်းရင်းကို အမှန်အတိုင်း ပြည့် ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့သည်မဟုတ်။

ပြည့်ရင်ထဲမှာ ရှိနေတဲ့ တစ်ယောက်သည် အောင်ဆိုတာ ပြည့်ကိုယ်တိုင်ပင် နောက်မှ အံ့ဩစွာ သိရတာမဟုတ်လား။

"ပြည့်"

"ဟင်"

ရုတ်တရက် အနားကပ်၍ ခေါ်သံကြောင့် ပြည့် ရုက်လန့်တုန်လှုပ်သွား၏။

"ဘာတွေစဉ်းစားနေလဲ"

အောင်ချမ်းမွန်က မေးသည်။

"သြော်.. ကိုမိုးအကြောင်းပါ"

"ကိုမိုးဝေယံကို သတိရနေတာလား"

"ဟင့်အင်း၊ တစ်နေ့က အောင်က သူ့အကြောင်းပြောတာကို၊ သူနဲ့တို့ ဘယ်လိုပြတ်သွားလဲဆိုတာ အောင် မသိသေးဘူးမဟုတ်လား"

"သိပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟိုနေ့ကပဲ ကိုမိုးဝေယံပြောပြတာ၊ သူမှား သွားပြီတဲ့၊ အဲဒီအတွက် သူ စိတ်မကောင်းလည်း ဖြစ် နေတယ်"

"အခုဘာလဲ၊ ကိုမိုးနဲ့ ပြန်ဆက်သွယ်စေချင်လို့ ပြောနေတာလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ"

"ဟို ...ပြည့်က ဆွေးနွေးချင်တယ်ဆို၊ ကြီးဆွေပြောလိုက်လို့"

"ဪ"

ရွှေပြည့်အိမ်က သူ့မျက်နှာကို စူးစိုက်ကြည့် လိုက်၏။

အောင်ချမ်းမွန် လုပစွာ ပြုံးနေသည်။

"မေမေပြောတဲ့အကြောင်း၊ ဟုတ်တယ်၊ အောင် က လူကြီးတွေစကားကို နားထောင်မယ်ပေါ့"

"လူကြီးတွေ မစီစဉ်လည်း ပြည့်ကို ကိုယ်က စပြီးတောင်းမလို့ပါ"



"ဟင်...ရတနာက ဘယ်မှာသွားထားမလဲ"

"သေတ္တာထဲသိမ်းထားပေါ့၊ ဟဲ...ဟဲ၊ နောက် တာပါ၊ ရတနာက ကိုယ်နဲ့ဘာမှမဆိုင်ဘူး"

"ဘယ်နှယ့် မဆိုင်ရမှာလဲ"

"ဟုတ်တယ်၊ အဲဒီအကြောင်း မေမေတောင် သိတယ်၊ ရတနာ့ကို အတင်းလိုက်နေတဲ့ ကိုလင်း ကြောင့်၊ ရတနာ အကူအညီတောင်းလို့ သူ့ရည်းစား ဟန်ဆောင်ပေးရတာ၊ ပြည့်က တကယ်ထင်နေတာကိုး"

ရွှေပြည့်အိမ်ရင်ထဲမှာ အေးသွား၏။

သူ တကယ်ပြောနေတာလား။

"ခုတော့ ရတနာလည်း သူ့စိတ်ကြိုက် တစ်ယောက် ရှာတွေ့သွားပြီ၊ တကယ်ပြောတာ၊ ရတနာ နဲ့တို့ ဘာမှမဖြစ်ခဲ့ဘူး။ တို့က ပြည့်ကို အားနာလို့၊ လူကြီး တွေရဲ့ ကျေးဇူးတွေကို ထောက်ထားပြီး ပြည့်ကို မောင်နှမ လိုချစ်ဖို့ပဲ ကြိုးစားခဲ့တာပါ၊ ဒါပေမယ့် တို့ရင်ထဲရဲ့ အနက်ရှိုင်းဆုံးတစ်နေရာမှာ ပြည့် တစ်ယောက်ပဲရှိနေ တယ်"

"တကယ်"

www.burmeseclassic.com

www.burmeseclassic.com



ရွှေပြည့်အိမ်၏မျက်လုံးလေးတွေ ဝင်းလက်လာသည်။

အချစ်၏စွမ်းအားသည် အံ့ဩဖို့ ဘယ်လောက်ကောင်းလဲ။

ပြည့်မှာ ခွန်အားတွေအလိုလို တိုးပွားလာသလိုပင်။

"ပြည့်ကိုချစ်တယ်၊ ပြီးတော့ ပိုင်ဆိုင်ချင်တယ်၊ ပြည့်ဘဝရဲ့အဖော်အဖြစ်နဲ့နေပြီး ပြည့်ကို တစ်သက်လုံး စောင့်ရှောက်ချင်တယ်၊ အဲဒါ တို့ရင်ထဲအနက်ရှိုင်းဆုံး တစ်နေရာကနေ တောင်းဆိုလိုက်တာပဲ"

ပြည့် နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာ၏။

ဟုတ်ပါ့မလား။

ကြားရတဲ့စကားတွေကို ပြည့်နားက ချိုလိုက်တာမှကွယ်။

"ပြည့်ကရော"

"အောင့်ကို သိပ်မုန်းတယ်"

"ဟင်"

မထင်မှတ်သောစကားမို့ အောင်ချမ်းမွန် အံ့ဩ



တုန်လှုပ်သွားသည်။

"ဘာလို့ဒီလောက် မုန်းရတာလဲဟင်"

"ခုမှဒီစကားပြောလို့"

"ဟင်"

"ရှင့်ကို ဒီလိုပြောစေချင်တာ ဟိုးအရင်ကတည်းက၊ အဲဒီတုန်းက ဘာလို့မပြောလဲ"

သူ ရယ်၏။

"ငယ်သေးလို့"

"သွားပါ"

"မသွားချင်ပါဘူး၊ ပြည့်အနားမှာပဲ နေချင်တယ်"

ပြည့် မျက်စောင်းထိုးလိုက်၏။

ပြည့် ဘာလုပ်လုပ် ဘာမဆိုလိုက်လျောပေးတတ်သည့် သူ့အမူအယာတွေကို ပြည့် အရမ်းချစ်နေတတ်တာမဟုတ်လား။

"နော် ပြည့်"

"ရှင့်ကို ဒဏ်ပေးရမယ်"

"ဘယ်လိုပေးမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မသေးမှာ အမြဲနေပြီး ကျွန်မဘဝရဲ့ ကိုယ်ရံတော်လုပ်"

"ပြည့်ရယ်"

တကယ်တော့လည်း ခုမှပင် ပြည့်နှင့်အောင် တို့ဆရာတော် အနက်ရှိုင်းဆုံးတစ်နေရာမှ အချစ်တို့ ပေါက်ကွဲသည့်အချိန်လို့ ဆိုရမလားဟင်။

ရှင်လန်းချမ်းမြေ့ပါစေ။

တက္ကသိုလ် ယဉ်ယဉ်လဲ့

www.burmeseclassic.com